# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ - ၁၇၂)


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၀၆)


# နိုင်ငံတကာတွင် ဆရာများ၏ တန်ဖိုး၊ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းများအား လေးစားမှုကို တွေ့မြင်ရ

**နေပြည်တော် အောက်တိုဘာ ၅**

တိုင်းပြည်၏ လိုအပ်ချက်ဖြစ်သည့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော နှလုံးရည်၊ လက်ရုံးရည်နှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ပေါ်ထွန်းလာစေရန် စွမ်းဆောင်ပေးနိုင်သူများမှာ ဆရာများပင်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားခဲ့သည်။

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ ကျင်းပစဉ် ဒုတိယသမ္မတ ဦးမြင့်ဆွေက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆရာများသည် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စိတ်ဓာတ်အပြည့်နှင့် ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်းနှင့် ပညာသင်ယူလေ့ကျင့်မှုကောင်းများ အစဉ်မြင့်မားနေစေရန် ပခုံးပြောင်း ပြုစုပျိုးထောင်သင်ကြားပေးနေသည့် ဆရာများ၏ ဂုဏ်သိက္ခာ၊ တန်ဖိုး၊ အဆင့်အတန်းနှင့် ကျေးဇူးတို့ကို ပိုမိုမြင့်မားနေရန်အတွက် အောက်တိုဘာ ၅ ရက်ကို ကမ္ဘာ့ဆရာများနေ့အဖြစ် နိုင်ငံတကာက အသိအမှတ်ပြုပြီးနောက် ၁၉၉၄ ခုနှစ်မှစတင်ကာ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားများကို နိုင်ငံအသီးသီး၌ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း ပြောကြားသည်။

ယခုနှစ် ကမ္ဘာ့ဆရာများနေ့ဆောင်ပုဒ်ဖြစ်သည့် "ဆရာများကို တန်ဖိုးထားလို့ သူတို့အဆင့်အတန်းကို မြှင့်တင်စို့" (Valuing Teachers, Improving Their Status) ဆောင်ပုဒ်၏အနှစ်သာရကို ကြည့်မည်ဆိုပါက နိုင်ငံတကာတွင်လည်း ဆရာများ၏ တန်ဖိုး၊ ဆရာများ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းများအား ပိုမိုလေးစားတန်ဖိုးထားသည်ကို အထင်အရှား တွေ့မြင်ရမည်ဖြစ်ကြောင်း၊ တပည့်များ၏အရည်အသွေးသည် ဆရာများအပေါ် များစွာတည်မှီလျက်ရှိသည့်အတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ■

**ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ခြင်း၊ လေ့လာရေးစေလွှတ်ခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်စေခြင်း စသည့် ဆရာ ဆရာမများ၏ အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို အလေးပေး ဆောင်ရွက်လျက်ရှိ**

## လယ်ဧက ၆၀ အကျိုးပြုနေသည့် အိုင်မရိုးတစ်ဖက်ဆည်ကန် ကျိုးပေါက်

စာမျက်နှာ - ၈

## ပထမဆုံး အချမ်းသာဆုံးနေရာတွင် ၂၃ နှစ်ဆက်တိုက် ဘီလ်ဂိတ်ရပ်တည်နေကြောင်း ဖောဘ်မဂ္ဂဇင်းတွင် ဖော်ပြ

စာမျက်နှာ - ၁၀

## အမေရိကန်-ဖိလစ်ပိုင် ဆက်ဆံရေးတစ်ခန်းရပ်ပြီလား

စာမျက်နှာ - ၁၁

## MMA ကစားသမား အောင်လအန်ဆန် ကလေးသူငယ်များနှင့် တွေ့ဆုံ

စာမျက်နှာ - ၁၄



# မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း တည်ငြိမ်နိုင်ပြီး သုံးနှစ်အတွင်း ကြံ့ကြံ့ခံနိုင်မည့်အနေအထားဟု ကမ္ဘာ့ဘဏ်ခန့်မှန်း

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး၊ World Bank**

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံများ၌ စီးပွားရေးတိုးတက်မှုနှုန်းများသည် ဆက်လက်တည်ငြိမ်နိုင်ကြောင်းနှင့် သုံးနှစ်အတွင်း ကြံ့ကြံ့ခံနိုင်မည့် အနေအထားမျိုးတွင် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။

သို့သော် ဒေသ၏ စီးပွားရေးတိုးတက်မှုနှုန်းကို နှောင့်ယှက်မည့် အန္တရာယ်အလားအလာများလည်း သိသိသာသာရှိနေဆဲဖြစ်ပြီး ဒေသတွင်းရှိ နိုင်ငံများအနေဖြင့် ဘဏ္ဍာရေးနှင့် ငွေကြေးပိုင်းအားနည်းချက်များကို လျှော့ချနိုင်မည့်အစီအမံများ လုပ်ဆောင်သင့်ကြောင်း၊ ရေရှည်ကာလအထိ ဆင်းရဲချမ်းသာမရွေး လူတိုင်းအကျိုးခံစားနိုင်မည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ဖြစ်ပေါ်နေစေရန် နိုင်ငံများအနေဖြင့် အခြေခံအဆောက်အအုံ လိုအပ်ချက်မြင့်မားနေမှု၊ အာဟာရချို့တဲ့မှုနှင့် အလုံးစုံပါဝင်နိုင်သည့် ငွေရေးကြေးရေးစနစ်ဖော်ဆောင်နိုင်ရေး စသည့် ကဏ္ဍများတွင် ရင်ဆိုင်နေရသည့် အခက်အခဲအတားအဆီးများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း

*စာမျက်နှာ ၁၂ ကော်လံ ၁* ❀




မြန်မာ့အလင်း

# ထွေးပွေ့ကြိုဆိုရမည့် စိတ်ကူးအကြံဉာဏ်သစ်များ

အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုတို့ကို ရုပ်သိမ်းလိုက်ပြီဖြစ်၍ အခြေခံအားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားတစ်ရပ်ကို ဖယ်ရှားရှင်းလင်းနိုင်ပြီ ဖြစ်ပါသည်။ မကြာမီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် စီးပွားရေးမူဝါဒတို့သည်လည်း ထွက်ပေါ်လာတော့မည်ဖြစ်၍ အခြေခံကောင်းတို့ကို ရရှိတော့မည်ဖြစ်ပါသည်။ အရေးကြီးသည်မှာ ဤအခြေခံကောင်း၊ အခွင့်အလမ်းကောင်းတို့ကို တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် စနစ်တကျ အသုံးချနိုင်ရေးဖြစ်ပါသည်။ ဤသို့ စနစ်တကျ အသုံးချနိုင်ရေးနည်းတူ အရေးကြီးသည်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးပေးနိုင်မည့် အကြံဉာဏ်ကောင်းတို့ကို ဖန်တီးရှာဖွေအသုံးချနိုင်ရေး ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးအပေါ် အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်၍ တန်ဖိုးမြှင့်လယ်ယာစိုက်ပျိုးရေး ပို့ကုန်အမယ်သစ်များ ဖန်တီးထုတ်လုပ်တင်ပို့ရေးသည် ဖြစ်နိုင်ခြေရှိသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးလမ်းကြောင်း အလားအလာများကို နားလည်သော ပုဂ္ဂိုလ်များနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များက ဖြစ်နိုင်ခြေရှိသော ပို့ကုန်အမယ်သစ်တို့ကို အကြံပြုတင်ပြသင့်ပါသည်။ ဤကဲ့သို့ ဖြစ်နိုင်ခြေရှိသော အကြံဉာဏ်သစ်တို့ကို စုစည်း၍ လက်တွေ့အကောင်အထည်ဖော်၍ ရ/မရကို သုံးသပ်ပြီး အလားအလာရှိသော ပို့ကုန်အမယ်သစ်တို့ စာရင်းကို တာဝန်ယူပြုစုထုတ်ပြန်ပေးမည့် အဖွဲ့အစည်းတစ်ရပ်ရှိပါက ပိုမိုပြည့်စုံကောင်းမွန်မည်ဟု ယူဆပါသည်။ လက်ရှိပို့ကုန်တို့ကို အရည်အသွေးနှင့် တန်ဖိုးမြှင့်တင်ပေးနိုင်မည့် နည်းလမ်းတို့သည်လည်း လေးလေးနက်နက် လေ့လာသုံးသပ် အကောင်အထည်ဖော်သင့်သော ကိစ္စရပ်များ ဖြစ်ပါသည်။

နိုင်ငံတကာ စီးပွားရေးလုပ်ငန်းစနစ်တို့နှင့် ရင်းနှီးကျွမ်းဝင်သော ပညာရှင်တစ်ဦးက နိုင်ငံတကာဘဏ္ဍာရေးဈေးကွက်မှ ချေးငွေတို့ကို ရယူ၍ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးကို ရဲရဲဝံ့ဝံ့ဆောင်ရွက်ရန် အကြံပြုသည်ကို မှတ်သားအပ်ပါသည်။ ဤပညာရှင်၏ စိတ်ကူးအကြံဉာဏ်သည် နိုင်ငံတော်၊ ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်နှင့် နိုင်ငံတကာအဖွဲ့အစည်း(သို့မဟုတ်) ကုမ္ပဏီတို့ လက်တွဲပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါသည်။ ထိုကဲ့သို့သော လက်တွဲပူးပေါင်းဆောင်ရွက်မှုကို တောင်သူလယ်သမားအများစု အကျိုးခံစားခွင့်ရရှိရေးဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်ရန်ဖြစ်ပါသည်။ တချို့သော ပုဂ္ဂိုလ်တို့က မြန်မာနိုင်ငံ၌ ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့ မအောင်မြင်နိုင်ဟု ပြောဆိုသုံးသပ်ကြပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၌ ဆောင်ရွက်ခဲ့သော ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့နှင့် နိုင်ငံတကာ ကန်ထရိုက်လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတို့အား နှိုင်းယှဉ်သုံးသပ်ခြင်းဖြင့် မြန်မာနိုင်ငံတွင် ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သင့်/မသင့် ကို သုံးသပ်သင့်ပါသည်။ တစ်ဖန် တိုင်းပြည်အတွင်း တည်ရှိပြီးဖြစ်သော အလားအလာအခွင့်အလမ်းတို့အသုံးချနိုင်ရေးကိုလည်း လေ့လာသုံးသပ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် ပြောင်းဖူးစေ့ အသစ်ပေါ်ချိန် ဈေးကျနေခြင်းကို ဆွေးနွေးတင်ပြလိုပါသည်။ မြန်မာပြောင်းဖူးစေ့တင်ပို့ရာ တရုတ်နိုင်ငံ၌ အစိုးရက မြန်မာပြောင်းဖူးများကို ဖမ်းဆီးနေသောကြောင့် ဤသို့ ဈေးကျနေခြင်းဖြစ်ပါသည်။ ဤသို့သော အခြေအနေမျိုး၌ တောင်တွင်းကြီးမြို့နယ်ရှိပြောင်းဖူးစက်ရုံကို အသုံးချခြင်းဖြင့် တောင်သူလယ်သမားများ အရှုံးသက်သာနိုင်ခြေ ရှိ/မရှိ လေ့လာသုံးသပ်သင့်ပါသည်။ တင်ပြလိုသည်မှာ ပကတိအခြေအနေကို သုံးသပ်၍ အကြံဉာဏ်သစ်များနှင့်တကွ လက်တွေ့ဆောင်ရွက်နိုင်ခြေရှိသော နည်းလမ်းအားလုံးတို့ကို သုံးသပ်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ချုပ်၍တင်ပြရပါက စိတ်ကူးအကြံဉာဏ်သစ်တို့သည် တိုင်းပြည်စီးပွားရေးကို မြှင့်တင်နိုင်သည်ဖြစ်၍ နွေးနွေးထွေးထွေး ကြိုဆိုလက်ခံသုံးသပ် အကောင်အထည်ဖော်ရန် အကြံပြုတင်ပြလိုခြင်းဖြစ်ပါသည်။ ။



## မှုခင်းကျဆင်းရေး လှုတော၌ဟောပြော

**ဝက်လက် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လှုတောကျေးရွာတွင် မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် လှုတောရဲစခန်းမှ စခန်းမှူးရဲအုပ်ရဲညွန့်က ယခုလက်ရှိဖြစ်ပွားနေသော မှုခင်းများအကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ ပြစ်မှု ပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ကျေးလက်နေပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **နန်းမြင့်(ဝက်လက်)**

## နောင်ချိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ ဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲနိုင်ရန် သင်တန်းများဖွင့်

**နောင်ချို အောက်တိုဘာ ၅**

နောင်ချိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၅ အုပ်စုအတွင်းရှိ ကျေးရွာများတွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Village Development Plan) ရေးဆွဲနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စီမံကိန်း Planner တို့ ပူးပေါင်းပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲခြင်း သင်တန်းများကို အောက်တိုဘာ ၄ ရက်က စတင်၍ အပတ်စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုတစ်ပတ်တွင် သရက်ကုန်းကျေးရွာအုပ်စုမှ ကျေးရွာ ကိုးရွာ၊ သံဘိုအုပ်စုမှ ကျေးရွာရှစ်ရွာ၊ သင်တန်းသား ၃၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သော စီမံချက်များရေးဆွဲခြင်းအားဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် ဆင်းရဲနွမ်းပါးမှုကို အမြန်ဆုံးလျှော့ချဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

## မချမ်းဘောမြို့၌ ကျောင်းဆောင်သစ်ဆောက်လုပ်

**မချမ်းဘော အောက်တိုဘာ ၅**

ကချင်ပြည်နယ် မချမ်းဘောမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းနှင့်တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြသည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုးအုတ်ညှပ် တစ်ထပ် အဆောက်အအုံဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းအောင်**

## အိမ်သုံးရေဆိုးများ လမ်းမပေါ်ရောက်နေ၍ လမ်းများပျက်စီးနေ

**န္တားထိုးကြီး အောက်တိုဘာ ၅**

န္တားထိုးကြီးမြို့သည် လိပ်ကုန်းပေါ်တည်ထားသော အညာမြို့လေးဖြစ်၍ မိုးများသော်လည်း ရေမတင်သော မြို့လေးဖြစ်သည်။ သို့သော်လည်း လူနေအိမ်များမှ ရေဆိုးရေညစ်များထုတ်နေ၍ လမ်းပေါ်ရေဆိုးများ စီးဆင်းနေပြီး လမ်းများပျက်စီးနေသည်။

မြို့၏အဓိက လူအများဆုံးသွားလာနေရာ အောင်ဆန်းလမ်းမပေါ်တွင် နေ့ရောညပါ ရေများစီးဆင်းနေပြီး လမ်းပျက်စီးမှုများဖြစ်လာသည်။ ရေဆိုးထုတ်မြောင်းမရှိသဖြင့် အိမ်သုံးရေများ ယခုလို လမ်းမပေါ်သို့စီးဆင်းခြင်းဖြစ်ကြောင်း သိရ သည်။

ထိုသို့ လမ်းပျက် လမ်းပေါက်ခြင်းကြောင့် လမ်းသွားလမ်းလာများ၊ ယာဉ်မောင်းများမှာ လမ်းကောင်းရွေးမောင်းနေသော်လည်း ယာဉ်အန္တရာယ် စိုးရိမ်နေရသည်။ လမ်းသွား လာမှု အဆင်ပြေစေရန် သက်ဆိုင်ရာမှ ရေဆိုးထုတ်ခြင်း တားမြစ်ပေးရန်၊ လမ်းပေါက် လမ်းပဲ့များဖာထေးပေးရန် မြို့နေပြည်သူများက လိုလားနေကြောင်း သိရသည်။

**ဌေးမြင့်မောင်**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၅-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၁၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၇ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၈ ・ ၈၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ ・ ၇၇၃ |
| တရုတ် | တစ်ယွမ် | ၁၈၈ ・ ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ ・ ၃၂ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၃၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

■ *ရှေ့စာမျက်နှာမှ*

ဆရာများ၏ အရည်အသွေးမြင့် မားရေးသည်လည်း အရေးကြီးလှပါကြောင်း၊ ဆရာများအတွက် မွမ်းမံသင်တန်းများ၊ ဆင့်ပွားသင်တန်းများဖွင့်လှစ်ပို့ချပေးခြင်း၊ ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ခြင်း၊ လေ့လာရေးစေလွှတ်ခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်စေခြင်း စသည့် ဆရာ ဆရာမများ၏ အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် တာဝန်ကျရာ ရပ်ရွာဒေသအလိုက် ပညာရေးလုပ်ငန်းတာဝန်များကို အရည်အချင်းပြည့်မီစွာဖြင့် စွမ်းစွမ်းတမံ ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဆရာ ဆရာမများ၊ ဆောင်ရွက်လျက်ရှိကြသည့် ဆရာ ဆရာမများနှင့် လိုအပ်ချက်အရ ဖြည့်ဆည်းခန့်ထားရန်ရှိသည့် ဆရာ ဆရာမများအားလုံးကို အထူးပင်တန်ဖိုးထားပါကြောင်းနှင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ဆရာ ဆရာမများ၏ အဆင့်အတန်းမြင့်မားရေးအတွက် ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ဒုတိယသမ္မတက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ဒေါက်တာကြည်ရွှင်က ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သည့်စုပေါင်းသဝဏ်လွှာကိုဖတ်ကြားပြီး ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာ၊ ဆရာမများ၏ ဆောင်ရွက်မှုမှတ်တမ်းအကျဉ်းချုပ်ကို တင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်တို့က ၂၀၁၆ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုဆုချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာ မျိုးသိမ်းကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းနှင့် တာဝန်ရှိသူများက ထူးချွန်ဆရာဆရာမများနှင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် အခြေခံပညာမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ပန်းပျိုးလက်သီချင်းတေးသရုပ်ဖော်ဖြင့် ဂုဏ်ပြုတင်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တက်ရောက်လာကြသူများသည် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန်ဆရာဆရာမများ၊ ဆုရရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ယူနက်စကိုနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူ များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်တစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်တစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ် (သတင်းစဉ်)

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် မြန်မာ-အမေရိကန် တပ်မတော်နှစ်ရပ်ဆက်ဆံရေးအခြေအနေများဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၅**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အမေရိကန်ပြည်ထောင်စု ပစိဖိတ်ဌာနချုပ် (US Pacific Command-PACOM) မှ Deputy Commander ဒုတိယဗိုလ်ချုပ်ကြီး Anthony Crutchfield တို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် တပ်မတော်၏အခန်းကဏ္ဍ၊ စစ်ဘက်အရပ်ဘက်ဆက်ဆံရေးအခြေအနေ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်နှင့် လတ်တလောဖြစ်ပွားနေသည့်တိုက်ပွဲများ ကချင်ပြည်နယ်ရှိ IDP စခန်းများ၏ ပကတိအခြေအနေများ မြန်မာ-အမေရိကန်တပ်မတော်နှစ်ရပ် ဆက်ဆံရေးအခြေအနေများကို ဆွေးနွေးကြသည်။ **(ဝဲပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး Anthony Crutchfield နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E.Mr. Scot Marciel၊ ကြည်းတပ်စစ်သံမှူး Col.James McAden၊ လေတပ်စစ်သံမှူး Lt. Col. Rachel Smith နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

**(မြဝတီ)**

# ရန်ကုန်မြို့၏ အစည်ကားဆုံး ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် လုံခြုံစေရေး CCTV များဖြင့် စောင့်ကြည့်မည်

ရန်ကုန် အောက်တိုဘာ ၅

**နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ပွဲတော်လာရောက်လည်ပတ်သည့် ပြည်သူများလုံခြုံစေရေးအတွက် ပွဲတော်အစည်ကားဆုံးနေရာများ၌ CCTV များ တပ်ဆင်ကာ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ရေကျော်ပွဲတော် ကျင်းပရေးကော်မတီ လုံခြုံရေးဌာနမှ သိရသည်။**

ရန်ကုန်မြို့တွင် သီတင်းကျွတ်ကာလတွင် ပထမဆုံး စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော ပုဇွန်တောင် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို နှစ်စဉ်ပွဲတော်ဖြစ်မြောက်ရေး ကော်မတီက ဦးဆောင်ကာ ကဏ္ဍအလိုက် ဆိုင်ရာကော်မတီများဖွဲ့စည်း၍ ကျင်းပခဲ့သည်။ ယခုနှစ်တွင်လည်း ပွဲတော်ဖြစ်မြောက်ရေးကော်မတီ၊ ဆိုင်ခန်းချထားရေးကော်မတီ၊ ရန်ပုံငွေရှာဖွေရေးကော်မတီ၊ ဧည့်ခံကျွေးမွေးရေးကော်မတီ၊ ဖျော်ဖြေရေးကော်မတီနှင့် လုံခြုံရေးကော်မတီဟူ၍ ကော်မတီအသီးသီးဖွဲ့စည်းကာ လုပ်ဆောင်နေခြင်းဖြစ်သည်။ နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော ရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်သည် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းနှင့် ဗိုလ်ချုပ်လမ်းအမှတ် (၉) ရပ်ကွက်၌ ဗဟိုပြုကာ ယခုလာမည့် အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပတော့မည်ဖြစ်သည်။

“ဒီနှစ်ကတော့ ပွဲတော်ရက်မှာအရင်နှစ်တွေထက် ထူးထူးခြားခြားလေးဖြစ်အောင် လမ်းတိုင်းကို မီးကန်ထရိုက်ကနေပြီးတော့ မီးတွေထွန်းပေးမယ်။ ပြီးတော့ လာရောက်လည်ပတ်တဲ့ ပြည်သူတွေ အေးချမ်းစွာပျော်ရွှင်နိုင်အောင် လုံခြုံရေးအတွက် CCTV တွေကို ပွဲတော်ကျင်းပရာ လမ်းတစ်လျှောက် တပ်ဆင်ပြီး စောင့်ကြည့်ပေးသွားမှာဖြစ်တယ်။ အခြားလုံခြုံရေးအနေနဲ့ကတော့ မီးသတ်တွေရှိမယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရှိမယ်။ အခုလိုလုပ်တာက ပြီးခဲ့တဲ့နှစ်တွေက တစ်ခုခု အန္တရာယ်ဖြစ်လို့ရယ်လို့ မဟုတ်ပါဘူး။ ခေတ်နဲ့လျော်ညီစွာ ပြည်သူတွေ အေးအေးချမ်းချမ်း အပန်းဖြေနိုင်စေဖို့ ကျွန်တော်တို့ လုံခြုံရေးကော်မတီအနေနဲ့ အထူးစီစဉ်ပေးတာပါ”ဟု ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ အမှတ်(၉) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ကပြောသည်။

ပွဲတော်ကာလအတွင်း လုံခြုံရေးအတွက် CCTV များကို ပွဲတော်အထူးစည်ကားရာ လမ်းတစ်လျှောက်ဖြစ်သည့် အမှတ်(၉)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ရေကျော်လမ်းတို့၌ အကွာအဝေးပေါ်မူတည်ကာ လိုသလို တပ်ဆင်ပေးသွားမည်ဖြစ်ပြီး အခြားလုံခြုံရေးအနေဖြင့် မီးသတ်အင်အား ၃၀ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အား ၂၀ ဝန်းကျင်စောင့်ကြပ်ပေးသွားမည်ဖြစ်သည့်အပြင် ရပ်ကွက်အလိုက် လုံခြုံရေးပိုင်းဆိုင်ရာကိုလည်း ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။ ပွဲတော်ရက် ငါးရက်အတွင်းပျော်ပွဲရွှင်ပွဲများအနေဖြင့် အစောပိုင်းနှစ်ရက်တွင် မာယာဒေဝီ တေးသရုပ်ဖော်အစီအစဉ်၊ ၁၅ ရက်တွင် ဟားတစ်သိုက်အငြိမ့်အဖွဲ့၊ ၁၆ ရက်တွင် Ugly Band နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ ဖျော်ဖြေမည်ဖြစ်ပြီး ပွဲတော်နောက်ဆုံးရက်ဖြစ်သည့် အောက်တိုဘာ ၁၇ ရက်တွင် Five Stars အငြိမ့်အဖွဲ့က ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မင်းထက်**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌတို့ တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. John Bercow တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်မှု အကူအညီပေးရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**( သတင်းစဉ် )**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ **Mr. John Bercow** အား တွေ့ဆုံစဉ်

# ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌအား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်သည် ဗြိတိန်နိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ Mr. John Bercow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် အမျိုးသားလွှတ်တော် (J- ဆောင်) ပထမထပ် Talk Room ၌ တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ရှိ ကော်မတီခြောက်ခုမှ ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်ရှိ ကော်မတီခြောက်ခုမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့် ဗြိတိန်နိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ **Mr.John Bercow** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. John Bercow တို့တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. John Bercow တို့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး၊ မြန်မာလွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**

# လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဗြိတိန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌတို့ တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၅**

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr. John Bercow နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက် အအုံ၊ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ညွှန့်၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် မြန်မာလွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ တံဆိပ်ပုံစံ

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေပြည်တော်ဝင်လမ်းနှင့် ရာဇသင်္ဂဟလမ်းထောင့်၊ အမှတ် (၅) တွင် ပါတီရုံးချုပ်တည်ရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ယင်းပါတီ၏ တံဆိပ်တွင် ဒိုင်းပုံ၏ ထိပ်တည့်တည့်၌ အဖြူရောင် ကြယ်တစ်လုံးပါသည့် တံဆိပ်ဖြင့် ဖော်ပြပါအတိုင်း ပြောင်းလဲပြင်ဆင်ပေးပါရန် ထပ်မံတင်ပြလာပါသည်။

ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏တံဆိပ်ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ငလျင်ဒဏ်ခံ ရှေးဟောင်းအမွေအနှစ်များပြုပြင်မည့် ပညာရှင်များအတွက် စမတ်ဖုန်းများလှူဒါန်းမည်

**နေပြည်တော် အောက်တိုဘာ ၅**

ပြီးခဲ့သည့် ဩဂုတ်လက မြန်မာနိုင်ငံ အလယ်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော အင်အား ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသများ၌ ထိခိုက်ပျက်စီးမှုများရှိခဲ့သည့်အတွက် ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြသော UNESCO အဖွဲ့နှင့် ကျွမ်းကျင်ပညာရှင်များအတွက် Huawei နည်းပညာကုမ္ပဏီမှ Leica ကင်မရာနှစ်လုံး တပ်ဆင်အသုံးပြုထားသည့် Huawei P9 မော်ဒယ်စမတ်ဖုန်းအမျိုးအစား အလုံးပေါင်း ၁၀၀ ကို ထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၄ ရက်က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပသော အလှူငွေပေးအပ်ပွဲတွင် Huawei နည်းပညာ (ရန်ကုန်) ကုမ္ပဏီလီမိတက်၏ CEO ဖြစ်သူ Mr. Zhang Liman က ပြောကြားသည်။

"ကျွန်တော်တို့ Huawei ဟာ လုပ်ငန်းတည်ရှိရာအရပ်ဒေသတိုင်းရဲ့ လူမှုအသိုက်အဝန်းတိုင်းမှာ တာဝန်သိ ပြည်သူတစ်ဦးအဖြစ် ရပ်တည်လျက်ရှိပါတယ်။ အခု သာသနာရေးနဲ့ယဉ်ကျေးမှုဝန်ကြီးဌာနကို အလှူငွေကျပ်သိန်း ၅၀၀ လာရောက်လှူဒါန်းတာဖြစ်ပါတယ်။ ရှေးဟောင်းအမွေအနှစ် အပျက်အစီးတွေကို မှတ်တမ်းလိုက်ယူတဲ့နေရာမှာ တကယ် အသုံးအတည့်မယ့် Huawei



P9 မော်ဒယ် စမတ်ဖုန်းအမျိုးအစား အလုံးပေါင်း ၁၀၀ ကိုမကြာခင် ဆက်လက်လှူဒါန်းသွားမှာဖြစ်ပါတယ်"ဟု Mr. Zhang Liman က ပြောကြားသည်။

ဩဂုတ်လက မြန်မာနိုင်ငံအလယ်ပိုင်း ပုဂံဒေသ၌ ဖြစ်ပေါ်ခဲ့သော မြေငလျင်ကြောင့် ထောင်စုနှစ်ခန့်ကြာ သက်တမ်းရှိနေပြီဖြစ်သော ဘုရားကျောင်းကန်၊ စေတီပုထိုးများနှင့် စွယ်တော်များအပါအဝင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အများအပြား ထိခိုက်ပျက်စီးမှုများရှိခဲ့ရာ ပြန်လည်ပြုပြင်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာမှ ဆောင်ရွက်နိုင်ရေးအတွက် Huawei နည်းပညာ (ရန်ကုန်) ကုမ္ပဏီလီမိတက်က မြန်မာငွေကျပ် သိန်း ၅၀၀ လှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။

**တင်မောင်လွင် (မြန်မာ့အလင်း)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လွိုင်ကော်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်** (သတင်းစဉ်)

✱ *ကျော့ဖုံးမှ*

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိက အခြေခံဖြစ်သည့် လျှပ်စစ်စွမ်းအား အပြည့်အဝ အသုံးပြုနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည်လည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ရေအားမှ လျှပ်စစ်ဓာတ်အား ထုတ်ယူရန် အချိန်ပေးရသည့်အတွက် လတ်တလော စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ရေအားလျှပ်စစ် စီမံကိန်းများကို ပြန်လည်သုံးသပ်ပြီး နိုင်ငံတော်သို့ တင်ပြသွားရန် လိုအပ်ပါကြောင်း၊ အနာဂတ်တွင် ကြုံတွေ့ရမည့် ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်မည့် အရင်းအမြစ်များကို အခြေခံ၍ စီမံချက်ရေးဆွဲ ဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း ပြောကြားသည်။ ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘီလူးချောင်း အမှတ်(၂) စက်ရုံ ရှုရပ်မှ ရေယူ အဆောက်အအုံ၊ ရေသွယ်ပိုက်လိုင်း၊ ဓာတ်အားထိန်းချုပ်ခန်း၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများကို ကြည့်ရှုလေ့လာသည်။

ဘီလူးချောင်း အမှတ်(၂) စက်ရုံသည် လွိုင်ကော်မြို့ အရှေ့တောင်ဘက် ၁၄ မိုင်ခန့်အကွာ ဘီလူးချောင်း၏ လက်ယာဘက်ကမ်း၌ ၁၉၅၄ ခုနှစ်တွင် ပထမအဆင့် စက်သုံးလုံး စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၀ ခုနှစ်တွင် ၈၄ မဂ္ဂါဝပ် ဓာတ်အား စတင်ထုတ်လုပ် ဖြန့်ဖြူးပေးသည်။ ၁၉၇၀ ခုနှစ်တွင် ၂၈ မဂ္ဂါဝပ် စက်သုံးလုံး စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ဓာတ်အားဖြန့်ဖြူးပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဘီလူးချောင်း အမှတ်(၃)စက်ရုံသို့ ကြည့်ရှုလေ့လာရာ အနာဂတ်စွမ်းအင် ကုမ္ပဏီမှ တာဝန်ရှိသူများက စီမံကိန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြသည်။

ထိုသို့စက်ရုံအတွင်းလှည့်လည်ကြည့်ရှုလေ့လာစဉ် ဒေသခံဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဘီလူးချောင်း အမှတ်(၃)စက်ရုံကို ၂၀၀၈ ခုနှစ်တွင် ၂၆ မဂ္ဂါဝပ်ဓာတ်အား ထုတ်လုပ်နိုင်သည့် စက်နှစ်လုံး တပ်ဆင်တည်ဆောက်ခဲ့သည်။ ၂၀၁၄ ခုနှစ်က ဓာတ်အား ၅၂ မဂ္ဂါဝပ် စတင်ထုတ်လုပ်ခဲ့သည်။ ဘီလူးချောင်း အမှတ်(၃)စက်ရုံကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် အနာဂတ်စွမ်းအင် ကုမ္ပဏီတို့ နားလည်မှုစာချွန်လွှာ ရေးထိုး၍ စီးပွားဖြစ် ဓာတ်အားထုတ်လုပ်ရေးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလက စတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါစက်ရုံ၌ ကယားပြည်နယ်မှ ဒေသခံဝန်ထမ်း ၁၄၈ ဦးနှင့် ကျွမ်းကျင်ဝန်ထမ်း ၁၀ ဦး စုစုပေါင်း ဝန်ထမ်း ၁၅၈ ဦးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဓာတ်အားပေး စက်ရုံများမှ ရေအားလျှပ်စစ် ၃၁၈၀ မဂ္ဂါဝပ်၊ ဓာတ်ငွေ့သုံးနှင့် စွန့်ပစ်အပူသုံး ၁၃၄၄ မဂ္ဂါဝပ်၊ Gas Engine ၅၇၀ မဂ္ဂါဝပ်နှင့် ကျောက်မီးသွေးသုံး ၁၂၀ မဂ္ဂါဝပ် စုစုပေါင်း စက်တပ်ဆင်အင်အား ၅၂၁၅ မဂ္ဂါဝပ် ဖြန့်ဖြူးပေးလျက်ရှိပြီး ဘီလူးချောင်း စက်ရုံသုံးရုံ၏ စုစုပေါင်းစက်တပ်ဆင်အင်အား ၂၄၈ မဂ္ဂါဝပ်သည် တစ်နိုင်ငံလုံး၏ ၄ ဒသမ ၇ ရာခိုင်နှုန်းတွင် ရှိသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ လွိုင်ကော်-လောပိတ လမ်းပေါ်ရှိ ဘီလူးချောင်းဖြတ်တံတား(ရှမ်းပိုင်း)ကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် လွိုင်ကော်မြို့ ကန္ဒရဝတီလမ်းရှိ ပြည်သူ့ဝန်ဆောင်မှုရုံး၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ နိုင်ငံမီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် လွိုင်ကော်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဒေါက်တာထွန်းနိုင်တို့က ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မျက်မြင်တွေ့ရှိနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးသည် ယခင်က ခက်ခဲခဲ့သော်လည်း ယခုပိုမို ကောင်းမွန်လာသည်ကို တွေ့ရကြောင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဒေသအတွင်း အလုပ်အကိုင်ရရှိမှုနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

မကြာမီကာလအတွင်း အမေရိကန်နိုင်ငံမှ စီးပွားရေးပိတ်ဆို့မှုများကို တရားဝင် ရုပ်သိမ်းပေးမည့်အပြင် စီးပွားရေးဆိုင်ရာ အထူးကင်းလွတ်ခွင့်များလည်း ရရှိတော့မည် ဖြစ်ပါကြောင်း၊ အဆိုပါ အခွင့်အလမ်းများကို ရယူ၍ မိမိဒေသတွင် လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေးအတွက် အပြိုင်အဆိုင် ဆွဲဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသအတွင်းရှိ ခရီးသွားနေရာများ၊ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်ရန် အလားအလာကောင်းမွန်သည့် နေရာဒေသများကို စနစ်တကျ လေ့လာသုံးသပ်ပြီး အသင့်ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ် လူငယ်များအတွက် အန္တရာယ်တစ်ခုဖြစ်သည့် မူးယစ်ဆေးဝါးနှင့် မူးယစ်စေတတ်သော ဆေးဝါးများကို အားလုံးက ဝိုင်းဝန်း ပူးပေါင်းတိုက်ဖျက်သွားရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်၊ အမျိုးသားလုပ်ရှားမှုအသွင် ဆောင်ရွက်ရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အထူးအရေးကြီးပါကြောင်း၊ အရက်အပါအဝင် မူးယစ်ဆေးဝါးများကို လူငယ်များနှင့် အလှမ်းဝေးအောင် ဒေသခံပြည်သူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်ဆောင်ရွက်သင့်သည်များကို ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် လွိုင်ကော်မြို့နယ် လင်ဖုံလေးကျေးရွာရှိ တောင်သူဦးမောင်ရိန်း၏ အောင်မြင်ဖြစ်ထွန်းနေသည့် စီပီစပ်မျိုးပြောင်းစိုက်ခင်းကို ကြည့်ရှုသည်။

ဆက်လက်၍ ဖယ်ခုံမြို့နယ် ဖယ်ခုံ-ညောင်ရွှေ မော်တော်ဆိပ်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ခရီးသွားလုပ်ငန်း သတင်းအချက်အလက်စင်တာကို ကြည့်ရှုလေ့လာသည်။

ဖယ်ခုံမြို့နယ်မှ ညောင်ရွှေမြို့နယ် အင်းလေးကန်သို့ စက်တပ်မော်တော်လှေဖြင့် လေးနာရီကြာ ခရီးသွားလုပ်ငန်းသစ်ကို လာမည့်ခရီးသွားရာသီတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာလွှတ်တော်ရေးရာလုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်လာစေရန် ဗြိတိန်လွှတ်တော်ကအကူအညီပေးမည်

**မြန်မာနိုင်ငံ နေပြည်တော်၌ ရောက်ရှိနေသော ဗြိတိန်နိုင်ငံအောက်လွှတ်တော် ဥက္ကဋ္ဌ Mr. John Bercow အား မြန်မာနှင့် ဗြိတိန် နှစ်နိုင်ငံလွှတ်တော်ကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်ပြီး မြန်မာ့သတင်းစဉ်က အောက်တိုဘာ ၅ ရက် ညနေပိုင်းက တွေ့ဆုံမေးမြန်းခဲ့ပါသည်။**



**ဗြိတိန်နိုင်ငံအောက်လွှတ်တော် ဥက္ကဋ္ဌ Mr. John Bercow**

**မေး။ ဗြိတိန်အောက်လွှတ်တော်ဥက္ကဋ္ဌတစ်ဦးအနေနဲ့ မြန်မာနိုင်ငံကို လာရောက်တဲ့ အဓိကရည်ရွယ်ချက်ကို သိလိုပါတယ်။**

ဖြေ။ မြန်မာနိုင်ငံကို လာရောက်တဲ့ အဓိကရည်ရွယ်ချက်ကတော့ လွှတ်တော်တွေရဲ့ ဒီမိုကရေစီ တိုးတက်မှုကို ထောက်ပံ့ချင်တဲ့အတွက် ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဗြိတိန်လွှတ်တော်အနေနဲ့ မြန်မာနိုင်ငံမှာ သက်ဝင်လာပြီးသား ဒီမိုကရေစီစနစ်အားကောင်းလာဖို့နဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အားလုံးက ဒီမိုကရေစီဖက်ဒရယ်စနစ် ပြန်လည်ဖော်ဆောင်ဖို့အတွက် မြန်မာလွှတ်တော်ကိုယ်စားလှယ်တွေကို ကူညီချင်တဲ့စိတ်ဆန္ဒနဲ့ လာရောက်တာပါ။

ဒါ့အပြင် လွှတ်တော်အမတ်တွေ အစိုးရရဲ့ လုပ်ဆောင်ချက်တွေကို ထိရောက်စွာ အကဲဖြတ်ဖို့ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ထိတွေ့ဆက်ဆံဖို့နဲ့ မြန်မာလွှတ်တော်အမတ်တွေရဲ့လုပ်ငန်းဆိုင်ရာ စိစစ်သုံးသပ်နိုင်စွမ်းတိုးတက်လာဖို့ ကူညီပေးသွားမှာဖြစ်ပါတယ်။ ဗြိတိန်နဲ့မြန်မာ နှစ်နိုင်ငံလွှတ်တော်ကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာအောင် ယခုလာရောက်တဲ့အချိန်မှာ ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံကို လာရောက်ခဲ့ရတဲ့အတွက် ဗြိတိန်လွှတ်တော်အနေနဲ့ မြန်မာလွှတ်တော်ကို ကူညီနိုင်တဲ့ အနေအထားတွေကို အလေးထားဆွေးနွေးခွင့်တွေ ရခဲ့ပါတယ်။ အဲဒီအတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကျေးဇူးတင်ပါတယ်။ ဒါ့အပြင် လွှတ်တော်မှာရှိတဲ့ ကော်မတီဥက္ကဋ္ဌတွေနဲ့လည်း တွေ့ဆုံပြီး သူတို့ကို ဘယ်လို အကူအညီပေးရမလဲဆိုတာ ဆွေးနွေးခွင့်ရခဲ့ပါတယ်။

**မေး။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဗြိတိန်နိုင်ငံခရီးစဉ်မှာလူကြီးမင်းနဲ့ တွေ့ဆုံတုန်းကဆွေးနွေးခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့နဲ့ ပတ်သက်ပြီး လူကြီးမင်းရဲ့အမြင်ကို သိလိုပါတယ်။**

ဖြေ။ ပြီးခဲ့တဲ့လက ယူကေမှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော်တွေ့ဆုံခဲ့ပါတယ်။ မနေ့ညနေပိုင်းကလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံအကျိုးရှိတဲ့ကိစ္စတွေကိုဆွေးနွေးခဲ့ကြပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ရင် ပထမဆုံးအနေနဲ့ (၂၁)ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံဟာ အလွန်အရေးပါပြီး အပြုသဘောဆောင်တဲ့ ကြိုးပမ်းမှုတစ်ရပ်အနေနဲ့ ကြိုဆိုသင့်ပါတယ်။(၂၁) ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ဖို့ လုပ်ဆောင်ရတဲ့လုပ်ငန်းတွေက အများကြီးပါ။ တိုင်းရင်းသားလူမျိုးစုတွေကို သက်ဆိုင်ရာဒေသတွေမှာ ပြန်လည် အခြေချနေထိုင်ဖို့ ပြည်ထောင်စုအစိုးရအနေနဲ့ လုပ်ဆောင်ပေးဖို့အတွက်များစွာဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ အဲဒီကိစ္စတွေဟာ မလွယ်ကူပါဘူး။ ဒါပေမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးဆောင်ရွက်ချက်တွေက အပြုသဘောဆောင်တဲ့ ခြေလှမ်းတွေအဖြစ် မြင်တွေ့နေရပါတယ်။

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေတဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး လေ့လာကြည့်ရှုဖို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ကို ဖိတ်ကြားပြီးတော့ ရခိုင်ကော်မရှင်မှာ ဥက္ကဋ္ဌအဖြစ် ခန့်အပ်ကာ ကာလရှည်စွာ တင်းမာမှုဖြစ်ပွားနေတဲ့ ပဋိပက္ခကို အဖြေရှာစေပါတယ်။ ကျွန်တော့်အနေနဲ့က ရခိုင်ပြည်နယ်တွင်းက ပြည်သူတွေရဲ့ အခြေအနေကို အလွန်ကို စိုးရိမ်နေပါတယ်။ ကိုဖီအာနန်ကို ဖိတ်ကြားတယ်ဆိုတာကလည်း ရခိုင်ပြည်နယ်အတွက် အပြုသဘောဆောင်စေမယ်လို့ မြင်ပါတယ်။ ဒါ့အပြင် ဒေသခံတွေက ဆုံးဖြတ်ချက်ခိုင်မာပြီး အကောင်းမြင်တဲ့စိတ်တွေ မွေးမြူဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး တိုင်းရင်းသားတွေနဲ့ အစိုးရက အပြန်အလှန်ညှိနှိုင်းဆွေးနွေးပြီး အလျှော့အတင်းပြုလုပ်ဖို့ လိုအပ်ပါတယ်။

**မေး။ ဗြိတိန်လွှတ်တော်က အတွေ့အကြုံများစွာ ရှိတာကြောင့် သက်တမ်းနုနယ်သေးတဲ့ မြန်မာလွှတ်တော်ကို ဘယ်လိုမျိုး စွမ်းဆောင်ရည်ပြည့်ဝလာစေဖို့ ကူညီဆောင်ရွက်ပေးဖို့ရှိပါသလဲ။**

ဖြေ။ အကူအညီပေးမယ့် အစီအစဉ်တွေအများကြီးရှိပါတယ်။ အဲဒီထဲက အချို့ကို စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ လွှတ်တော်ဝန်ထမ်းတွေ စီမံခန့်ခွဲမှုအပိုင်းနဲ့ပတ်သက်ပြီး ကူညီပေးဖို့ အစီအစဉ်ရှိပါတယ်။ ပြည်သူတွေရဲ့ကိုယ်စား လုပ်ငန်းဆောင်ရွက်ရာမှာ မြန်မာလွှတ်တော်က ပိုမိုအသက်ဝင်လာဖို့၊ အသိဉာဏ်ဖွံ့ဖြိုးလာဖို့၊ အကျိုးသက်ရောက်မှု ပိုမိုရှိပြီး လွှတ်တော်ရေးရာလုပ်ငန်းတွေ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့ အကူအညီပေးတာ ဖြစ်ပါတယ်။ မြန်မာလွှတ်တော်အမတ် ၂၄၀ ကို ဘာသာရပ်ကျွမ်းကျင်မှု သင်တန်းပေးပြီး ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လွှတ်တော်အတွက် မရှိမဖြစ်အရေးကြီးလို့ ဖြစ်ပါတယ်။ အဲဒါအပြင် အစိုးရရဲ့လုပ်ဆောင်ချက်တွေနဲ့ မူဝါဒတိုးတက်ဖြစ်ထွန်းမှုတွေ စနစ်တကျဆန်းစစ်လေ့လာနိုင်ဖို့ မြန်မာလွှတ်တော်အတွင်းရှိ သက်ဆိုင်ရာကော်မတီဝင်တွေအပြင် လွှတ်တော်အမတ်တွေကိုပါ ဘာသာရပ်အလိုက် အသိပညာဗဟုသုတတွေ ဗြိတိသျှကောင်စီကနေတစ်ဆင့် ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။

အဲဒီစီမံကိန်းကို Westminster Foundation for Democracy-WFD ကနေ ငွေကြေးထောက်ပံ့ပေးတာ ဖြစ်ပါတယ်။ အထူးသဖြင့် လွှတ်တော်အမတ်အသစ်တွေအတွက် အဲဒီထဲက တစ်ခုကတော့ ဗြိတိန်အောက်လွှတ်တော်ကဝန်ထမ်းနှစ်ဦးကို ၂၀၁၄ ခုနှစ်ကတည်းက မြန်မာနိုင်ငံကိုစေလွှတ်ပြီး တာဝန်ထမ်းဆောင်စေခဲ့ပါတယ်။ အဲဒီလုပ်ငန်းတွေထဲမှာ အဓိက ကတော့ လွှတ်တော်ကိုယ်စားလှယ်တွေက အရည်အသွေးကောင်းမွန်တဲ့စာတမ်းပြုစုရာမှာ အထောက်အကူဖြစ်တဲ့ သုတေသနနဲ့စာကြည့်တိုက်ဝန်ဆောင်မှုတွေဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်အမတ်တွေ သတင်းစာရှင်းလင်းပွဲတွေမှာ ကောင်းမွန်စွာဖြေဆိုနိုင်ဖို့ အရည်အသွေးရှိတဲ့ သုတေသနစာတမ်း လိုအပ်ပါတယ်။ ဒီလိုလွှတ်တော်အတွင်း ဆောင်ရွက်ချက်တွေက ဗြိတိန်နိုင်ငံမှာ ဆယ်စုနှစ်ပေါင်းများစွာ ကျင့်သုံးပြီးဖြစ်ပါတယ်။

**မေး။ ဗြိတိန်ဝန်ကြီးချုပ်နဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ တွေ့ဆုံတုန်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံရဲ့လယ်ယာကဏ္ဍ၊ သစ်တော၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွေမှာ အကူအညီပေးဖို့တောင်းခံခဲ့တာ ရှိပါတယ်။ ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံကိုဘယ်လိုအကူအညီတွေ ဘယ်အချိန်မှာပေးဖို့ အစီအစဉ်ရှိသလဲဆိုတာ သိလိုပါတယ်။**

ဖြေ။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ အစိုးရအဖွဲ့အစည်းကသာ ဖြေကြားနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌတစ်ဦးအနေနဲ့ကတော့ ဗြိတိန်အစိုးရက မြန်မာနိုင်ငံကိုဘယ်လိုအကူအညီတွေ ဘယ်အချိန်မှာပေးဖို့ အစီအစဉ်ရှိသလဲဆိုတာ ဖြေကြားဖို့ အခက်အခဲအများကြီးရှိပါတယ်။

**မေး။ မြန်မာနိုင်ငံမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံဖို့ ဗြိတိသျှကုမ္ပဏီတွေ စိတ်ဝင်စားတာက ဘယ်ကဏ္ဍတွေဖြစ်မလဲခင်ဗျား။**

ဖြေ။ ဗြိတိသျှကုမ္ပဏီတွေ မြန်မာနိုင်ငံရဲ့ဘယ်ကဏ္ဍတွေမှာရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားသလဲဆိုတာကတော့ သက်ဆိုင်ရာ ဗြိတိန်အစိုးရနဲ့ ကုမ္ပဏီတွေကပဲ ရှင်းရှင်းလင်းလင်းဖြေကြားနိုင်မယ်လို့ ထင်ပါတယ်။ **တွေ့ဆုံမေးမြန်း - ကြယ်စင်သာ**

**ဓာတ်ပုံ - ကျော်ထိုက်စိုး**

# ဈေးဆစ်ခြင်း သည်းခံစေချင်ပါသည်

ကိုကိုသက်

**ဤမြစ်ကူးတံတားကြီးကို နောက်နှစ်စက်တင်ဘာလထဲတွင်ဖွင့်ရန် လျာထားဆောင်ရွက်နေသည်ဟု စတင်ကြားရစဉ်ကပင် အမြန်လုပ်ရင်တော့ အမြန်ပျက်မှာပဲဟု မှတ်ချက်ပေးမိသေးသည်။ မကောင်းမြင်စိတ်ဖြင့် ပြောခြင်းမဟုတ်ဘဲ သတ်မှတ်ကာလထက် ဆောလျင်စွာ ပြီးစီးရေးဆိုတာကြီးကို စိတ်ထဲတွင် ကသိကအောက် ဖြစ်မိသည်။ စာရေးသူအဘွားပြောသလို နောက်က ကျားလိုက်တာလည်းမဟုတ်ဘဲနှင့် ဘာကြောင့် အလျင်လိုနေကြမှန်း နားမလည်။ စနစ်တကျ အချိန်ယူပြီးလုပ်တော့ မြွေပေါက်မှာမို့လို့လားဟု အဘွားပြောနေကျစကားကို အမှတ်ရသေးသည်။**

နောက်မဟုတ်တော့ပြန်။ ဒီဇင်ဘာလထဲအရောက် ထပ်ကြားရသည်က စက်တင်ဘာလအထိ မစောင့်နိုင်၊ မတ်လထဲမှာ ဖွင့်ဖို့လုပ်ပါဟု ညွှန်ကြားချက်ရောက်လာ သဖြင့် စီမံကိန်းအင်ဂျင်နီယာ ရန်ကုန်တက်သွားကြောင်း၊ အခြေအနေသွားတင်ပြကြောင်း သိရသည်။

စီမံကိန်းအင်ဂျင်နီယာ ပြန်ရောက်လာပြီး သူသွားတင်ပြတာ မအောင်မြင်ခဲ့ကြောင်း၊ မတ်လအတွင်း ဖွင့်ရမည်ဆိုသည့် အမိန့်သာအတည်ဖြစ်ကြောင်း သတင်းရသည်။ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလထဲတွင် တံတားတည်ဆောက် နေသည့်နားသို့ ကျွန်တော်တို့ရောက်ရှိရာ ညဘက်တွေမှာပါ မီးတွေထွန်းပြီး အနီးအနားရွာများမှ ရွာသူ ရွာသားများကို အလုပ်သမားအဖြစ် ထပ်ဆောင်းခေါ်၍ တွန်းတွန်းတိုက်တိုက်လုပ်နေသည်ကို တွေ့ရသည်။ ကျွမ်းကျင်လုပ်သားများ မဟုတ်သော်လည်း မတတ်နိုင်တဲ့။ အလျင်လိုပြီကိုး။

သတ်မှတ်ထားသည့် မတ်လတွင် တံတားဖွင့်ပွဲကို နံနက် ၇ နာရီခွဲမှာ လုပ်ပါသည်။ ၈ နာရီခန့်တွင် မိုးဖွားဖွားလေး စကျလာသည်။ ၉ နာရီကျော်တွင် မိုးပိုသည်းလာသည်။ ဖွင့်ပွဲပြီး၍ လူကြီးများ ကားပေါ်တက်ပြီး ပြန်သွားချိန် မိုးတဝုန်းဝုန်း၊ သဲသဲမဲမဲကြီးရွာချလိုက်ပါသည်။ မိုးတားတာတော့ အောင်မြင်သားပဲဟု မြန်မာ့ဓလေ့ထုံးစံကို အသိအမှတ်ပြုမိလိုက်သေးသည်။ နောက်တော့ မိုးကတစ်နေကုန် အငြိုးတကြီး၊ သဲသဲမဲမဲ။

ညနေ ၄ နာရီခန့်တွင် တံတားဖြတ်သန်းခွင့်ပိတ်လိုက်သည်။ ဖြတ်သန်းသွားလာခွင့်မပြုဆိုသည့် ဆိုင်းဘုတ်များစိုက်ထူထားသည်ကို တွေ့ရပါပြီ။ မြေမသိပ်နိုင်ဘဲ ခါတော်မီလုပ်လိုက်ရသည့် ချဉ်းကပ်လမ်းမြေသားများပြိုကျသည်။ ကတ္တရာလမ်းနှင့် ပလက်ဖောင်းတွင် ပပ်ကြားအက်ကြောင်းကြီး မြင်မကောင်းအောင် ထင်းထင်းပေါ်သည်။ တံတားနှင့် ထိစပ်နေသည့်နေရာတွင် မြေသားတစ်ပေခန့် နိမ့်ကျသွားသည့်အတွက် ဖြတ်သန်းလို့ လုံးဝမရတော့တာ အမှန်ပင်ဖြစ်သည်။

မှတ်တမ်းထဲတွင် ဤမြစ်ကူးတံတားကြီးကို ဤနေ့ဤရက်ဤအချိန်တွင် မင်္ဂလာ အခမ်းအနားဖြင့် အောင်မြင်စွာဖွင့်လှစ်လိုက်ပြီးဖြစ်ကြောင်း စာရင်းဝင်သွားမည်ဟု မှန်းဆကြည့်မိသည်။ သို့သော် ဖွင့်ပြီး နာရီပိုင်းအတွင်း ပြန်ပိတ်လိုက်ရသော ဂင်းနက် (စ်)စံချိန်ဝင်နိုင်သည့် တံတားတစ်စင်းတော့ မြန်မာပြည်တွင် ရှိခဲ့ဖူးတာ မမေ့နိုင်။ ဒါကကိုယ်တွေ့မျက်မြင်ကြုံခဲ့ရသော တံတားဖွင့်ပွဲတစ်ခုမျှသာ။ နိုင်ငံတစ်ဝန်းမှာ ဒီလို အလားတူ ဖြစ်ရပ်မျိုးရှိလိမ့်ဦးမည်ဟု မှန်းဆမြင်ယောင်မိသည်။

လူတိုင်းသိသည့် အဓိကလမ်းမကြီးကို ပြင်တာနှင့် ပတ်သက်သော ဖြစ်စဉ်တစ်ခုပြောချင်သေးသည်။ ထိုလမ်းကို ယခုပင်မျက်စိထဲမြင်ယောင်လာမိသည်ဟု စာဖတ်သူကဆိုလျှင် ကျွန်တော်ဆိုလိုသည်မှာလည်း ထိုလမ်းပင်ဖြစ်ကြောင်း ဝန်ခံပါသည်။

ထိုစဉ်က လမ်းမှာ နှစ်လမ်းသွားလမ်းဟောင်းကြီးဖြစ်ပြီး ကောက်ကောက်ကွေ့ကွေ့ဖြစ်နေသဖြင့် ထိုလမ်းကို ခြောက်လမ်းသွားအဖြစ် ပြုပြင်ရန်၊ လမ်းကို ဖြောင့်ဖြောင့်တန်းတန်းဖြစ်စေရန် ငွေကြေးတွက်ချက်ခိုင်းကြောင်း ကြားရသည်။ သို့သော် ပညာရှင်များ၏ တွက်ချက်မှုမှာ များလွန်းသဖြင့် မတတ်နိုင်၍ လုပ်အားခပ်ပေါပေါ အသုံးပြုနိုင်သူတို့ကိုသုံးပြီး တွက်ချက်ငွေကြေးထက် လေးငါးခြောက်ဆမျှသက်သာသောနှုန်းထားဖြင့် ကိုယ့်ဘာသာ ဖောက်လုပ်ရန် စီစဉ်လိုက်ကြကြောင်း သိရပြန်သည်။

ဘာအတတ်ပညာမှ မရှိ။ လူနှင့် မွေးရာပါပစ္စည်းသာ ပါသူများဖြင့် မနားမနေ အလျင်စလို နေ့မအား၊ ညမနား ဖောက်လုပ်ခဲ့သည်။ ၃၊ ၄ လခန့်တွင် လမ်းကြီးပြီးစီးသွားပါသည်။ လမ်းဖွင့်ပွဲကိုလည်း ခြိမ့်ခြိမ့်သဲသဲ ငွေကုန်ကြေးကျခံ၍ ကျင်းပခဲ့ပါသည်။

မိုးကျလာပါပြီ။ မိုးကျပြီး မကြာမီ လမ်းမှာ ယခင်လမ်းဟောင်းနှစ်လမ်းသွား လိမ်လိမ်ကောက်ကောက်အတိုင်း ဒုံရင်းဒုံရင်းသာ အသုံးပြုနိုင်သည်။ အသစ်ဖောက်လုပ်သော၊ ဖြောင့်ထားသောလမ်းမှာ အတတ်ပညာမရှိ၊ မြေဘယ်လို ကြိတ်ရမှန်း၊ ဘယ်လိုညှိရမှန်းမသိ၊ ကျောက်ဘယ်လို ခင်းရမလဲ နားမလည်၊ ကတ္တရာ ဘယ်လိုလောင်းရမည်မသိသူတို့၏ လက်ချက်ဖြင့် သဲထဲရေသွန်၊ ငွေကုန်သံပြာ၊ လုပ်အားများ ဆုံးရှုံး၊ အချိန်ကုန်ဆုံးခဲ့ရသည်။ ဒါကလည်း ဖွင့်ပွဲပြီး လပိုင်းအတွင်း ပျက်စီးသွားသော လမ်းတစ်လမ်း၏ ရာဇဝင်ဖြစ်သည်။ ဒီလိုတွေ တကယ်ရှိခဲ့ဖူးသည်။ ဒီတစ်လမ်းတည်းမဟုတ်။ နိုင်ငံအနှံ့အပြား ကြုံနေရခြင်းဖြစ်ကြောင်း တစ်ယောက်စကား တစ်ယောက်နားမှာ ကြားရသည်။

တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် မိတ်ဆွေများ ပြောကြားချက်ကို ကြားဖူးသည်။ မြန်မာပြည်မှ လူတိုင်းနီးပါးလည်း ကြားဖူးကြမည်သာ။ ဥပမာ စီမံကိန်းတစ်ခုအတွက် ငွေကျပ်သိန်း ၁၀၀၀ ဆိုပြီး တင်သည်။ ပထမဆုံး စိစစ်ရသည့် ဌာနက သိန်း ၁၀၀ ကို ဖြတ်တောက်ပြီး ဆက်တင်ပြသည်။ ဒုတိယစိစစ်ရသည့် ဌာနက သိန်း ၁၀၀ ထပ်မံဖြတ်တောက်ပြီး သူ့အပေါ်ကို ဆက်တင်ပြသည်။ ဒီလိုနှင့် အဆင့်ဆင့် မပြောမဆို၊ ဘာလုပ်မှန်းမသိ၊ ကြီးကြပ်သည်၊ စိစစ်သည် ဟူသည့် ခေါင်းစဉ်အောက်တွင် ဖြတ်တောက်လိုက်သောအခါ သိန်း ၅၀၀၊ ၆၀၀ စီမံကိန်းကြီး ဖြစ်သွားသည်ဟု ဆိုသည်။

အကြိမ်ကြိမ်ခံလာရသောအခါ နောက်ပိုင်းတွင် သိန်း ၁၀၀၀ ရလိုသော စီမံကိန်းတစ်ခုကိုဆိုလျှင် သိန်း ၁၅၀၀၊ ၁၆၀၀ ဆိုပြီးတင်လိုက်သည်။ အဆင့်ဆင့် ဖြတ်တောက်လိုက်သော်လည်း သူတို့ခန့်မှန်းထားသည့် သိန်း ၁၀၀၀ အနည်းဆုံးကျန်သည်။ အလုပ်လုပ်လို့ အဆင်ပြေသည်တဲ့။ နောက်ပိုင်းတော့ အထက်ကလည်း ပါးနပ်သွားသဖြင့် သူတို့ပိုတင်ထားတာကို သိသွားပြီး ပါးပါးမဖြတ်တောက်တော့ဘဲ ခပ်ထူထူ ဖြတ်တောက်လာရာ သိန်း ၁၀၀၀ အောက် ပြန်ဖြစ်သွားသည်။ ဒီမှာတင် စီမံကိန်းရေးဆွဲသူနှင့် စီမံကိန်းခွင့်ပြုသူတို့၏ ပညာစမ်းပွဲကြီး ဖြစ်လာသည်။ ဒီလိုတွေလည်း မြန်မာပြည်မှာ ဖြစ်ခဲ့ဖူးပါသည်။

တချို့ကတော့ သိန်း ၁၀၀၀ ဖြင့် ရလာသော စီမံကိန်းကို ကိုယ့်အတွက်အမြတ်ယူပြီး သိန်း ၉၀၀၊ သိန်း ၈၀၀ ဖြင့် အဆင့်ဆင့်လက်လွှဲပြီး လုပ်ကြသည်တဲ့။ ဒါကြောင့် မြန်မာပြည်က စီမံကိန်းများဆိုလျှင် ကျီးနှင့်ဖုတ်ဖုတ် ဖြစ်ကျန်ခဲ့ခြင်း ဖြစ် သည်။

နောက်ထပ် လူတိုင်းသိသည့်ကိစ္စတစ်ခု ရှိသေးသည်။ စီမံကိန်းအတွက် ငွေများထုတ်ယူသောအခါ ဥပမာ ငွေ ၁၀၀ လက်ခံရရှိကြောင်း လက်မှတ်ထိုးလျှင် လက်ထဲ ၇၀ လောက်သာရတာမျိုး ဖြစ်သည်။

မြိုးမြိုးမြက်မြက်လေးရသည့် စီမံကိန်းများဖြစ်သည်နှင့်အညီ မျက်စိပသာဒ ဖြစ်စေရန်၊ စိတ်ကြည်လင်ရန်အတွက် အလုပ်ရှုပ်ခံ၊ ကရိကထခံပြီး ဖဲကြိုးဖြတ်ဖို့၊ ဗန်းကိုင်ဖို့ သိန်းပေါင်းများစွာ သောက်သောက်လဲ အကုန်အကျခံတာလည်း ရှိခဲ့သည်။

ဝစားမျှစားခြင်းဖြင့် လွယ်လွယ်ရ လွယ်လွယ်သုံးဖြုန်းနေကြသဖြင့် မြန်မာပြည်တွင် ငွေဖောင်းပွမှုဖြစ်ရသည်။ ဒါက ကြုံလို့ပြောခြင်းဖြစ်သည်။

မြန်မာပြည်မှာက အနိမ့်ဆုံး ချဉ်ပေါင်ရွက်ဝယ်တာတောင် ဈေးတင်ပြောသည်၊ ဈေးဆစ်ရသည်။ အခြားပြည်ပနိုင်ငံများမှာလည်း ဒီလိုပါပဲဟု ပြောလာလျှင်တောင်၊ နိုင်ငံတကာထုံးစံဆိုရင်တောင် ကျွန်တော်တို့ဆီမှာတော့ နည်းနည်းပိုလွန်းသည်ဟု ဆိုချင်သည်။

သတ်မှတ်ချိန်ထက် အမြန်ပြီးစီးအောင် တွန်းအားပေးပြီး စီမံကိန်းများ ဆောလျင်စွာဖွင့်လှစ်ခြင်းမျိုး မလုပ်စေချင်တော့ပါ။ နံနက်ဖွင့်ပြီး ညနေ ပြန်ပိတ် ရတာမျိုး မဖြစ်စေချင်၍ ဖြစ်ပါသည်။

တွက်ချက်ငွေကြေးထက် အဆများစွာသက်သာသော နှုန်းထားဖြင့် ဆောင်ရွက်သော စီမံကိန်းများ နောင်မရှိစေချင်ပါ။ စီမံကိန်းကြီး ရေထဲမျောပါသွားမှာစိုးလို့ ပြောခြင်းဖြစ်ပါသည်။ လပိုင်းမျှခံသော စီမံကိန်းကြောင့် ငွေနှင့် အချိန်ကို သာမက ယုံကြည်မှုကိုပါ ဆုံးရှုံးရပါသည်။

ပြည်သူလူထု အမြန်အသုံးပြုနိုင်အောင် စေတနာဖြင့် တွန်းအားပေးခြင်း၊ ခြိုးခြံချွေတာခြင်းဖြစ်သည်ဟု ဆိုလာလျှင်လည်း ဝေဒနာ ဖြစ်ရသည်အထိ စေတနာ မရှိသင့်ပါကြောင်း အကြံပြုပေးလိုပါသည်။

ကြီးကြပ်သည်၊ စိစစ်သည်ဟူသည့်ခေါင်းစဉ်အောက်တွင် မလိုအပ်ဘဲ ငွေကြေးပိုတင်စေခြင်း၊ ဖြတ်တောက်ခြင်း မဖြစ်စေချင်ပါ။ ဟိုးခေတ်က ထင်ရှားကျော်ကြားသော ရှော်ဗီဆောက်သည့် အဆောက်အအုံကြီးများတွင် နေထိုင်ခဲ့ဖူးပါသည်။ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သော ရန်ကုန် - ပြည်လမ်းမကြီးကို ဖြတ်သန်းဖူးပါသည်။ ပညာရပ်များကို အလေးထားစေချင်ပါသည်။ တန်ရာတန်ကြေးပေးစေချင်ပါသည်။ အလွဲသုံးမှုများအတွက် ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ချမှတ်စေချင်ပါသည်။ ပွင့်လင်းမြင်သာ ရှိစေချင်ပါသည်။

ယယ်စဉ်ကပင် ဈေးတင်ရောင်းချမှုများ၊ ဈေးဆစ်မှုများနှင့် ရင်းနှီးကျွမ်းဝင်နေသော မြန်မာတို့သည် ထိုအကျင့်ကို ဖျောက်ဖျက်နိုင်ဖို့ ခက်ခဲမည်မှာ သေချာပါသည်။ အခြားသူများ၏ ဈေးတင်ခြင်း၊ ဈေးဆစ်ခြင်းကိုတော့ တားမြစ်မည်မဟုတ်ပါ။ ဝေဖန်ခြင်းမပြုပါ။ သို့သော် စီမံကိန်းဆိုင်ရာ တာဝန်ရှိသူများ၊ ခွင့်ပြုရသူများ၊ သက်ဆိုင်သူများကိုတော့ ဈေးဆစ်ခြင်းသည်းခံပါဟု လေးလေးနက်နက် မေတ္တာရပ်ခံလိုက်ရပါသတည်း။

**✳ သတ်မှတ်ချိန်ထက် အမြန်ပြီးစီးအောင်တွန်းအားပေးပြီး စီမံကိန်းများ ဆောလျင်စွာဖွင့်လှစ်ခြင်းမျိုး မလုပ်စေချင်တော့ပါ။ နံနက်ဖွင့်ပြီး ညနေ ပြန်ပိတ် ရတာမျိုး မဖြစ်စေချင်၍ ဖြစ်ပါသည်။**

**✳ တွက်ချက်ငွေကြေးထက် အဆများစွာသက်သာသောနှုန်းထားဖြင့် ဆောင်ရွက်သော စီမံကိန်းများ နောင်မရှိစေချင်ပါ။ စီမံကိန်းကြီး ရေထဲမျောပါသွားမှာစိုးလို့ ပြောခြင်းဖြစ်ပါသည်။ လပိုင်းမျှခံသော စီမံကိန်းကြောင့် ငွေနှင့်အချိန်ကိုသာမက ယုံကြည်မှုကိုပါ ဆုံးရှုံးရ**




မွန်ပြည်နယ်ရဲတပ်ဖွဲ့က ကျင်းပသော (၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့နှင့် ထူးချွန်ဆုရ တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးရှိ ရာမညဇာနည် ခန်းမ၌ ကျင်းပစဉ် ကျော်သန်း(မော်လမြိုင်)

## ရေကြီးနစ်မြုပ်ခဲ့သော စိုက်ခင်းများပြန်လည်စိုက်ပျိုး

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီးတွင် ဇူလိုင်လနှင့် ဩဂုတ်လများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ဧရာဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေများ မြင့်တက်ခြင်း၊ စက်တင်ဘာလအတွင်း ချောင်းရေလျှံခြင်းတို့ကြောင့် မိုးစပါးပျိုးခင်း ၉၁ ဧကနှင့် မိုးစပါး စိုက်ခင်း ၂၅၅ ဧက ပျက်စီးခဲ့သည်။

အဆိုပါပျက်စီးမှုဖြစ်ပေါ်ခဲ့သော ဧရိယာများတွင် အချိန်မီ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့် ထိတွေ့ပြီး သက်တမ်းတိုသော ရွှေသွယ်ရင်မျိုးကောင်း မျိုးသန့် စပါးမျိုးများ အသုံးပြုပြီး ပျိုးသက်နုစိုက်ပျိုးနည်းစနစ်နှင့် တိုက်ရိုက်မျိုးစေ့ချနည်းများဖြင့် ပြန်လည်စိုက်ပျိုးသင့်ကြောင်း၊ စပါးစိုက်ခင်းများကို ပိုးမွှားကျရောက်မှုမှ အချိန်မီ ကာကွယ်ရမည်ဖြစ်ကြောင်း၊ ပိုးသတ်ဆေးပက်ဖျန်းစဉ်တွင် ဆေးလိပ်သောက်ခြင်း၊ အစာစားခြင်းများမပြုလုပ်ရန် သတိထားရမည်ဖြစ်ကြောင်း၊ ပိုးသတ်ဆေးဖျန်းရာတွင် ကိုယ်ခန္ဓာအတွင်းသို့ ပိုးသတ်ဆေးများ ဝင်ရောက်နိုင်သဖြင့် လက်ရှည်အင်္ကျီကိုဝတ်ဆင်၍ ပက်ဖျန်းသင့်ကြောင်း ပညာပေးစည်းရုံးလျက်ရှိသည်။

ရေကြီးနစ်မြုပ်၍ပျက်စီးခဲ့သော စပါးခင်းများမှ ပျိုးခင်း ၉၁ ဧက ပျိုးထောင်နိုင်ခဲ့ပြီး စိုက်ခင်း ၁၆၃ ဧက ပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မအူပင် စိမ့်စမ်းရေထွက် ရေထွက်အားကောင်းမွန်စေရေး ဆောင်ရွက်

**နောင်ချို အောက်တိုဘာ ၅**

နောင်ချိုမြို့နယ်စည်ပင်သာယာရေးဌာနသည် နောင်ချိုမြို့၏ အဓိကအားထားသောက်သုံးလျက်ရှိသော တောင်ရပ်ကွက်အတွင်းရှိ မအူပင် စိမ့်စမ်းရေထွက်ကို ရေထွက်အားကောင်းမွန်စေရေးနှင့်ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ကျောက်ရိုးစီခြင်း၊ အုတ်ရိုးစီခြင်းကိုလည်းကောင်း ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ဒုတိယ သုံးလပတ်အတွင်း ဆောင်ရွက်လျက်ရှိသော ဘူတာရပ်ကွက်အတွင်းရှိဗိုဇက လမ်းတံတားအမှတ်(၂) မွမ်းမံပြင်ဆင်ခြင်း၊ အမှတ်(၃) တံတားမွမ်းမံပြင်ဆင်ခြင်း၊ တောင်ရပ်ကွက်အတွင်းရှိ တောင်းခမ်းလမ်း လမ်းသွယ် (၁)တံတား မွမ်းမံပြင်ဆင်ခြင်း၊ မြခွာညိုလမ်းတံတားမွမ်းမံပြင်ဆင်ခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၄ ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့် စည်ပင်တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# မြေအောက်ရေ ကြီးကြပ်ထိန်းသိမ်းရေးဥပဒေမူကြမ်း အတည်ပြုရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့် မွေးမြူရေးသုတေသနဦးစီးဌာန တစ်ခု အဖြစ် ဖွင့်လှစ်ထားခြင်းမရှိသော်လည်း ယခင် ဦးစီးဌာနဖွဲ့စည်းပုံတွင် ဌာနစုတစ်ခုအဖြစ် ဖွဲ့စည်းထားပါကြောင်း၊ ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ဦးစီးဌာနဖွဲ့စည်းပုံတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲ အဖြစ် တိုးချဲ့ဖွဲ့စည်းပြီး သုတေသန လုပ်ငန်းများ ဆောင်ရွက်ဆဲ ၁၉ ခုနှင့် လျာထားအတည်ပြုပြီး ၁၄ ခု စုစုပေါင်း သုတေသနလုပ်ငန်း ၃၃ ခု ဆောင်ရွက် လျက်ရှိပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းဝင်းက ရှင်းလင်းဆွေးနွေးသည်။



ဒေါက်တာ ထွန်းဝင်း
ဒုတိယဝန်ကြီး

ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၏ ငါးမွေးမြူရေးလုပ်ငန်းအပါအဝင် မွေးမြူရေးသုတေသနဦးစီးဌာနတစ်ခု ဖွင့်လှစ်ရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝန်ကြီးဌာန ဖွဲ့စည်းပုံကိုပြင်ဆင်ဖွဲ့စည်းပြီးဖြစ်၍ လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်သင့်သည့် သုတေသနတိုးမြှင့်ခြင်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် ဖြစ်သဖြင့် လည်းကောင်း၊ သုတေသနလုပ်ငန်းများကို ဌာနခွဲများအနေဖြင့် ဆောင်ရွက်လျက်ရှိ၍ လည်းကောင်း ငါးမွေးမြူရေးလုပ်ငန်း အပါအဝင် မွေးမြူရေးသုတေသနဦးစီးဌာနတစ်ခု ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး၏ ယင်းမာပင်မြို့နယ်ရှိ ၉၉ ကန်စီမံကိန်း လုပ်ငန်းများအနက် စီမံကိန်းထက်ဝက်ခန့်မှာ တောင်သူလယ်သမားများအတွက် အကျိုးမပြုတော့ပါသောကြောင့် စီမံကိန်းဖျက်သိမ်းပေးပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ ရောဝတီမြစ်ရေကြီးမြင့်မှုကြောင့် ရေကြီးနစ်မြုပ်သောဒေသများရှိ ပြည်သူများ၏ လူနေမှုဘဝ ပြန်လည်ထူထောင်ရေးအတွက် ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအပြင် ပြန်လည်စိုက်ပျိုးရန် သက်တမ်းတို မျိုးစပါးများ အမြန်ဆုံးဖြန့်ဝေပေးရန် အစီအစဉ်ရှိ၊မရှိ မေးခွန်းနှင့် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ T & C ကုမ္ပဏီက သိမ်းယူထားသော နားဆိုင်းကျေးရွာအုပ်စုရှိ လယ်ယာမြေများကို ဒေသခံများထံ အမြန်ဆုံး ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းဝင်းက ၉၉ ကန်ရေလှောင်တွင်း ရေကန်လှောင်ကန်စီမံကိန်းကို အမြင့်ပိုင်း ရေလျှံနိုင်သည့်နေရာများ၌ ရေလျှံတွင်းများတူးဖော်၍ မြေသားရေလှောင်ကန်များဖြင့် ရေကိုစုဆောင်းကာ ရေပေးမြောင်းငယ်များမှတစ်ဆင့် အနိမ့်ပိုင်းစိုက်ပျိုးမြေများသို့ အလိုအလျောက် ရေစီးဆင်းသည့်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေသွားရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြေအောက်ရေ ထိန်းချုပ်မှုဆိုင်ရာ ဥပဒေတစ်ရပ် အမြန်ပေါ်ထွက်လာရန် ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ မြေအောက်ရေ ကြီးကြပ်ထိန်းသိမ်းရေး ဥပဒေမူကြမ်း အတည်ပြု ပေါ်ထွက်လာရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေအောက်ရေ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊



ဦးအောင်စိုး
ယင်းမာပင်မဲဆန္ဒနယ်

ရာသီဥတုပြောင်း လဲမှုဖြစ်စဉ်များကြောင့် ရေရှားပါးမှု အခက်အခဲ ဖြစ်ပေါ်လာပါက လက်ရှိ ရေလှောင်မှုလျော့ကျနေသည့် ကန် ၃၄ ကန်ရှိ တွင်းများတွင် စက်များတပ်ဆင်ဆောင်ရွက်ပေးရန်ရှိသည့်အပြင် လက်ရှိ အခြေအနေတွင် ရေအလေအလွင့် မရှိစေရန်နှင့် တွင်းပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန် စက်ရေတွင်းထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေလျှံတွင်းများနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောမှုများ ပြုလုပ်ခြင်းစသည့် ရေရှည်ထိန်း သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် အဆိုပါ စီမံကိန်းကို ဖျက်သိမ်းရန် မရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သက်တမ်းတိုမျိုးစပါးများအမြန်ဆုံးဖြန့်ဝေပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စပါးမျိုးများကို အခမဲ့ ဖြန့်ဝေစိုက်ပျိုးစေပြီး ဖြစ်သည့်အတွက် လုပ်ငန်းဆောင်ရွက် ပြီးစီးသွားပြီဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် T & C ကုမ္ပဏီနှင့် ဒေသခံတောင်သူများ နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆို အကောင်အထည်ဖော်ခဲ့မှုနှင့် စပ်လျဉ်း၍ ကုမ္ပဏီဘက်မှ ကတိကဝတ်ဖောက်ဖျက်မှုဖြစ်ပွားပါက ဖြစ်စဉ်အရ နစ်နာမှုရှိသူများက သက်ဆိုင်ရာ တရားရုံး၌ တရားစွဲဆိုဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ခွင့်ပြုဧရိယာအတွင်း ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့် ဧရိယာ ၁၂၂ ဧကနှင့်ပတ်သက်၍ အသစ်ပြင်ဆင်ဖွဲ့စည်းမည့် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကွင်းဆင်းစစ်ဆေး၍ ခွင့်ပြုဧရိယာအတွင်းမှ ပယ်ဖျက်နိုင်ရေးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဗဟိုကော်မတီသို့ စိစစ်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မေးခွန်းရှစ်ခု မေးမြန်းဖြေကြားခဲ့ပြီး ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီအရင်ခံစာတစ်ခု ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြု

**နေပြည်တော် အောက်တိုဘာ ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း"**ကို လွှတ်တော်၏



ဒေါ်နန်းနီနီအေး
ကရင်ပြည်နယ်
မဲဆန္ဒနယ်အမှတ်(၆)

အဆုံးအဖြတ်ရယူ၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုခဲ့သည်။

တည်ဆဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည် ခွင့်ပြုမိန့်ရရှိရန်အတွက် အဆိုပြုချက်တိုင်းကို ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရခြင်း၊ နှစ်ရှည်မြေငှားရမ်းခွင့်အတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရယူရခြင်း၊ အနုညာတ ဖြေရှင်းခြင်းအဆင့်သို့ မရောက်မီ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့် နစ်နာမှု ဖြေရှင်းသည့် နည်းလမ်းမပါရှိခြင်း၊ နိုင်ငံခြားငွေလွှဲပြောင်းနိုင်ခွင့်တွင် ငွေကြေးဆိုင်ရာဖော်ပြချက်များ ပြည့်စုံစွာ မပါရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ပြည့်စုံစွာ မပါဝင်ခြင်း၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထားများပြားခြင်း၊ ကော်မရှင်၏ လုပ်ပိုင်ခွင့်အာဏာများပြားနေခြင်း၊ ဝင်ငွေခွန်ကင်းလွတ်ခွင့် အလိုအလျောက်ရရှိသည့်အတွက် တိုင်းပြည် ဘဏ္ဍာနစ်နာခြင်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေနှစ်ခုရှိနေသည့်အတွက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ခွဲခြား ဆက်ဆံသည်ဟု ထင်မြင်ယူဆခြင်းစသည့် အားနည်းချက်များ ရှိနေကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအတွင်း စီးပွားရေး နယ်ပယ်အသီးသီး၌ ရင်းနှီးမြှုပ်နှံလိုသူ အများအပြားရှိနေပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောလျင်စွာ အတည်ပြုပေးနိုင်ရန် လိုအပ်သဖြင့် ယခုလို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေးက ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြသည့် တိုင်းပြည်များတွင် လူတစ်ဦး၊ တစ်ဖွဲ့၊ တစ်စုကို ဦးတည်သည့် ဥပဒေကိုမပြုရဟု တားမြစ်ထားသကဲ့သို့ ထိုသို့ ဦးတည်ကြသည့် ဥပဒေများသည် ဥပဒေနှင့် မညီသည့် ဥပဒေများဖြစ်ပါကြောင်း၊ ယခုဥပဒေကြမ်းသည် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်ခြင်းကိုလည်း ထိပါးစေပါကြောင်း၊ လူတစ်ဦး၊ တစ်စု၊ တစ်ဖွဲ့အကျိုးစီးပွားကိုပဲ ကာကွယ်ပေးထားသည့် ဥပဒေဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံး၏ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုကို ယခုထက် ပိုမိုထိပါးလာစေနိုင်သည့်အပြင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်လည်း ဆန့်ကျင်နေသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေအဖြစ်ပြဋ္ဌာန်း၍မရသည့် ဥပဒေဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်းက ဒီမိုကရေစီတိုင်းပြည်များတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများသည် ဥပဒေအထက်တွင်ရှိသည့် လူသားများမဟုတ်သကဲ့သို့ မြန်မာ



ဦးလှဦး
စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၄)

နိုင်ငံတွင်လည်း မဟုတ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ကာကွယ်ရန် လုပ်သင့်သည့် အလုပ်ကို လုပ်ကိုင်နေကြသော အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ ထို့ကြောင့် လုံခြုံရေးတာဝန်ယူရသည့် အဖွဲ့အစည်းများ၏ လုပ်ဆောင်ပိုင်ခွင့်ကို ပိတ်ပင်သည့် ဥပဒေသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်မှုမပြုနိုင်စေရန် ဦးတည်သည့် ဥပဒေဖြစ်ခြင်းနှင့် လက်ရှိအစိုးရအား လုံခြုံရေးဆိုင်ရာကိစ္စများတွင် မျက်စိပိတ်၊ နားပိတ် မဖြစ်စေလိုခြင်းတို့ကြောင့် လက်ရှိအချိန်တွင် ပြဋ္ဌာန်းရန် မသင့်သေးပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက နိုင်ငံသားများ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရာတွင် အဆိုပါ ဥပဒေများ၏ ကောင်းကျိုးအနှစ်သာရများကို နိုင်ငံသားများ အမှန်တကယ် ရရှိခံစားနိုင်စေရန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဥပဒေကို လက်တစ်လုံးခြားလုပ်လို့ မရနိုင်သည်အထိ တိကျရှင်းလင်းပြတ်သားသည့် ပြဋ္ဌာန်းချက်များဖြစ်ရန် အထူးအရေးကြီးပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၌ လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံမှု ရပိုင်ခွင့်ရှိသည်ဟု လည်းကောင်း၊ မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း၊ ပြစ်ဒဏ်ပေးခြင်းမပြုရဟု လည်းကောင်း၊ လူတိုင်းသည် ဥပဒေအရာ၌ လူပုဂ္ဂိုလ်တစ်ဦးဦးအဖြစ် နေရာတိုင်းတွင် အသိအမှတ်ပြုခြင်းကို ခံယူပိုင်ခွင့်ရှိသည်ဟု လည်းကောင်း၊ လူတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ၎င်းအား ခံစားခွင့်ပြုထားသည့် မူလအခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရလျှင် ထိုသူသည် စီရင်ပိုင်ခွင့်ရှိသော နိုင်ငံတော်ခုံရုံးများ၏ ထိရောက်သော ကုစားပေးမှုကို ရပိုင်ခွင့်ရှိစေရမည်ဟု လည်းကောင်း၊ မည်သူမျှ မတရားဖမ်းဆီးခြင်း၊ မတရား ချုပ်နှောင်ခြင်းနှင့် မတရားစီရင်ခြင်း မခံစေရဟု ဖော်ပြပါရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်၊ လုံခြုံခွင့်အတွက် ပြည်သူများအားလုံး ရရှိခံစားနိုင်ကြရန်နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်များအတိုင်း မြန်မာပြည်သူများ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် လူ့သိက္ခာ အပြည့်အဝရရှိရန် ယင်းဥပဒေပြဋ္ဌာန်းခြင်းကို လွှတ်တော်က အမြန်ဆုံး အတည်ပြုပေးပါရန် မေတ္တာရပ်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး အောင်ကိုမင်းက နိုင်ငံတော်လုံခြုံရေးသည် အဆိုပါ နိုင်ငံတော်ရှိ အစိတ်အပိုင်းအားလုံး၏ လုံခြုံရေးဖြစ်သည်ဟု လက်ခံထားပါကြောင်း၊ နိုင်ငံတော်



ဦးဌေးဦး
ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၂)

နယ်နိမိတ်အတွင်း နေထိုင်သည့် ပြည်သူအားလုံး၏ လုံခြုံရေးကို နိုင်ငံတော်က အာမခံထားပါကြောင်း၊ တစ်ဦးတစ်ယောက်ချင်း၏ လုံခြုံရေးကို နိုင်ငံသားဖြစ်မှုနှင့် အာမခံပေးထားပြီး နိုင်ငံတော်လုံခြုံနေသမျှ ကာလပတ်လုံး လူတစ်ဦးချင်းစီလည်း လုံခြုံမှုရှိနေမည်ဖြစ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများကလည်း နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှု၍ အလေးထားဂရုပြု ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

လူပုဂ္ဂိုလ် လုံခြုံရေးကို ဦးစားပေးလွန်းပါက နိုင်ငံတော်လုံခြုံရေးတာဝန်ကို ထမ်းဆောင်ကြသူများအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကန့်သတ်ချက်များ၊ တားမြစ်ချက်များကြောင့် အခက်အခဲများစွာ ကြုံတွေ့လာနိုင်သည့်အပြင် နိုင်ငံတော်လုံခြုံရေး ကျိုးပေါက်သွားနိုင်ပါကြောင်း။

လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ရေရှည်အကျိုးကို မျှော်ကိုးသင့်ပါကြောင်း၊ သေသေချာချာ သုံးသပ်ကာ ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်ရေးဆွဲ အတည်ပြုပြီး အကျိုးစီးပွားခိုင်မာသည့် ဥပဒေတစ်ရပ်ဖြစ်သင့်ပါကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားလုံခြုံရေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ဥပဒေများ ဖြစ်သင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်စံဦးက ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ဦးစားပေးလွန်းပါက နိုင်ငံတော်လုံခြုံရေးတာဝန်ထမ်းဆောင်နေရသူများအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကန့်သတ်ချက်၊ တားမြစ်ချက်များကြောင့် နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်သောကိစ္စရပ်များကို စုံစမ်းထောက်လှမ်းခြင်း မပြုနိုင်တော့သဖြင့် အခက်အခဲများစွာ ကြုံတွေ့လာနိုင်ပြီး နိုင်ငံတော်လုံခြုံရေးကျိုးပေါက်နိုင်ပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ယူဖြန့်ဖြူးမှု၊ လူကုန်ကူးမှု၊ နိုင်ငံဖြတ်ကျော်မှုခင်းကျူးလွန်မှု၊ ဆိုက်ဘာတိုက်ခိုက်မှု စသည်တို့ကို ကျူးလွန်မည့်သူများအား အကာအကွယ်ပေးရာ ရောက်နိုင်ပါကြောင်း ဆွေးနွေးသည်။

**"နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ဥပဒေကြမ်း"**ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဥက္ကဋ္ဌက ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

# ဖိုလ်ဝင်တောင်ရှိ ကျောက်လိုဏ်ဂူများ ပြိုကျပျက်စီးနေမှုကြောင့် ဂူပေါက်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်မည်

**မုံရွာ အောက်တိုဘာ ၅**

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းမဝင်သေးသော်လည်း ပြည်တွင်း ပြည်ပ ခရီးသွားများ စိတ်ဝင်စားမှုပိုသည့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဖိုလ်ဝင်တောင် ရှေးဟောင်းသာသနာ့နယ်မြေအတွင်းရှိ ရောထွေးနေသည့် လိုဏ်ဂူနံပါတ်များ စနစ်တကျ စာရင်းသွင်းကောက်ယူမှုများကို အောက်တိုဘာလမှစတင်၍ သုံးလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသန်းထိုက်ထံမှ သိရသည်။

"ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဌာနက ရှေးကတည်းက ကောက်ယူထားတဲ့ ဂူနံပါတ်တွေကို ပြုစုပြီး ရှေးဟောင်းအဆောက်အအုံတွေ ထိန်းသိမ်းစောင့်ရှောက်ရေး စာရင်းထွက်ထားတာ ရှိပါတယ်။ စာရင်းအရ ၃၉၂ ဂူ ရှိပါတယ်။ နောက်ပိုင်းခေတ် ဂူနံပါတ်တွေကို ပြန်တပ်တာ၊ ထပ်တိုးတပ်တာတွေ ရှိပါတယ်။ ဖိုလ်ဝင်တောင်နဲ့ ရွှေဘတောင် ဂူနံပါတ်တွေဟာ ရောထွေးနေတာကို တွေ့ရတဲ့အတွက် စနစ်တကျ စာရင်းသွင်း ကောက်ယူဖို့ စီစဉ်ရတာဖြစ်ပါတယ်။ လာမယ့် သုံးလအတွင်း အပြီးစာရင်းကောက်ယူပြုစုဖို့ရှိပါတယ်"ဟု ၎င်းက ပြောပြသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ မူလကရေးထိုးထားပြီးဖြစ်သော မူလငယ်စာရင်းကို နောက်ပိုင်းခေတ်များတွင် မသိမလေ့လာဘဲ အလွယ်ပင် ဂူနံပါတ်သစ်များကို စာရင်းတွင် ထပ်မံထည့်သွင်းထားရာ ယခုနောက်ပိုင်းတွင် ဂူစာရင်းမှာ ရောထွေးနေသည့်အတွက် ပြန်လည်စာရင်းပြုစုသောလုပ်ငန်းကို အကောင်အထည်ဖော်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ ဂူနံပါတ်ရောထွေးနေသည့်အတွက် သုတေသနပြုလုပ်သူများအတွက် အနှောင့်အယှက်ဖြစ်စေသလို ဌာနမှ ဂူနံပါတ် မည်ရွေ့မည်မျှဟု ညွှန်လျှင် နံပါတ်များမှာ ဟိုးရှေးကတစ်ခု၊ အလယ်ခေတ်မှာ တစ်နံပါတ်၊ နှောင်းပိုင်းယခုကာလတွင် နံပါတ်တစ်ခုအဖြစ် အမျိုးမျိုးသတ်မှတ်ထားရာ သုတေသနလုပ်သူများအနေဖြင့် ကိုးကားရာတွင် တိကျမှုမရှိဘဲ အလုပ်မတွင်နှောင့်နှေးမှုများ မကြာခဏကြုံတွေ့ရကြောင်း သိရသည်။



ဖိုလ်ဝင်တောင်ရှိ လိုဏ်ဂူများအား တွေ့ရစဉ်

ဌာနအနေဖြင့် တိုက်ဆိုင်စစ်ဆေး အတည်ပြုပြီးပါက ငယ်စာရင်းဂူနံပါတ် အတိအကျကိုပေးနိုင်မည် ဖြစ်သကဲ့သို့ နောက်ပိုင်းထိုးထားသော နံပါတ်အတိအကျကို ပေးနိုင်မည်ဖြစ်သောကြောင့် မည်သူမဆို သုတေသနပြုလုပ်သည့်အခါ လွယ်ကူလျင်မြန်ကာ ကိုးကားရာတွင် ပိုမိုတိကျသွားစေမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရွှေဘတောင်ဘက်ရှိ ဂူနံပါတ်များကို ဖိုလ်ဝင်တောင်ဘက်မှ လိုဏ်ဂူနံပါတ်အဆက်အဖြစ် ဆက်လက်ရေးထိုးမှတ်တမ်းတင်ထားရာ ရွှေဘတောင်၌ ဂူအရေအတွက်များပြားမှု မရှိသော်လည်း ဂူနံပါတ်မှာ ၈၀၀ ကျော် ၉၀၀ အထိ ကြီးမားနေသောကြောင့် ဂူအရေအတွက်မှာ များပြားလှသည်ဟု အထင်ရှိနေကြသည်ကို တွေ့ရကြောင်း ၎င်းကပင် ဆက်လက်ရှင်းပြသည်။

ဖိုလ်ဝင်တောင်ရှိ အချို့သောဂူများသည် ကျောက်များပြိုကျပြီး သဲများနှင့်အတူ ပိတ်နေသည်များလည်းရှိရာ ယခင်ထိုးထားသော ဂူနံပါတ်များတွင် ပါဝင်မှု ရှိ မရှိ၊ နောက်ပိုင်းထိုးထားသော ဂူနံပါတ်တွင် ပါ မပါများကို စိစစ်ရေးထိုးရင်း ဂူပေါက်ရှင်းလင်း ရေးများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# သတင်းသမားများဘဝ လုံခြုံစိတ်ချနိုင်ရေးအတွက် အသက်အာမခံ ထားရှိပေးရေး မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)က စီစဉ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာနိုင်ငံရှိ သတင်းသမားများဘဝ လုံခြုံစိတ်ချနိုင်ရေးအတွက် အသက်အာမခံထားရှိပေးရေးကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)က စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"ဘင်္ဂလားဒေ့ရှ် နိုင်ငံမှာဆိုရင် သတင်းသမားတွေအများစုက အသက်အာမခံတွေ လုပ်ထားကြတယ်။Dhaka သတင်းထောက်အသင်းကဆိုရင် အုပ်စုလိုက် အသက်အာမခံ ထားကြတယ်။ မြန်မာနိုင်ငံမှာလည်း ဒီလိုအသက်အာမခံတွေထားရှိဖို့ လိုအပ်လာပါတယ်"ဟု မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA)ဥက္ကဋ္ဌ ဦးသီဟစောက ပြောသည်။

"မြန်မာနိုင်ငံမှာ သတင်းသမားတွေရဲ့ဘဝလုံခြုံရေးဟာ အာမခံချက်မရှိဘူး။ ဒါကြောင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA)က မြန်မာနိုင်ငံမှာရှိတဲ့ သတင်းသမားတွေရဲ့ဘဝ လုံခြုံစိတ်ချနိုင်ရေးအတွက် အသက်အာမခံထားဖို့ စီစဉ်နေတာဖြစ်တယ်။ မကြာမီ ကမ္ဘောဇဘဏ်နဲ့ ချိတ်ဆက်ပြီး လိုအပ်တာတွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု အသင်းဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က ပြောသည်။

ကနဦးအနေဖြင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ အသင်းဝင်များအား အသက်အာမခံထားရှိနိုင်ရေးကို စတင်လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး ယင်းကဲ့သို့ သတင်းသမားများအတွက် အသက်အာမခံထားရှိရေး လုပ်ဆောင်ပေးခြင်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်သည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းသည် သတင်းမီဒီယာသမားများ ရရှိခံစားအပ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ သတင်းမီဒီယာသမားများ၏ လူမှုရေးကိစ္စများ၊ သက်သာချောင်ချိရေးကိစ္စများတွင် ကူညီဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် သတင်းမီဒီယာသမားများ၏ အကျိုးစီးပွားကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းသည် သတင်းမီဒီယာသမားများအား အမျိုးသားသတင်းဆု ချီးမြှင့်ပေးအပ်ခြင်း၊ ဂုဏ်ပြုမှတ်တမ်းတင်ခြင်း၊ သက်ကြီးသတင်းစာ ပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကိုလည်း နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံသတင်းစာဆရာအသင်းတွင် အသင်းဝင်အင်အား ၁၆၀၀ ခန့်ရှိပြီး အသင်းဝင်များ နာမကျန်းဖြစ်၍ ဆေးရုံများတွင် ဆေးကုသမှုခံယူပါက ထောက်ပံ့ငွေကျပ် ငါးသောင်း၊ ကွယ်လွန်ပါက တစ်သိန်း၊ သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြောင့် ထိခိုက်နစ်နာမှုရှိပါက ကူညီထောက်ပံ့ပေးလျက်ရှိသည်။ အလားတူ အသင်းဝင်မဟုတ်သော်လည်း သတင်းကိစ္စအမျိုးမျိုးကြောင့် အကျဉ်းကျခြင်း၊ ထိခိုက်မှုရှိခြင်း၊ ကွယ်လွန်ခြင်းများ ဖြစ်ပွားပါကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်သူရ**

# မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ (မူဆယ်) ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၅**

(၁၆) ကြိမ်မြောက် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ (မူဆယ်)နှင့် (၁၂)ကြိမ်မြောက် တရုတ်- မြန်မာနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ မင်္ဂလာမူဆယ်ဈေး အထူးစီးပွားရေးဇုန်၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ် ကုန်စည်ပြပွဲကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအစည်းအဝေး၊ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးဌာနများ တွေ့ဆုံဆွေးနွေးခြင်း၊ ကုန်သွယ်မှုစာချုပ်ချုပ်ဆိုခြင်း၊ မြန်မာ-တရုတ်ကုန်သွယ်မှု အစည်းအဝေးပြုလုပ်ခြင်း၊ မြန်မာ-တရုတ်အနုပညာဖလှယ်ခြင်း အစီအစဉ်များ၊ နှစ်(၆၀) ပြည့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အထိမ်းအမှတ် အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြပွဲတွင် ပြခန်းပေါင်း ၂၀၀ ကျော်ဖြင့် ခင်းကျင်းပြသမည်ဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လုပ်ငန်းရှင်များအတွက် ပြခန်း ၁၅၀ ကျော်ခန့်၊ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအတွက် ပြခန်း ၅၀ ခန့် ပြသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏

# လယ်ဧက ၆၀ အကျိုးပြုနေသည့် အိုင်မရိုးတစ်ဖက်ဆည်ကန် ကျိုးပေါက်

**မလှိုင် အောက်တိုဘာ ၅**

မလှိုင်မြို့နယ်၌ စက်တင်ဘာလ နောက်ဆုံးပတ်မှ အောက်တိုဘာ ၃ ရက်အထိ ညပိုင်း မိုးမပြတ်ရွာသွန်းခဲ့သဖြင့် အိုင်မရိုးကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၈)ရှိ အိုင်မရိုး တစ်ဖက်ဆည်ကန်သည် အောက်တိုဘာ ၅ ရက် နံနက် ၆ နာရီတွင် ကျိုးပေါက်ပြီး ရေများလျှံထွက်နေကြောင်း သိရသည်။

အိုင်မရိုး တစ်ဖက်ဆည် ကန်ပေါင်၏ ပေတိုင် ၁၁၀၀ အကွာ ကန်ပေါင်အောက်ခြေ၌ အကျယ် လေးပေခန့်ရှိ ကျိုးပေါက်တစ်ခု ဖြစ်ပေါ်ခဲ့ပြီး အဆိုပါအပေါက်မှ ရေများအဆက်မပြတ် လျှံထွက်နေပြီး တာပေါင်အောက်ဘက်ရှိ ရေလမ်းကြောင်းအတိုင်း စီးဆင်းသွားသဖြင့် လူ၊ တိရစ္ဆာန်နှင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ အဆိုပါကန်ကို ၂၀၁၄ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနက ပြန်လည်ပြုပြင် တည်ဆောက်ပေးခဲ့ပြီး ကျေးရွာကန်ကော်မတီက ထိန်းသိမ်းထားသော ကန်ဖြစ်သည်။ စိုက်ပျိုးမြေ လယ်ဧက ၆၀ ကို ရေပေးဝေနိုင်သည့်အပြင် ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးနေသည့်ကန် ဖြစ်သည်။ ကန်၏ တာပေါင်အလျားမှာ ပေ ၁၂၀၀၊ အမြင့် ၁၃ ပေ၊ ထိပ်ပြင်အကျယ် ၁၄ ပေရှိသည်။

ကန်ကျိုးပေါက်ရာနေရာကို အမြန်ဆုံးပိတ်ဆို့နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံရွာသားများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည် ။

**အောင်ဌေး (မလှိုင်)**





# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းရှိ အိမ်နှစ်လုံးပြိုကျ

**တောင်သာ အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်၌ အောက်တိုဘာ ၃ ရက် ညပိုင်းက မိုးရေချိန် ၁ ဒသမ ၀၂ လက်မအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ဇဂျမ်းကျေးရွာမှ စီးဆင်းလာသော ရိုးရေများကြောင့် နန်းတည်ကျေးရွာအနောက်ဘက် မြေနိမ့်ပိုင်းရှိ လူနေအိမ်နှစ်လုံး ပြိုကျခဲ့သည်။ ဇဂျမ်းကျေးရွာမှ စီးဆင်းလာသော ရိုးရေများကြောင့် နန်းတည်ကျေးရွာရှိ ဒေါ်ခင်စန်းရွှေ၏ (၃×၃) ပင် သွပ်မိုးထရံကာ နေအိမ်တစ်လုံးပြိုကျပြီး ဦးဖိုးကျော်၏ (၃×၃)ပင်ထန်းရွက်မိုး၊ ထန်းရွက်ကာနေအိမ်တစ်လုံး ယိုင်နဲ့ခဲ့သည်။

ပြိုကျသွားခဲ့သည့် အိမ်ထောင်စုဝင် မိသားစုများသည် ဆွေမျိုးသားချင်းနေအိမ်၌ ခေတ္တယာယီတည်းခိုနေထိုင်လျက်ရှိပြီး ပြိုကျသွားသည့်နေအိမ်ကို အမြန်ပြန်လည်ဆောက်လုပ်နိုင်ရေး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ဆွေမျိုးသားချင်းများက စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန် / ဆက်)**

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၈ ။)**
**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်**
**( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံသား** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘ နှစ်ပါးမှ မွေးဖွားသူနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူတို့ကို ဆိုသည်။

(ခ) **လက်နက်** ဆိုရာတွင် လက်နက်အက်ဥပဒေများနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် လက်နက်၊ ကိရိယာတန်ဆာပလာများအပြင် သူတစ်ဦးဦးအား ဘေးအန္တရာယ်တစ်စုံတစ်ရာဖြစ်စေနိုင်သော ပစ္စည်းလည်းပါဝင်သည်။

(ဂ) **ငြိမ်းချမ်းစွာစုဝေးခြင်း** ဆိုသည်မှာ ဤဥပဒေနှင့်အညီ အများပြည်သူဆိုင်ရာ နေရာတွင်မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ နိုင်ငံသားများကဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်ကဖြစ်စေ လက်နက်မပါဘဲ ငြိမ်းချမ်းစွာရောက်ရှိခြင်း၊ ဟောပြောခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် အလားတူ ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(ဃ) **ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း** ဆိုသည်မှာ ဤဥပဒေနှင့်အညီ အများပြည်သူ ဆိုင်ရာလမ်းတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ နိုင်ငံသားများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစနစ်တကျ လှည့်လည်ခြင်း၊ ကြွေးကြော်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် အလားတူ ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(င) **အသိပေးတင်ပြချက်** ဆိုသည်မှာ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရန် ဤဥပဒေနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့စာဖြင့် အကြောင်းကြားခြင်းကို ဆိုသည်။

(စ) **ပိုစတာ** ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှု မဖြစ်စေသောမိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့် ရေးသား၍ဖြစ်စေ၊ ဆိုင်းဘုတ်၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း သို့မဟုတ် ရုပ်တုဖြင့်ဖြစ်စေ၊ ရုပ်မြင်သံကြား ထုတ်လွှင့်သည့်နည်းလမ်းဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဖော်ပြပြီး လက်တွင် ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ အရာဝတ္ထုတစ်ခုခုတွင် ကပ်ထားနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသည့်အရာကို ဆိုသည်။

(ဆ) **ဆိုင်းဘုတ်** ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်း တစ်ခုခု၏ အမည်၊ အထိမ်းအမှတ်တံဆိပ်တို့ကို ရေးသားဖော်ပြချက်များ အပါအဝင် လူတစ်ဦးတစ်ယောက်၏အသရေကို နစ်နာမှု မဖြစ်သော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကိုစာဖြင့် ရေးသား၍ လက်တွင် ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ တစ်နေရာရာ၌ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသော အရာကိုဆိုသည်။

(ဇ) **အလံ** ဆိုရာတွင် နိုင်ငံတော်အလံ၊ တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံတို့ ပါဝင်သည်။

*(ဆက်လက်ဖော်ပြပါမည်။)*



# ဇေယျာသီရိမြို့နယ်တွင် စပါးရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၅**

ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် စပါးရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကို အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီက ဇေယျာသီရိမြို့နယ် ကျောက်ချက်စိုက်ပျိုးစီးပွား အသိပညာပေး စင်တာ (KC)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးမျိုးနိုင်က တောင်သူများအနေဖြင့် ယခုကဲ့သို့ စပါးရိတ်သိမ်းချိန်လွန် နည်းပညာပေးသင်တန်းသို့ တက်ရောက်ခြင်းအားဖြင့် များစွာအထောက်အကူဖြစ်နိုင်ကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့မှ တာဝန်ခံသင်တန်းနည်းပြဆရာ ဦးခင်မောင်ဝင်းက သင်တန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့် သင်တန်းကို အောက်တိုဘာ ၄ ရက် နှင့် ၅ ရက် နှစ်ရက်တာပို့ချမည်ဖြစ်ပြီး သင်တန်းသို့ ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျောက်ချက်၊ သစ်တပ်၊ မအူတော၊ အောင်ဇေယျ၊ သက်နှင်းအင်း၊ ရေဆင်းစသည့် ကျေးရွာများမှ စပါးစိုက်ပျိုးသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသောစက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၄ | The key collectiom | လူးဝစ္စဘရေးလ် | ၁၅၀၀ိ/- | The key collection |
| ၂၅ | ရွှေနွယ် | မိုးဘိုင်းပထမမှသည်ကြီးမြတ်ခြင်းဆီသို့ | ၃၅၀၀ိ/- | အခွင့်အလမ်းစာပေ |
| ၂၆ | တင်ထွေး-မြန်မာပြန် | တရုတ်ပြည်ပေါ်မှကြယ်နီ | ၄၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၂၇ | ဦးမြသိန်း (ကြေး/မြေ-ညွှန်မှူးချုပ်-ငြိမ်း) | ရခိုင်ပြည်သူများ၏ လွတ်လပ်ရေး ကြိုးပမ်းမှု | ၂၅၀၀ိ/- | ဂုဏ်ထူးစာပေ |
| ၂၈ | သံလွင်မြင့် သရုပ်ဖော်-အောင်နိုင်ဦး | ဖွေးဖွေးအမှိုက်မပစ်တော့ပါ | ၁၅၀၀ိ/- | Third Story Projiect |
| ၂၉ | မမလင်း သရုပ်ဖော်-သီဟ(စခန်းသစ်) | စုပေါင်းညီညာပျော်စရာ | ၁၅၀၀ိ/- | Third Story Projiect |
| ၃၀ | မြန်မာပုံပြောသူများအဖွဲ့ | သရုပ်ဖော်-ကာကြီး စူပါဟီးရိုး | ၁၅၀၀ိ/- | Third Story Projiect |
| ၃၁ | စိုးမိုးမြင့်သရုပ်ဖော်-ကာကြီး | သစ်တောသစ်ပင် ချစ်စေချင် | ၁၅၀၀ိ/- | Third Story Projiect |
| ၃၂ | သီရိ သရုပ်ဖော်-**ATH** | ဥယျာဉ်မှူးလေးပုံပုံ | ၁၅၀၀ိ/- | Third Story Projiect |
| ၃၃ | ရွှေမိ သရုပ်ဖော် -ကာကြီး | ဖိုးမောင်လေးနှင့်သူငယ်ချင်းများ | ၁၅၀၀ိ/- | Third Story Projiect |
| ၃၄ | ဖြိုးဖြိုးမြင့် ကာတွန်း-ကာကြီး | ဘဲကလေးစိစိ | ၁၅၀၀ိ/- | Third Story Projiect |
| ၃၅ | သံလွင်မြင့် သရုပ်ဖော်-သီဟ(စခန်းသစ်) | မျောက်ကလေးရဲ့ကြိုး | ၁၅၀၀ိ/- | Third Story Projiect |
| ၃၆ | ဦးဦးသီဟ သရုပ်ဖော်ဘဌေးကြည် | တူတာလေးတစ်ခု | ၁၅၀၀ိ/- | Third Story Projiect |
| ၃၇ | ရွှေမိ-သရုပ်ဖော်-ဖေသစ်တည် | မြွေနဲ့ဖား | ၁၅၀၀ိ/- | Third Story Projiect |
| ၃၈ | သံလွင်မြစ် သရုပ်ဖော်-သီဟ(စခန်းသစ်) | အိုးကလေးနှစ်လုံးပုံပြင် | ၁၅၀၀ိ/- | Third Story Projiect |
| ၃၉ | | ဂျာနယ်လစ် သတင်းစဉ်-၁ | ၂၈၀၀ိ/- | JournalistPublishing |
| ၄၀ | ဝတ္ထု-ကြပ်ကလေး ကာတွန်း-ဝိဇ္ဇာ | အဖြူရောင် ပဥ္စလက် | ၂၂၀၀ိ/- | အောင်မြင်စာပေ |
| ၄၁ | Ministry Of Planning And Finance | SELECTED MONTHLY ECONOMIC INDICATORS Apirl 2016 | ၅၀၀၀ိ/- | ဦးအောင်ကျော်ဦး |
| ၄၂ | ဒေါက်တာ အရှင်သူရိယ Ph.D (Philosophy) | ရှင်တော်မြတ်ဘုရား | ၁၀၀၀ိ/- | |
| ၄၃ | ကိုဆွေ(ပန်နိုရားမား) | မဖြေရှင်းနိုင်သော ကမ္ဘာ့ကျော်ပဟေဠိများ-၉ | ၃၀၀၀ိ/- | panoramapublishing |
| ၄၄ | ဘဒ္ဒဝဏ္ဏိတ | ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအတွက် ဘာသာရေးရှုထောင့် အကြံပြုချက်များ | ၃၀ိ/- | |
| ၄၅ | ဘဒ္ဒဝဏ္ဏိတ | ဂျာမနီနိုင်ငံသား လူဝင်စားနှင့် ပရလောကသားများ | ၃၀ိ/- | |
| ၄၆ | ကလောင်စုံ | လင်းလွန်းခင်စိတ်ကြိုက်ရာသီစက်ဝန်းထဲမှ အက်ဆေးများ(၃) | ၂၅၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၄၇ | အယ်ဒီတာ(အေးမောင်ကျော်) | မြန်မာရေးရာ(Myanmar Affairs) အမှတ် ၁ အောက်တိုဘာ ၂၀၁၆ | ၃၀၀၀ိ/- | မြန်မာ့ရေးရာ |
| ၄၈ | ဆရာမင်းသိန်း | ၂၀၁၇ ရွှေမန်း ဗေဒင်ဒိုင်ယာရီ | ၃၀၀၀ိ/- | လှိုင်စာပေ |
| ၄၉ | ပန်းချီ သရုပ်ဖော် မျိုးမာန် | KG သူငယ်တန်းကလေးများအတွက် သီဆိုလှုပ်ရှားကလေးကဗျာ | ၅၀၀ိ/- | မြင့်မိုရ်မေမေစာပေ |
| ၅၀ | ပန်းချီ သရုပ်ဖော် မျိုးမာန် | ကလေးရဟန္တာများ(၃) | ၁၅၀၀ိ/- | မြင့်မိုရ်မေမေစာပေ |
| ၅၁ | | ရွှေနိုင်ငံ Fashion Collection(38) | ၃၀၀၀ိ/- | ရွှေနိုင်ငံစာပေ |
| ၅၂ | Ne Phoo Ba Swe(နေဖူးဗဆွေ) BE(Civil),DM | Englishmen Write Like So | ၃၀၀၀ိ/- | နေဖူးဗဆွေ |
| ၅၃ | အရှင်ဇဝန | သူတော်ကောင်းတို့၏ ဘဝငြိမ်းချမ်းရေးဆုတောင်းများ | | ၂၀၀၀ိ/- |
| ၅၄ | မင်းယျာ | ကျွန်တော်ကြိုက်၍ စီစဉ်တင်ဆက်သော သူ့ဆောင်းပါးများ | | ၃၀၀၀ိ/- |
| ၅၅ | ကလောင်စုံ | ခေတ်ကြီးပေါ်က စကားလုံးဆက်တင် | ၁၅၀၀ိ/- | နီနီရဲသွေး |
| ၅၆ | ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ် | စိတ္တာနုပဿန | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၅၇ | ဦးခင်မောင်ဆွေ | သက်ရှည်ကျန်းမာလေ့ကျင့်ပါလေ့ကျင်ခန်းများ(၃) | ၃၅၀၀ိ/- | စာပေလောက(၆) |
| ၅၈ | ဟိန်းလတ် | သားတို့အတွက် အမွေ တန်ဖိုးထိုက်သော အတွေးဘဏ္ဍာတိုက် | ၁၅၀၀ိ/- | မဇ္ဈိမ |
| ၅၉ | သျှင်ဥက္ကဋ္ဌ | နတ်မှီ ရေစမ်းမှ ရေပန်းကလေးများ | ၁၅၀၀ိ/- | ပုလဲစာပေ |
| ၆၀ | ဦးလှမြင့်(ဂန္ဓမာ) | ဆရာဝန် ဆေးညွှန်းအတိုင်း လူနာမလိုက်နာလျှင် နှင့် အခြားကျန်းမာရေး ဆောင်းပါးများ | ၂၅၀၀ိ/- | မိဘမေတ္တာ |
| ၆၁ | ဒေါက်တာ ဌေးအောင် | ကျွန်တော်ထောင်းမိသော ပေါင်များနှင့် ခပ်စပ်စပ် ကျန်းမာရေး ဆောင်းပါးများ | ၄၀၀၀ိ/- | မိဘမေတ္တာ |
| ၆၂ | အရှင်သူရိယ | မသိမဖြစ်-၄ နေ့စဉ်သုံးအဘိဓမ္မာ | ၁၀၀၀ိ/- | မြတ်မျိုးမြန်မာ စာပေ |
| ၆၃ | ကလောင်စုံ | အတွေးအမြင် ၂၀၁၆ အောက်တိုဘာ | ၂၀၀၀ိ/- | ဒေါင်းစာပေ |
| ၆၄ | လှိုင်ကြာဖြူ(လားရှိုး) | မုန်းဖို့လွယ်တယ်မေ့ဖို့ခက်တယ် | ၁၅၀၀ိ/- | ရွှေပဒေသာ |
| ၆၅ | ဖိုးကျော့ | အောင်ပွဲသို့ချီရာဝယ် | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၆၆ | ကြူမွှေး | လူပျိုတော်နှင့်ရွှေမင်းသမီး | ၂၂၀၀ိ/- | စိတ်ကူးချိုချို |
| ၆၇ | မိုးစက်ပွင့် | အချစ်သည်ငါနှင့် မသက်ဆိုင်တော့ပါကြောင်း | ၁၆၀၀ိ/- | ရွှေပဒေသာ |
| ၆၈ | မင်းသိခ် | ဖြစ်ချင်တာဖြစ် မောင်ဘချစ် | ၈၀၀၀ိ/- | မျက်ပွင့် |
| ၆၉ | ဂျာနယ်ကျော်မမလေး | ယဉ်ကျေးမှုခရီးသည် | ၅၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၀ | မမသဒ္ဒါမောင် | ထက်မြက်ချို | ၁၇၀၀ိ/- | ရွှေပဒေသာ |
| ၇၁ | ဘုန်းနိုင် | စကားပြောတတ်မှ လုပ်ငန်းမှာ အဆင်ပြေမယ် | ၁၅၀၀ိ/- | မနောဖြူ |
| ၇၂ | ခွန်သက်တင်ဆန်း | ရင်သို့စူးဝင် စစ်မြေပြင် | ၂၀၀၀ိ/- | |
| ၇၃ | မင်းလူ | ရယ်မောခြင်း ပေါင်းချုပ် | ၉၅၀၀ိ/- | ငါတို့စာပေ |
| ၇၄ | ရဲနောင် | စိမ်းနေဦးမည့်ကျွန်မရဲ့ချယ်ရီမြေ | ၃၀၀၀ိ/- | အိပ်မက်သစ် |
| ၇၅ | အလင်းသစ် | ရေငတ်ပန်းမို့ပို့မွှေးလေရော့သလား | ၁၅၀၀ိ/- | ရွှေပဒေသာ |
| ၇၆ | ဟန်နီဦး | ချယ်ရီပန်းအဘိုးအို နှင့်အခြား ပုံပြင်များ | ၃၀ိ/- | ရွှေပဒေသာ |

# ငြိမ်းချမ်းရေးစာချုပ်ကို ကန့်ကွက်သူများကြောင့် ကိုလံဘီယာအစိုးရအခက်တွေ့

**ဘိုကိုတာ အောက်တိုဘာ ၅**

ကိုလံဘီယာအစိုးရနှင့် မားဆစ်ပြောက်ကျားတပ်ဖွဲ့တို့ လေးနှစ်ကျော်ကြာအောင် ကြိုးစားပမ်းစား ညှိနှိုင်းဆွေးနွေးကြသည့် ငြိမ်းချမ်းရေးသည် တုန်လှုပ်ဖွယ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်များကြောင့် ငြင်းပယ်ခံလိုက်ရပြီးနောက် အင်္ဂါနေ့တွင် ကြိုးပမ်းသမျှ အရာမထင်ဖြစ်ခဲ့ကြောင်း သိရသည်။

မဲပေးမှုတွင် ကိုလံဘီယာနိုင်ငံသားများက သူပုန်များအား သက်ညှာလွန်းသည်ဟုဆိုကာ သဘောတူညီချက်ကို ရှုတ်ချခဲ့ကြရာ ကိုလံဘီယာသမ္မတ ဂျူအန်မန်နျူရယ်ဆန်တို့စ် အား ဒုက္ခရောက်စေခဲ့သည်။

ညှိနှိုင်းဆွေးနွေးမှုခေါင်းဆောင် ဟမ်ဘာတိုဒီလာကယ်လီနှင့် ဆာဂျီယိုဂျရာမီလိုတို့သည် အင်္ဂါနေ့တွင် ကိုလံဘီယာလက်နက်ကိုင်တော်လှန်ရေးအင်အားစု (FARC) အဖွဲ့နှင့်တွေ့ဆုံကာ သူပုန်များအနေဖြင့် ဘာလိုချင်သည်ကို သိရှိနိုင်ရေး တွေ့ဆုံဆွေးနွေးရန် ဟာဗားနားရှိ ကွန်ဗင်းရှင်းစင်တာသို့ ပြန်လည်သွားရောက်ခဲ့ကြောင်း သိရသည်။

မဲထည့်ဝင်ခြင်းမရှိသူများ အပါအဝင် တနင်္ဂနွေနေ့ ဆန္ဒခံယူပွဲတွင် ပါဝင်ခဲ့ကြသူ ရာနှုန်းထက်ဝက်ခန့်ကမူ စစ်ပွဲအဆုံးသတ်ရေးကိုသာ အလိုရှိကြောင်းပြောဆိုနေကြသည်။

သို့သော် အဆိုပါ သဘောတူစာချုပ်တွင်ပါရှိသည့် FARC အဖွဲ့အတွက် လွှတ်တော်၌ရရှိမည့်ရာထူးနေရာများနှင့် ခေါင်းဆောင်များအား ဖမ်းဆီးထောင်ချခြင်းမှ ကင်းလွတ်ခွင့်အပါအဝင်အခြားသော နိုင်ငံရေးဆိုင်ရာ အရေးကြီးအချက်အလက်များကို သဘောထားတင်းမာသည့် သမ္မတဟောင်း အယ်ဗာရိုယူရိုဘီ ဦးဆောင်သောအဖွဲ့၏ ဆန့်ကျင်ကန့်ကွက်မှုများရှိနေခဲ့သည်။

**(ရိုက်တာ)**






# ရှာရာပိုဗာအား တင်းနစ်ပြိုင်ပွဲမှ နှစ်နှစ်ကြာထုတ်ပယ်မှုကို ၁၅ လသို့ လျှော့ချ

**မော်စကို အောက်တိုဘာ ၅**

ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာအား တားမြစ်ဆေးသုံးစွဲသည်ဟု တွေ့ရှိခဲ့မှုကြောင့် နှစ်နှစ်ကြာပိတ်ပင်မှုပြုလုပ်ခဲ့ရာမှ အားကစားဆိုင်ရာ ခုံသမာဓိရုံးသို့ ၎င်း၏ အသနားခံလျှောက်လဲမှုကြောင့် ၁၅ လသို့ လျှော့ချပေးခဲ့ကြောင်း သိရသည်။

အကောင်းဆုံးတင်းနစ်ချန်ပီယံဆုရှင်အဖြစ် ငါးကြိမ်တိုင်တိုင် ဆွတ်ခူးရရှိခဲ့သူ အသက် ၂၉ နှစ်အရွယ်ရှိ ရှာရာပိုဗာသည် ၂၀၁၆ ဩစတြေးလျပွဲ၌ မယ်လ်ဒိုနီယံ စိတ်ကြွရူးသွပ်ဆေးဝါးများသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် နိုင်ငံတကာ တင်းနစ်ဖက်ဒရေးရှင်းအဖွဲ့က ၎င်းအား ပွဲစဉ်များ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ နှစ်နှစ်ကြာပိတ်ပင်မှုပြုလုပ်ခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် ၂၀၁၇ ဧပြီ ၂၆ ရက်မှသာ တင်းနစ်ကစားပွဲများသို့ ပြန်လည်ဝင်ရောက်နိုင်တော့မည်ဖြစ်သည်။ "ကျွန်မကစားကွင်းထဲကို ပြန်ရောက်မယ့်နေ့ရက်တွေကို လက်ချိုးရေတွက်နေပါတယ်။ ကိုယ်မြတ်နိုးတဲ့ အရာတစ်ခုကို ဆွဲနုတ်ယူသွားသလိုမျိုး ခံစားလိုက်ရပြီး ဒါကို ပြန်ရရှိဖို့ပဲ တွေးနေမိပါတယ်။ တင်းနစ်က ကျွန်မရဲ့ စွဲလမ်းမှုပါ။ ဒါကို လက်လွှတ်ခဲ့ရတယ်" ဟု ၎င်းက ပြောခဲ့သည်။

နှလုံးရောဂါကုဆေးဝါးဖြစ်သည့် မယ်လ်ဒိုနီယမ်သည် မိုင်ဒရွန်နိတ်ဟုလည်း လူသိများပြီး ၂၀၁၆ ဇန်နဝါရီ ၁ ရက်မှစတင်ကာ တားမြစ်ဆေးအဖြစ်ပိတ်ပင်ခဲ့သည်။

**(ဘီဘီစီ)**

# ကက်ရှ်မီးယားသတင်းစာထုတ်ဝေမှုပိတ်ပင်ခံရသည့်အတွက် ဝေဖန်မှုများမြင့်တက်

**နယူးဒေလီ အောက်တိုဘာ ၅**

ဆူပူအုံကြွမှုများဖြစ်အောင် လှုံ့ဆော်သည်ဟူသောစွပ်စွဲချက်ဖြင့် သတင်းစာတစ်စောင်အားထုတ်ဝေခွင့် ရပ်ဆိုင်းလိုက်သည့်အတွက် နိုင်ငံရေးလှုပ်ရှားမှုအဖွဲ့များက အိန္ဒိယအုပ်ချုပ်ရေးအာဏာပိုင်များအား ဝေဖန်ရှုတ်ချခဲ့ကြသည်။

အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသည့် Kashmir Reader အိန္ဒိယနေ့စဉ်သတင်းစာကို ပဋိပက္ခဖြစ်ပွားပြီး ရက်သတ္တပတ်အနည်းငယ်အကြာတွင် ထုတ်ဝေမှုရပ်ဆိုင်းရန်အမိန့်ချမှတ်ခဲ့သည်။

နိုင်ငံရေးအုပ်စုများက ထိုသို့ပိတ်ပင်မှုသည် သတင်းစာလွတ်လပ်ခွင့်ကိုထိုးနှက်တိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။ ကက်ရှ်မီးယား၌ ဇူလိုင်လမှစတင်ကာ ဆန္ဒပြဆန့်ကျင်သူများနှင့်လုံခြုံရေးအင်အားစုများကြား ဖြစ်ပွားခဲ့သည့်ပဋိပက္ခအတွင်း လူပေါင်း ၈၀ ကျော် သေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာဒဏ်ရာရရှိခဲ့သည်။

အဆိုပါပဋိပက္ခသည် လူသိများသည့် စစ်သွေးကြွခေါင်းဆောင် ဘာဟန်ဝါနီသေဆုံးရာမှ စတင်ပေါက်ဖွားလာခဲ့သည်။ လေးနှစ်သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သည့် ကက်ရှ်မီးယားရီးဒါးသတင်းစာသည် ကက်ရှ်မီးယားဒေသ၌ရေပန်းစားပြီး ဆရီနာဂါမှ ပုံနှိပ်ထုတ်ဝေသည်။ ပြီးခဲ့သည့် တနင်္လာနေ့မှစတင်ကာ သတင်းစာထုတ်ဝေမှုရပ်တန့်ခဲ့ကြောင်း သိရသည်။

**(ဘီဘီစီ)**




# ပထမဆုံး အချမ်းသာဆုံးနေရာတွင် ၂၃ နှစ်ဆက်တိုက် ဘီလ်ဂိတ်ရပ်တည်နေကြောင်း ဖော့ဘ်မဂ္ဂဇင်းတွင် ဖော်ပြ

**ဝါရှင်တန် အောက်တိုဘာ ၅**

အမေရိကန် စီးပွားရေးမဂ္ဂဇင်းဖြစ်သည့် ဖော့ဘ်တွင် အမေဇုန်တည်ထောင်သူ ဂျက်ဖ်ဘီဇိုဇ်သည် ဒုတိယ အချမ်းသာဆုံးအမေရိကန်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ပထမချမ်းသာဆုံးသူမှာ ဘီလ်ဂိတ်ဖြစ်ကြောင်းဖော်ပြခဲ့သည်။

အမေရိကန် စီးပွားရေးမဂ္ဂဇင်း ဖော့ဘ်က ဘီဇိုဇ်သည် ၎င်း၏စစ်တမ်းကောက်ယူရာတွင် နှစ်မှတ်အသာဖြင့် ဒုတိယနေရာ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖော့ဘ်မဂ္ဂဇင်းသည် အမေရိကန်ပြည်ထောင်စု၏ အချမ်းသာဆုံး အယောက် ၄၀၀ စာရင်းကို နှစ်စဉ်ထုတ်ပြန်လျက်ရှိသည်။

ဘီလ်ဂိတ်သည် ၂၃ နှစ်ဆက်တိုက် ပထမ အချမ်းသာဆုံးစာရင်းတွင် ရပ်တည်လျက်ရှိပြီး ဒေါ်လာ ၈၁ ဘီလီယံကြွယ်ဝကာ အမေဇုန် စီအီးအို ဘီဇိုဇ်သည် ဒေါ်လာ ၆၇ ဘီလီယံကြွယ်ဝကာ ဒုတိယနေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

အမေဇုန်ကုမ္ပဏီရှယ်ယာများမှာ ထိုးတက်သွားပြီး ၎င်း၏ကံကြမ္မာ ပြောင်းလဲသွားခြင်းဖြစ်ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**



# တူရကီတပ်ဖွဲ့များကို အီရတ်တွင်ဆက်ထားပါက ဒေသတွင်းစစ်ပွဲဖြစ်ပေါ်နိုင်ကြောင်း အီရတ်ဝန်ကြီးချုပ် သတိပေး

**ဘဂ္ဂဒက် အောက်တိုဘာ ၅**

အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အာဘာတီက တူရကီအနေဖြင့် ၎င်း၏တပ်ဖွဲ့များကို အီရတ်တွင်ဆက်ထားပါက ဒေသတွင်းစစ်ပွဲဖြစ်ပေါ်နိုင်ကြောင်း သတိပေးခဲ့သည်။

အောက်တိုဘာ ၄ ရက် သတင်းစာရှင်းလင်းပွဲ၌ အီရတ်နှင့် ဆီးရီးယားရှိ အကြမ်းဖက်အဖွဲ့များ ဆန့်ကျင်သည့် စစ်ဆင်ရေးများ ဆင်နွှဲဖို့ နောက်ထပ်တစ်နှစ်ထပ်မံခွင့်ပြုရန် လုပ်ပိုင်ခွင့်အာဏာပေးရေး လွန်ခဲ့သောအပတ်က တူရကီပါလီမန်ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး အာဘာတီက ထိုသို့တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။

တူရကီတို့အနေဖြင့် အီရတ်ကိစ္စများတွင် ဝင်ရောက်မစွက်ဖက်ရေး အကြိမ်ကြိမ် သတိပေးပြောကြားခဲ့ကြောင်း၊ တူရကီတို့ဝင်ရောက်စွက်ဖက်မှုက ပြည်တွင်းစစ်ဖြစ်ပေါ်လာမည်ကို စိုးရိမ်မိကြောင်း အာဘာတီက ပြောကြားခဲ့သည်။

တူရကီဦးဆောင်မှုများသည် လက်မခံနိုင်စရာဖြစ်နေကြောင်း၊ တူရကီနှင့်စစ်ရေးဆိုင်ရာ ထိပ်တိုက်မတွေ့ချင်ကြောင်း ၎င်းကပြောကြားခဲ့သည်။

**(ရိုက်တာ)**

မဟာမိတ် အမေရိကန်အား စကားဖြင့် ပြင်းထန်စွာထိုးနှက်တိုက်ခိုက်ပြီးနောက် အမေရိကန်-ဖိလစ်ပိုင်ဆက်ဆံရေးမှာ ထိလွယ်ရှလွယ်အခြေအနေဖြစ်ပေါ်နေချိန်တွင် ဖိလစ်ပိုင်သမ္မတအနေဖြင့် အမေရိကန်ကို ပြစ်တင်ပြောကြားလျှင် တရုတ်နှင့် ရုရှားနှစ်နိုင်ငံလုံးက ကူညီထောက်ပံ့ပေးရန် အဆင်သင့်ရှိနေသည်ဟု သမ္မတဒူတာ်တေးက မကြာသေးမီက ပြောကြားခဲ့သည်။

# အမေရိကန်-ဖိလစ်ပိုင် ဆက်ဆံရေးတစ်ခန်းရပ်ပြီလား



လွန်ခဲ့သောလက လာအိုနိုင်ငံ၌ကျင်းပသော အစည်းအဝေးတွင် ဖိလစ်ပိုင်သမ္မတ ဒူတာ်တေးနှင့် ရုရှားဝန်ကြီးချုပ် ဒီမီထရီမက်ဗီဒက်တို့ ခေါင်းဆောင်နှစ်ဦး သီးသန့်တွေ့ဆုံစဉ် အကယ်၍ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အမေရိကန်အား ဆန့်ကျင်လျှင် ထောက်ပံ့မှုများ ပြုလုပ်ပေးရန် သဘောတူကြောင်း ပြောကြားခဲ့သည်။

မက်ဗီဒက်နှင့်တွေ့ဆုံခဲ့ကြောင်း၊ အမေရိကန်-ဖိလစ်ပိုင်ကိစ္စကို အခုဖွင့်ဟမည်ဖြစ်ကြောင်း ၎င်း၏မိန့်ခွန်းတွင် ဒူတာ်တေးက ပြောကြားခဲ့သည်။ ထို့အပြင် ၎င်းတို့က ဖိလစ်ပိုင်နိုင်ငံအား ကျဉ်းထဲကျပ်ထဲရောက်ရှိအောင် လုပ်ဆောင်နေကြောင်း၊ သူ့ကိုလည်း မလေးမစားလုပ်နေကြောင်း၊ ၎င်းတို့သည် ရှက်စရာကောင်းကြောင်း ဒူတာ်တေးက သူ၏မိန့်ခွန်းတွင် ဆက်လက်ပြောကြားခဲ့သည်။

ဒါဟာ တကယ်တမ်းတော့ အမေရိကန်တွေဟာ ဘယ်လိုတွေလဲဆိုတာ ပြသတာပင်ဖြစ်ကြောင်း၊ ဒူတာ်တေးက မိန့်ခွန်းတွင် ဆက်လက်ပြောကြားခဲ့သည်။

ဒူတာ်တေးသည် ၎င်း၏ မကျေနပ်မှုနှင့်ပတ်သက်ပြီး အသေးစိတ်ဖော်ပြခြင်းတော့မပြုခဲ့ပေ။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဒူတာ်တေး၏ မူးယစ်ဆေးဝါးနှိမ်နင်းမှုနှင့်ပတ်သက်ပြီး လူအမြောက်အမြားသေဆုံးခြင်းသည် စိုးရိမ်စရာကောင်းကြောင်း ပြောကြားပြီးချိန်မှစကာ ဒူတာ်တေးအနေဖြင့် အမေရိကန်ကို ဒေါသထွက်နေမှုများမြင့်တက်လာခြင်းဖြစ်သည်။

မေလအတွင်းက ဖိလစ်ပိုင်သမ္မတအဖြစ် ရွေးကောက်ပွဲဝင်ခဲ့သူ သမ္မတဒူတာ်တေးသည် မူးယစ်ဆေးဝါးနှင့် ရာဇဝတ်ပြစ်မှုများကို အမြစ်ပြတ်နှိမ်နင်းမည်ဟု ကြွေးကြော်ကာ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဒူတာ်တေးသည် ဇွန်လကုန်က သမ္မတရာထူးလက်ခံရယူခဲ့ပြီး နိုင်ငံတစ်ဝန်းတွင် မူးယစ်မှောင်ခိုနှိမ်နင်းမှုများကို အရှိန်အဟုန်ပြင်းပြင်းဆောင်ရွက်လျက်ရှိရာ ၎င်းလက်ထက်တွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ကွပ်မျက်ခံရသူများမှာ ယခင်သမ္မတလက်ထက်များနှင့်မတူ အတော်များလာသည်။ မကြာသေးမီက ဒူတာ်တေးသည် ၎င်းကို၎င်း ဟစ်တလာနှင့် ခိုင်းနှိုင်းခဲ့ပြီး ဟစ်တလာအနေဖြင့် ဂျူးလူမျိုးများကို အမြစ်ပြတ်သုတ်သင်သလို ၎င်းအနေဖြင့်လည်း မူးယစ်သမားများကို အမြစ်ပြတ်သုတ်သင်မည်ဟု ပြောခဲ့သည်။ ထို့အပြင် ကမ္ဘာ့သမိုင်းတွင် ဟစ်တလာရှိသလို ဖိလစ်ပိုင်သမိုင်းတွင်လည်း ဒူတာ်တေးရှိရမည်ဟု ပြောခဲ့သည်။

ဒူတာ်တေးက အမေရိကန်သမ္မတ အိုဘားမားအား ရုန့်ရင်းကြမ်းတမ်းသော စကားလုံးသုံးနှုန်းတိုက်ခိုက်ခဲ့သည့်အတွက် အိမ်ဖြူတော်က လာအိုတွင်တွေ့ဆုံမည့်ကိစ္စကို ပယ်ဖျက်ခဲ့သည်။ ဒူတာ်တေးက အမေရိကန်အား ကန့်ကွက်မှုများ ပိုမိုပြုလုပ်မည်ဖြစ်ကြောင်းမကြာသေးမီက ပြောခဲ့သည်။ ဖိလစ်ပိုင်အနေဖြင့် အမေရိကန်ဘက်ကပါနေလျှင် မည်သည့်အကျိုးအမြတ်မှရမည်မဟုတ်ဟု တရုတ်က ပြောကြားခဲ့ကြောင်း ဒူတာ်တေးက ပြောသည်။ သို့သော် မည်သည့်တရုတ်အရာရှိက မည်သည့်အချိန်က ပြောကြားခဲ့သည့်စကားကို ကိုးကားပြောဆိုခဲ့သလဲဆိုသည်ကို ရှင်းရှင်းလင်းလင်းမသိရပေ။

မကြာသေးမီက ပြောကြားခဲ့သော မိန့်ခွန်းများတွင် လွတ်လပ်၍ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော်သည့်အနေဖြင့် ရုရှား၊ တရုတ်တို့နှင့် မိတ်ဖက်အသစ်ထူထောင်မည့်အကြောင်း





ဒူတာ်တေးက ထပ်တလဲလဲပြောကြားခဲ့သည်။ ဒူတာ်တေးလိုက်ပါလာသော ဖိလစ်ပိုင်စီးပွားရေးအဖွဲ့သည် တရုတ်နိုင်ငံပေကျင်းသို့ အောက်တိုဘာ ၁၉ ရက်မှ ၂၁ရက်အထိ လာရောက်မည့်အကြောင်း များပြားလှစွာသော စီးပွားရေးနှင့် သံတမန်သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်ကိုကြည့်ခြင်းဖြင့် ဖိလစ်ပိုင်အနေဖြင့် တရုတ်နှင့် တကယ့်မဟာမိတ်ထူထောင်တော့မည်ဆိုသည်မှာ သေချာသလောက်ရှိနေကြောင်း သုံးသပ်ရမလို ဖြစ်နေသည်။

ဒူတာ်တေးက အမေရိကန်နှင့်သဘောတူခဲ့သည့် လုံခြုံရေးဆိုင်ရာ သဘောတူညီချက်ကိုလည်း ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ဝါရှင်တန်အား ပြောကြားခဲ့သည်။ ထို့အပြင် သမိုင်းအစဉ်အလာ မဟာမိတ်ဖြစ်ခဲ့သော အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာအား သွေးစမ်းသည့်သဘောဖြင့် သံချပ်ကာလူကြီးဟု ခေါ်ဝေါ်ခဲ့သည်။ ထို့ကြောင့် ဒူတာ်တေးသည် အမေရိကန်သမ္မတလောင်းထရန့်နှင့် တူကြောင်း အဘယ်ကြောင့်ဆိုသော် အများသူငှာအာရုံစူးစိုက်မှုရရှိအောင်လုပ်ဆောင်နေကြောင်း၊ အာရုံစူးစိုက်မှုရလေလေ လက်မခံနိုင်စရာ ပိုမိုလုပ်လေလေဖြစ်ကြောင်း အရှေ့တောင်အာရှအကြီးတန်းအရာရှိတစ်ဦးက သုံးသပ်ထားသည်။

ယခုအပတ်တွင် စတင်ကျင်းပမည်ဖြစ်သော အမေရိကန်-ဖိလစ်ပိုင် ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် နောက်ဆုံးအဆုံးသတ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ဒူတာ်တေးက ကြေညာခဲ့သည်။

၂၀၁၄ခုနှစ်က အမေရိကန်သမ္မတဘားရက်အိုဘားမား ဖိလစ်ပိုင်နှင့်ချုပ်ဆိုခဲ့သော ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကြောင့် အမေရိကန်တပ်ဖွဲ့များအနေဖြင့် ပင်လယ်ရေကြောင်းလုံခြုံရေး၊ လူသားချင်းစာနာမှု၊ ဘေးအန္တရာယ်တုံ့ပြန်မှု စစ်ဆင်ရေးများအတွက် ထောက်ပံ့မှုများ လုပ်ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် ဖိလစ်ပိုင်စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းများတွင်လည်း အကူအညီများပေးလျက်ရှိသည်။ ယင်းသဘောတူညီမှုကိုလည်း ဖိလစ်ပိုင်သမ္မတ ဒူတာ်တေးအနေဖြင့် ပြန်လည်သုံးသပ်ဦးမည်ဖြစ်ကြောင်းသိရသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းသဘောတူညီမှုကို ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန်သံအမတ်တို့က လက်မှတ်ထိုးခဲ့ခြင်းသာဖြစ်ပြီး သမ္မတအနေဖြင့် လက်မှတ်မထိုးခဲ့ခြင်းကြောင့်ဟု ဒူတာ်တေးကဆိုသည်။

ဖိလစ်ပိုင်-အမေရိကန်အရေးအား ခြုံငုံစေ့ငုကြည့်လျှင် ဒူတာ်တေးလုပ်ရပ်များကြောင့် အမေရိကန်က ပြစ်တင်ခဲ့သလို ထိုသို့ပြစ်တင်သည့်အတွက်ကြောင့်လည်း ဒူတာ်တေးက အမေရိကန်အား စကားလုံးထိုးနှက်မှုဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ရာမှ အစပြုကာ နှစ်နိုင်ငံလုံး တစ်ဖက်နှင့်တစ်ဖက် အမြင်မကြည်မှုများဖြစ်ပွားလာကာ ကာလရှည်ကြာဆက်ဆံရေးကို ထိခိုက်လာခဲ့သည်ဟုဆိုရမည်ဖြစ်သည်။

ထိုသို့ တအုံနွေးနွေးဖြစ်နေသည့် အမေရိကန်-ဖိလစ်ပိုင်ဆက်ဆံရေးမှာ ဘယ်အချိန်ပေါက်ကွဲမလဲမသိသည့် ဗုံးပေါင်းကြီးတစ်လုံးနှင့်တူနေတော့သည်။ တစ်ဖက်နှင့်တစ်ဖက်တင်းမာမှုများကြောင့် အမေရိကန်-ဖိလစ်ပိုင် ဆက်ဆံရေး တစ်ခန်းရပ်တော့မည်လားဟု ရှုမြင်မိရင်း ......

**ကိုးကား-ရိုက်တာ(၂-၁၀-၂၀၁၆)**

**တင်လင်းအောင်**

**ဖိလစ်ပိုင်-အမေရိကန်အရေးအား ခြုံငုံစေ့ငုကြည့်လျှင် ဒူတာ်တေးလုပ်ရပ်များကြောင့် အမေရိကန်က ပြစ်တင်ခဲ့သလို ထိုသို့ပြစ်တင်သည့်အတွက်ကြောင့်လည်း ဒူတာ်တေးက အမေရိကန်အား စကားလုံးထိုးနှက်မှုဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ရာမှ အစပြုကာ နှစ်နိုင်ငံလုံး တစ်ဖက်နှင့်တစ်ဖက် အမြင်မကြည်မှုများဖြစ်ပွားလာကာ ကာလရှည်ကြာဆက်ဆံရေးကို ထိခိုက်လာခဲ့သည်ဟု ဆိုရမည်ဖြစ်**

## အလက်ပိုတွင် တိုက်ပွဲများအရှိန်မြင့်လျက်ရှိ လူပေါင်း ၄၂၀ ကျော် သေဆုံးနေ

**အလက်ပို အောက်တိုဘာ ၅**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အကြီးဆုံးမြို့တော် အလက်ပိုတွင် အစိုးရတပ်ဖွဲ့များနှင့် အတိုက်အခံအင်အားစုများကြား ဖြစ်ပွားနေသော တိုက်ပွဲများ အရှိန်မြင့်လျက်ရှိသည်။ လွန်ခဲ့သောနှစ်ပတ်ကျော် တိုက်ခိုက်မှုများအတွင်း လူပေါင်း ၄၂၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။ အမေရိကန်အနေဖြင့် ရုရှားနှင့် ဆွေးနွေးညှိနှိုင်းမှု ဆိုင်းငံ့လိုက်သောကြောင့် အပစ်ရပ်စဲရေးပြန်လည်ပြုလုပ်ရေးမှာ နှောင့်နှေးလျက်ရှိသည်။ အလက်ပိုကို ပြန်လည်ထိန်းချုပ်နိုင်ရေး ဆီးရီးယားသမ္မတဘက်ရှာအယ်လ်အာဆတ်တပ်ဖွဲ့များမှာ သူပုန်ထိန်းချုပ်ဒေသများကို လေကြောင်းစစ်ဆင်မှု ဆင်နွှဲလျက်ရှိသည်။

အတိုက်အခံအုပ်စုများဘက်မှ ပစ်လွှတ်လိုက်ဟန်ရှိသော လက်နက်ကြီးများသည် အောက်တိုဘာ ၄ ရက်က အစိုးရထိန်းချုပ်ရာ ပြည်နယ်များပေါ်သို့ကျရောက်ခဲ့ရာ အပြစ်မဲ့ပြည်သူခုနစ်ဦးသေဆုံးခဲ့သည်ဟု ဆီးရီးယားနိုင်ငံပိုင် သတင်းအေဂျင်စီက ပြောကြားခဲ့သည်။ ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က စက်တင်ဘာ ၁၉ ရက်ကတည်းကဖြစ်ပွားနေသည့် စစ်ပွဲတွင် အပြစ်မဲ့ပြည်သူ ၄၂၆ ဦး သေဆုံးခဲ့ပြီး ၁၀၀၀ ကျော်မှာ ဒဏ်ရာရရှိခဲ့ကြောင်း ပြောသည်။ အစိုးရတပ်ဖွဲ့မှ ပစ်ချလိုက်သော ဗုံးတစ်လုံးသည် အတိုက်အခံအင်အားစုများ ထိန်းချုပ်ရာနယ်မြေရှိ ဆေးရုံတစ်ခုပေါ်သို့ ကျရောက်ခဲ့ကြောင်း ဆေးအဖွဲ့က ပြောခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

❀ ရှေ့စာမျက်နှာမှ

အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။ ယခုမှစ၍ ကာလလတ်အတွင်း ဆင်းရဲချမ်းသာမရွေး လူတိုင်းအကျိုးခံစားနိုင်ရန် စီးပွားရေးတိုးတက်မှုနှုန်းကို ထိန်းထားနိုင်မည့်မူဝါဒများကို ချမှတ်ဆောင်ရွက်ရင်း တစ်ဖက်တွင် ထိခိုက်ခံစားလွယ်မှုများကို လျှော့ချနိုင်မည့် မေခရိုစီးပွားရေးစီမံခန့်ခွဲမှုကို သတိထားဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်က အကြံပြုထားကြောင်း သိရသည်။

### ဆက်လက်အားကောင်းနေ

ကမ္ဘာ့ဘဏ်၏ သုံးသပ်ချက်အရ မြန်မာနိုင်ငံ၌ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားသည်ဟု ဆိုနိုင်သော်လည်း ယခုနှစ် ဇူလိုင်လတွင် ၁၀ ရာခိုင်နှုန်းခန့် စီးပွားရေးတိုးတက်မှုနှုန်းကို မြင်တွေ့ရပြီး ဆက်လက်အားကောင်းနေသည်ဟု သိရသည်။

မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၈ ဒသမ ၅ ရာခိုင်နှုန်းတွင် တန့်နေပြီး ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၇ ဒသမ ၈ ရာခိုင်နှုန်းဖြစ်လာနိုင်ကြောင်း ယင်းအစီရင်ခံစာအရ သိရသည်။

မြန်မာနိုင်ငံသည် ကာလတိုအတွင်း မေခရိုစီးပွားရေး ခိုင်မာမှုနှင့် ပတ်သက်ပြီး စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ ထိုဖိအားများကို ကောင်းစွာ စီမံခန့်ခွဲနိုင်ရန် ဘဏ္ဍာရေးပိုင်းဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ခြင်း၊ ငွေကြေးလုပ်ငန်းဆောင်ရွက်မှုများ ခေတ်မီကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ ငွေလဲလှယ်နှုန်း ပြောင်းလွယ် ပြင်လွယ်ရှိခြင်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကြီးကြပ်ဆောင်ရွက်မှု အားကောင်းစေရန် စွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်ခြင်းတို့က အထောက်အကူပြုနိုင်မည်ဖြစ်သည်ဟု အစီရင်ခံစာ၌ ထည့်သွင်းအကြံပြုထားသည်။

"ဖွံ့ဖြိုးဆဲ အရှေ့အာရှနဲ့ ပစိဖိတ်ဒေသအတွက် အလားအလာက အားကောင်းနေပါတယ်။ ဒါဟာ ပြည်ပဝယ်လိုအားနဲ့ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း အားနည်းနေပေမယ့်လည်း ပြည်တွင်းသုံးစွဲမှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အားကောင်းတာကြောင့် ဖြစ်ပါတယ်။ တိုးတက်မှုကို ဆက်လက် ထိန်းထားဖို့နဲ့ အဲဒီတိုးတက်မှုကို ဆင်းရဲချမ်းသာမရွေး လူတိုင်း အားလုံးအကျိုးခံစားရဖို့က ရေရှည်အတွက် စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုထဲမှာ အထူးသဖြင့် တရုတ်နိုင်ငံမှာ ဝင်ငွေကွာဟမှုတွေနဲ့ ပြည်သူ့ဝန်ဆောင်မှု ရရှိတဲ့နေရာမှာ ကွာဟမှုတွေရှိနေတာကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့၊ အခြား နိုင်ငံတွေမှာ အခြေခံအဆောက်အအုံ တိုးတက်လာအောင်ဆောင်ရွက်ဖို့၊ ဆက်လက်ဖြစ်ပေါ်နေတဲ့ ကလေးအာဟာရချို့တဲ့မှုကို ကိုင်တွယ်ဖြေရှင်းဖို့၊ အလုံးစုံပါဝင်နိုင်တဲ့ ငွေရေးကြေးရေးစနစ် ဖြစ်ပေါ်လာဖို့၊ နည်းပညာရဲ့အကူအညီကို ယူဖို့ စတာတွေ ပါဝင်ကြပါတယ်" ဟု အရှေ့အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ဘဏ်ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယား ကွာကွာက ပြောကြားကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

### ဘက်စုံထောင့်စုံမှ လွှမ်းခြုံလေ့လာထား

ယခု အစီရင်ခံစာသည် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ စီးပွားရေးတိုးတက်နှုန်း တုံ့ဆိုင်းနေခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြား၏ စီးပွားရေးတိုးတက်မှုနှုန်း ငြိမ်သက်နေခြင်းနှင့် ကမ္ဘာ့ကုန်သွယ်မှု တိုးတက်မှုမရှိခြင်း စသည့် စိန်ခေါ်မှုများရှိနေသည့် ကမ္ဘာ့စီးပွားရေးနောက်ခံအနေအထားတွင် အရှေ့အာရှနှင့်ပစိဖိတ်ဒေသ၏ စီးပွားရေးအလားအလာကို ဘက်စုံထောင့်စုံမှ လွှမ်းခြုံလေ့လာထားသည်။ ဒေသ၏ နိုင်ငံအများစု၌ ပြည်တွင်းဝယ်လိုအား ဆက်လက်ခိုင်မာအားကောင်းနေမည်ဟု အစီရင်ခံစာက မျှော်မှန်းသည်။ ဒေသ၏ နိုင်ငံအများစုတွင် ကုန်စည်ဈေးနှုန်းများ အကျဘက်တွင် ဆက်လက်ရှိနေခြင်းကြောင့် ကုန်စည် တင်သွင်းသူများ အကျိုးဖြစ်ထွန်းကာ ငွေဖောင်းပွမှုလည်း ဆက်လက်နည်းပါးနေမည်ဖြစ်သည်။

ရေရှည်အနေဖြင့် အလုံးစုံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန် မူဝါဒချမှတ်ဆောင်ရွက်ရမည့် အချက်လေးချက်ကို အစီရင်ခံစာက အလေးပေးဖော်ပြထားသည်ကို မြင်တွေ့ရသည်။ ပထမဦးဆုံးအချက်မှာ ယခင်က အောင်မြင်စွာ ဆောင်ရွက်ခဲ့သည့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများအပေါ်အခြေခံကာ ကျေးလက်နေပြည်သူများနှင့် ဆက်လက်တိုးပွားလာလျက်ရှိသည့် မြို့ပြဒေသသို့ ပြောင်းရွှေ့အခြေချ နေထိုင်သူများအတွက် အခြေခံကျသည့် ပြည်သူ့ဝန်ဆောင်မှုများ တိုးမြင့်ရရှိစေရေး ဆောင်ရွက်ပေးရန် တရုတ်နိုင်ငံအား တိုက်တွန်းထားပြီး ဒေသတွင်း အခြားနိုင်ငံများ အနေဖြင့် ပြည်သူ့အသုံးစရိတ်များကို ပြန်လည်တွက်ချက် ခွဲတမ်းချခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းနှင့် ပြည်သူ့ရေးရာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံခန့်ခွဲမှုကို လွယ်ကူလျင်မြန် သက်သာအောင်ဆောင်ရွက်ခြင်းအားဖြင့် အခြေခံအဆောက်အအုံလိုအပ်ချက်များကို ဖြည့်တင်းရန် အကြံပြုထားသည်။

တတိယအနေဖြင့် နေရာအနှံ့အပြား၌ ဖြစ်ပွားလျက်ရှိသည့် အာဟာရချို့တဲ့မှု ပြဿနာကို ဖြေရှင်းဆောင်ရွက်ရန် မူဝါဒရေးဆွဲချမှတ်သူများအား အစီရင်ခံစာက တိုက်တွန်းပြီး ကလေးသူငယ်များတွင် အာဟာရချို့တဲ့မှု မြင့်မားနေခြင်းသည် အနည်းငယ် ကြွယ်ဝချမ်းသာသည့် နိုင်ငံများအပါအဝင် နိုင်ငံအများအပြား၌ အမြစ်မပြတ်သေးဘဲရှိနေရာ ၎င်းသည် ပြန်လည်ကုစားရန် ခက်ခဲသည့်ကျန်းမာရေးနှင့် အသိဉာဏ်ဖွံ့ဖြိုးမှုဆိုင်ရာ နိမ့်ကျမှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် အနုအာဟာရ ကိုင်တွယ်ဆောင်ရွက်ချက်များအပါ အဝင် နယ်ပယ်အမြောက်အမြားတွင် ညှိနှိုင်းလုပ်ဆောင်ကြရန် အကြံပြုထားသည်။

### တရုတ်၏ စီးပွားရေးတိုးတက်နှုန်း

အရှေ့အာရှနှင့် ပစိဖိတ်ဒေသ နောက်ဆုံးရ စီးပွားရေးအခြေအနေများ အမည်ရှိ ယခု အစီရင်ခံစာသစ်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ယခုနှစ်တွင် ၆ ဒသမ ၇ ရာခိုင်နှုန်း ရှိနေရာမှ ၂၀၁၇ ခုနှစ် တွင် ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းသို့ ရောက်ရှိသွားမည်ဟု ခန့်မှန်းဖော်ပြထားသည်။

ဒေသတစ်ခုလုံးအနေဖြင့်ကြည့်လျှင် စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ၅ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းတို့ဖြင့် အသီးသီးမြင့်တက်နေမည်ဟု ခန့်မှန်းထားသည်။

အခြားသောစီးပွားရေးအရ ကြီးမားသည့် နိုင်ငံများဘက်ကိုလှည့်လျှင် ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်အတွင်း စီးပွားရေးတိုးတက်နှုန်း ၆ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အရှိန်မြင့်မည်ဟုခန့်မှန်းရပြီး အလားအလာအကောင်းဆုံးဖြစ်ကာ ဗီယက်နမ်နိုင်ငံ၌မူ ပြင်းထန်သည့် မိုးခေါင်ရေရှားပါးမှုကြောင့် စီးပွားရေးတိုးတက်မှုနှုန်းအပေါ် ထိခိုက်စရာရှိသော်လည်း ၂၀၁၇ ခုနှစ်တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိမည်ဟု အစီရင်ခံစာတွင် ထည့်သွင်းထားသည်။

အင်ဒိုနီးရှားနိုင်ငံ၏စီးပွားရေးမှာ ၂၀၁၅ ခုနှစ်က ၄ ဒသမ ၈ ရာခိုင်နှုန်းမှ ၂၀၁၈ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းသို့ မှန်မှန်မြင့်တက်မည်ဟု အစီရင်ခံစာက ဆိုသည်။ ထိုသို့ဖြစ်လာရန် အများပြည်သူကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပြန်လည်လုပ်ဆောင်မှု ရှိ/မရှိ၊ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အခြေအနေတိုးတက်စေရန်နှင့် အခွန်ဘဏ္ဍာဝင်ငွေ တိုးအောင်လုပ်ဆောင်ခြင်း ရှိ/မရှိအပေါ် မူတည်နေမည်ဖြစ်သည်။ မလေးရှားနိုင်ငံ၌မူ ယခင်နှစ်က ၅ ရာခိုင်နှုန်းမှ ယခုနှစ်တွင် ၄ ဒသမ ၂ ရာခိုင်နှုန်းသို့ တိုးတက်မှုနှုန်းလျော့သွားမည် ဖြစ်သည်။ အကြောင်းမှာ ရေနံနှင့် ပြည်ပသို့တင်ပို့သည့် ကုန်စည်များအပေါ် ကမ္ဘာ့ဝယ်လိုအားနည်းခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ပြည်ပသို့ ကုန်စည်တင်ပို့သည့် အချို့သောနိုင်ငံများ၏ တိုးတက်မှုနှုန်းမှာ သိသိသာသာ အခြေအနေဆိုးရွားလျက်ရှိကြောင်း ကမ္ဘာ့ဘဏ်အစီရင်ခံစာက ဖော်ထုတ်ထားပြီး မွန်ဂိုလီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၅ ခုနှစ်က ၂ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ၀ ဒသမ ၁ ရာခိုင်နှုန်းသာ တိုးတက်မည်ဟု ခန့်မှန်းထားသည်။

### အန္တရာယ်အလားအလာများလည်းရှိ

ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့၌မူ စီးပွားရေး တိုးတက်မှုနှုန်းသည် ဆက်လက် မြင့်မားနေဦးမည်ဟု ယင်းအစီရင်ခံစာတွင် ခန့်မှန်းထားသည်။ သို့ရာတွင် "အလားအလာတွေကောင်းနေတယ်ဆိုပေမယ့် ဒီဒေသရဲ့တိုးတက်မှုနှုန်းမှာ အန္တရာယ်အလားအလာတွေလည်း သိသိသာသာ ရှိနေတယ်။ ကမ္ဘာ့ငွေရေးကြေးရေး ကဏ္ဍ သိသိသာသာ ကျပ်တည်းသွားတာ၊ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း ထပ်ပြီး နှေးကွေးကျဆင်းသွားတာ သို့မဟုတ် တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းက မျှော်လင့်ထားတာထက် မြန်မြန်ကြီး နှေးကွေးသွားတာ စတာတွေက အရှေ့အာရှဒေသရဲ့ ကြံ့ကြံ့ခံနိုင်စွမ်းရှိမှုကို စမ်းသပ်ပါလိမ့်မယ်။ ဒီလို မရေရာ မသေချာမှုတွေ ရှိနေတာကြောင့် မူဝါဒရေးဆွဲချမှတ်သူတွေအနေနဲ့ ပြီးခဲ့တဲ့နှစ်တွေအတွင်း ဖြစ်ပေါ်လာခဲ့တဲ့ ဘဏ္ဍာရေးနဲ့ ငွေရေးကြေးရေး မညီမျှမှုတွေကို ဖြေရှင်းဆောင်ရွက်ပေးဖို့ အင်မတန် အရေးပါလာပါတယ်" ဟု အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ဘဏ်၏ စီးပွားရေးပညာရှင်အကြီးအကဲ မစ္စတာ ဆူဒီရ်ရှက်တီက ပြောကြားထားသည်။

ချက်ချင်းဆောင်ရွက်သင့်သည့် ကိစ္စရပ်များမှာ တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ ကော်ပိုရိတ်ကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်ခြင်းနှင့် ကြွေးမြီများပြားလာမှုကို ထိန်းချုပ်ခြင်း၊ အခြားသောစီးပွားရေး ကြီးမားသည့်နိုင်ငံများ အနေဖြင့် ပြည်တွင်း ပြည်ပဘဏ္ဍာရေး အန္တရာယ်အလားအလာများ ဖြစ်ပေါ်မှုကို လျှော့ချခြင်း၊ ဒေသတစ်ခုလုံး အထူးသဖြင့် ကုန်စည်ထုတ်လုပ်သည့်နိုင်ငံများအနေဖြင့် ငွေကြေးကြားခံနယ်များ ဆက်လက်ထားရှိခြင်းနှင့် အခွန်ဝင်ငွေရလမ်းများကို တိုးချဲ့ခြင်း၊ မွန်ဂိုလီးယားနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့၌ အခွန်ဝင်ငွေပုံမှန်စီးဆင်းမှုကို အန္တရာယ်ပြုနိုင်သည့်အရာများကို ကိုင်တွယ်ဖြေရှင်းခြင်း စသည်တို့ဖြစ်ကြောင်း သိရသည်။ နောက်ဆုံးအချက်အနေဖြင့် ငွေရေးကြေးရေးဝန်ဆောင်မှုများ တိုးတက်ပြောင်းလဲလာစေရန်၊ နည်းပညာ၏စွမ်းပကားကို အသုံးချရန်နှင့် ငွေကြေးဝန်ဆောင်မှုများကို ပြည်သူအားလုံးရရှိအောင် တိုးမြှင့်လုပ်ဆောင်ရန် နိုင်ငံများကို အကြံပြုထားသည်။

### ငွေကြေးဝန်ဆောင်မှုနောက်ကျနေ

အရှေ့အာရှနှင့် ပစိဖိတ်ဒေသသည် နည်းပညာအားဖြင့် တိုးတက်ကာ မိုဘိုင်းဖုန်းကိုင်ဆောင်မှုမြင့်မားသော်လည်း ငွေရေးကြေးရေး ဝန်ဆောင်မှုများရရှိမှုတွင် နောက်ကျကျန်နေသေးသည်။ ငွေကြေးကဏ္ဍ တီထွင်ဆန်းသစ်ပြောင်းလဲမှုမှ အသီးအပွင့်များ ဆွတ်ခူးနိုင်ရန်အတွက် နိုင်ငံများအနေဖြင့် ဥပဒေနှင့် ကြီးကြပ်ကွပ်ကဲမှု မူဘောင်များ ခိုင်မာအားကောင်းအောင်ဆောင်ရွက်ရန်နှင့် စားသုံးသူ ကာကွယ်ရေးအစီအမံများ တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြုထားသည်။

ယင်းအစီရင်ခံစာသည် ကာလတိုနှင့် ကာလလတ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးခန့်မှန်းချက်များကို လေ့လာသုံးသပ်ထားခြင်းဖြစ်ကာ ကမ္ဘာ့ဘဏ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးပညာရှင်အကြီးအကဲမစ္စတာ ဆူဒီရ်ရှက်တီက နောက်ဆုံးရ အချက်အလက်များကိုအခြေခံကာ မီဒီယာများနှင့် တိုက်ရိုက်ချိတ်ဆက် တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဝါရှင်တန်ဒီစီရုံးချုပ်မှ ကမ္ဘာ့ဘဏ်ရုံးခွဲအသီးသီးသို့ ဗီဒီယိုကွန်ဖရင့်အဖြစ် တွေ့ဆုံဖြေကြားပေးခဲ့သည်။

(မြန်မာ့အလင်း)

## ကော့သောင်း၌ အများပြည်သူအသုံးပြု အမှိုက်ပုံးငယ်တချို့ ဖျက်ဆီးခံရ

**ကော့သောင်း အောက်တိုဘာ ၅**

မြို့နယ်စည်ပင် သာယာရေးအဖွဲ့က စက်တင်ဘာလအတွင်းက မြို့အနှံ့လိုက်လံထားရှိပေးသည့် သပ်ရပ်လှပသော အမှိုက်ပုံးငယ်များမှ ကော့သောင်းမြို့ ဆိပ်ကမ်းသာပန်းခြံအတွင်းရှိ အမှိုက်ပုံးတချို့ အောက်တိုဘာ ၄ ရက်က ဖျက်ဆီးခံရကြောင်း သိရသည်။

အဆိုပါ အမှိုက်ပုံးငယ်များအား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်လှပစေရေး၊ နယ်စပ်မြို့ဖြစ်သည့်အတွက် နေ့စဉ်ဝင်ထွက်လည်ပတ်သည့် နိုင်ငံတကာခရီးသွားဧည့်သည်များနှင့် မြို့တွင်းသာမန်လမ်းသွားလမ်းလာပြည်သူများ စည်းကမ်းတကျ အမှိုက်စွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်လာစေရေးအတွက် သပ်ရပ်လှပသော အမှိုက်ပုံးငယ်များအား ပန်းခြံများ၊ ရေဆိပ်၊ လေဆိပ်နှင့် မြို့ခံပြည်သူများ အသွားအလာများပြား အနားယူလေ့ရှိသည့်နေရာများ၌ ထားရှိပေးထားရာ စည်းကမ်းမဲ့သူတချို့၏ ဖျက်ဆီးမှု ခံရခြင်းဖြစ်ကြောင်း သိရသည်။

"ပန်းခြံဆိုတာ အများပြည်သူ အပန်းဖြေရာနေရာဖြစ်လို့ သန့်ရှင်းသပ်ရပ်စေချင်လို့၊ စည်းကမ်းတကျ အမှိုက်ပစ်စေချင်လို့ နိုင်ငံတော်က အကုန်အကျခံ ဆောင်ရွက်ပေးထားတာကို ဖျက်ဆီးတယ်ဆိုတာ တော်တော့်ကို စည်းကမ်းမဲ့တာပါ၊ ပန်းခြံထဲအနှံ့ စီစီတီဗွီကင်မရာတွေလည်း တပ်ထားတာပဲ၊ ဒီလိုစည်းကမ်းမဲ့မှုမျိုးကို ထိထိရောက်ရောက်ဖော်ထုတ် အရေးယူဖို့ လိုတယ်" ဟု မြို့ခံပြည်သူတစ်ဦးက ပြောသည်။

**ကျော်စိုး (ကော့သောင်း)**



စည်းကမ်းမဲ့သူ တချို့ ဖျက်ဆီးခဲ့သည့် အမှိုက်ပုံးငယ် တစ်ခုကို တွေ့ရစဉ်

**Y.E.S.** Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-7:30-9:30am 10,24 Oct
Mon to Thurs-3:00-5:00pm 10 Oct
Mon to Thurs-5:30-7:00pm 10,24 Oct
Sat & Sun-9:00-12:00 am 15 Oct
Sat & Sun-12:30-3:30 pm 22 Oct

**Pre-Intermediate English**
Mon to Thurs-10:00-12:00am 17 Oct
Sat & Sun-12:30-3:30 pm 22 Oct
Mon to Thurs-1:00-3:00pm 24 Oct

**Basic Writing Course**
Sat & Sun - 3:45-6:15pm 22 Oct

**Grammar Foundation Course**
Mon to Thurs-10:00-12:00am 10 Oct
Mon to Thurs-9:00-12:00am 22 Oct

**Structure & Written Expression**
Mon to Thurs-1:00-3:00pm 10 Oct
Sat & Sun - 9:00-12:00am 22 Oct
Sat & Sun - 3:30-6:30pm 22 Oct

**Vocabulary Enrichment Course**
Mon to Thurs-3:30-5:00pm 24 Oct

NEW SAT, IELTS, TOEFL, API, AWC, IE

No.190, 2nd Flr.,28th St(Upper), Pabedan Tsp. Ph: 01-243950, 246910

**ပျောက်ဆုံးကြောင်း**
ဦးမိုးညွန့်(၁၄/မအန(နိုင်)၁၆၇၀၉၇) ၏ သင်္ဘောသားလက်မှတ် ရန်-ဥ၀၁၈/၁၅ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၂၅၀၈၅၅၃၀၄

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုအလကမြို့မကျောင်း အဋ္ဌမတန်းမှ မသင်းစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင် ၇/ကတခ(နိုင်)၀၈၇၁၁၂ ဖြစ်ပါကြောင်း။
ဦးသိန်းနိုင်

**အမည်ပြောင်း**
ဦးသန်းဝင်း ၁၂/အစန(နိုင်)၁၄၃၁၅၃၏ သမီး မဆုထက်ထက်အောင်အား ယနေ့မှစ၍ မဆုထက်ထက်ဖူးဟု ပြောင်းလဲခေါ်ပါရန်။
မဆုထက်ထက်ဖူး

**ပျောက်ဆုံးကြောင်း**
ဦးရန်ပိုင်လင်း (၁၄/ဓလန(နိုင်)၁၆၂၃၆၁) ၏ 4 Ticket လက်မှတ်မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၄၅၁၄၃၉၁၆၃

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ စစ်ကိုင်းခရိုင်၊ တွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တိုင်းဒေသကြီး ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုအပ်သည့် အောက်ဖော်ပြပါတည်ဆောက်ရေးပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | စဉ် | ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| (က) | အုတ်(ပထမတန်းစား) | (င) | ဒီဇယ်ဆီ |
| (ခ) | မြစ်ကျောက် | (စ) | သံချောင်း(ရှယ်စုံ) |
| (ဂ) | မြစ်သဲ | (ဆ) | တောသစ်(အရွယ်စုံ) |
| (ဃ) | ဘိလပ်မြေ | | |

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၃၁-၁၀-၂၀၁၆(တနင်္လာနေ့) ညနေ ၄နာရီ
၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့တွင် (၇-၁၀-၂၀၁၆)ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၇၁-၂၆၅၂၆၊ ၀၇၁-၂၃၆၂၄

**CLAIMS DAY NOTICE**
**M.V LE MANS EXPRESS VOY: NO(4)**
Consignees of cargo carried by M.V LE MANS EXPRESS VOY: NO(4) are here by notified that the vessel will arrive on about 8-10-2016 and cargo will be discharged into the premises of Yangon port.
Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.
No claims against this vessel will be admitted after the Claims Day.
မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။
သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈
ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 4F/7778 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7H/8818 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 6B/2258 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ (ရွာသာကြီး)

# မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ လေအေးပေးစက် အပူလွန်ကဲရာမှ မီးလောင်

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်အကွက် ၇၀၃ မောရဂီဝါရပ်ကွက် ၃၄ လမ်း၊ ၇၃×၇၄ လမ်းကြားရှိ ရွှေအိုး(၂)ဒိန်ချဉ်နှင့် မုန့်တီအရောင်းဆိုင်၌ အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီခွဲက လေအေးပေးစက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကို Level 2 အဆင့်အဖြစ် သတ်မှတ်ပြီး မန္တလေးမြို့ပေါ်ရှိ မီးသတ်ယာဉ် ၃၀၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၉၀ တို့နှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။ **(ယာပုံ)**

မီးလောင်မှုကြောင့် (၃၅ ×၅၄ × ၁၂)ပေရှိ တစ်ထပ်တိုက် သွပ်မိုး၊ ပျဉ်ကာဆိုင်ခန်း တစ်ခန်းနှင့် ဆိုင်သုံးပစ္စည်းအချို့ မီးလောင်ခဲ့ပြီး မီးပေါ့ဆစွာအသုံးပြုခဲ့သူ ဆိုင်တာဝန်ခံ ဦးဇော်မျိုးသိန်းကို ချမ်းအေးသာစံမြို့နယ် အမှတ်(၈) မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ငွေနှင့် ရွှေထည်ပစ္စည်း ငွေကျပ် သိန်း ၁၂၀ ကျော်ခိုးယူသူကို နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

**ကြို့ပင်ကောက် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ပန်းတင် ၃ လမ်းနေ ဦးအေးစံ(၅၇ နှစ်)သည် အောက်တိုဘာ ၃ ရက် နံနက် ၆ နာရီခွဲက မိမိ၏ အိပ်ခန်းဗီရိုအံဆွဲအတွင်းမှ ငွေနှင့် ရွှေထည်ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၂၂ သိန်း ပျောက်ဆုံးကြောင်း မြို့မရဲစခန်းသို့ တိုင်ကြားခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေ ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းမှူးဒုတိယရဲမှူး ဝင်းထွန်း ဦးဆောင်သော နယ်ထိန်းဒုရဲအုပ် ထက်နိုင်ရှိန်တို့အဖွဲ့သည် ဦးအေးစံအား မေးမြန်းပြီး သင်္ကာမကင်းသူ ၎င်း၏နေအိမ်နောက်ဖေးရှိ ယာဉ်မောင်း မြင့်ဦးက မသင်္ကာစရာငွေများ သုံးစွဲနေသည်ကို သတိပြုမိ၍ မြင့်ဦး(၄၃ နှစ်)အား ရဲစခန်းသို့ ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်မှ ၎င်း၏ခယ်မ မအေးအေးမာ(၂၈ နှစ်)သည် နေရပ်သို့ပြန်ရန် ကားဂိတ်သို့ထွက်လာကြောင်း သိရ၍ကားဂိတ်တွင် ၎င်း၏ ခရီးဆောင်အိတ်ကို စစ်ဆေးရာ ငွေကျပ် ၁၀၀၀၀ တန် ငွေစက္ကူ ၃၅ ရွက် တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ စိန်ကိုးပွင့် ရန်ထားသော ကျောက်စိမ်းလက်စွပ်တစ်ကွင်း (ငွေကျပ် ၂၅ သိန်းတန်)ကို တွေ့ရှိပြီး ပြစ်မှုကျူးလွန်သူ မြင့်ဦးကို ဆက်လက်စစ်ဆေးမေးမြန်းရာ ၎င်း၏ အစ်ကိုဖြစ်သူ သန်းဦး(၄၇ နှစ်)၏ နေအိမ်၌ ငွေစက္ကူများ စုစုပေါင်း ငွေကျပ် ၈၂၀၀၀၀ ကို သေတ္တာဖြင့် အပ်နှံထားသည်ကို ညနေ ၃ နာရီခွဲတွင် ဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်များ ငွေကျပ်သိန်းပေါင်း ၃၈၀၀ ကျော်ဖိုး သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၅**

မူးယစ်တပ်ဖွဲ့စု ၂၇ လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၄ ရက်က ကွန်ဟိန်း-ကျိုင်းတုံသွားကားလမ်း တာကောပူးပေါင်းစစ်ဆေးရေးစခန်း၌ ကျန်လောက်တယ် မောင်းနှင်ပြီး ယောန၊ ကျန်တင်ဖူးနှင့် ရှောက်ရိုးတို့ လိုက်ပါလာသည့် VIGO မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၀၀၀ (ယင်းဒေသတန်ဖိုး ငွေကျပ် သိန်း ၁၀၄၀)နှင့် လက်ဖက်ခြောက်အိတ်လေးအိတ်ဖြင့်ထည့်လျက် အိုက်စ် လေးကီလို(ယင်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၀၀၀) တို့ကို သိမ်းဆည်းရမိသည်။ ဆက်လက်၍ စောကျော်လင်းမောင်းနှင်ပြီး ချောက်ပေါက်နှင့် ယီရင်းတို့ လိုက်ပါလာသည့် HILUX VIGO မော်တော်ယာဉ်ကိုရှာဖွေရာ ယီရင်းမှာ ထွက်ပြေးသွားပြီး ယာဉ်ပေါ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆၀၀၀(ယင်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၇၆၀)ကို ထပ်မံသိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မောကိန္နရီဘိလပ်မြေစက်ရုံတံတားအနီး၌ အိုက်လူ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၃ ဒသမ ၅ ကီလို (ယင်းဒေသတန်ဖိုး ငွေကျပ် ၂၈ သိန်း)သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။ **ကိုရဲ**

# ဘော်ဒါဆောင်ရှေ့၌ ကျောင်းသူတစ်ဦး ဓားထိုးခံရ

**အောင်လံ အောက်တိုဘာ ၅**

အောင်လံမြို့ စက်ရုံရပ်ကွက်၌ အောက်တိုဘာ ၄ ရက် နံနက် ၁၁ နာရီက ဘော်ဒါဆောင် ကျောင်းသူတစ်ဦးဖြစ်သူ မမိုင်မေသူထွန်းအား ယခင်က ချစ်ကြိုက်ဖူးသူ ဇော်မိုးလွင်က ဓားဖြင့် ထိုးပြီး ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓားဖြင့်ထိုးသူ ဇော်မိုးလွင်ကို အရေးယူပေးရန် ဦးဇော်မင်းက တရားလိုပြုတိုင်ကြားခဲ့သောကြောင့် အောင်လံမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

အောင်လံမြို့မရဲစခန်းမှ တာဝန်မှူး ရဲအုပ်မျိုးဇော်ဦးက "ဘော်ဒါဆောင်ရှေ့မှာဖြစ်တာပါ၊ ကောင်လေးက ဓားနဲ့ထိုးပြီး ဆိုင်ကယ်နဲ့ ထွက်ပြေးသွားတာပါ။ ဖမ်းလို့ မမိသေးပါဘူး။ ကောင်မလေးကတော့ အောင်လံဆေးရုံကနေ ပြည်ဆေးရုံကို ပြောင်းလဲဆေးကုသမှု ခံယူနေပါတယ်"ဟု ပြောကြားသည်။

**ကျော်ဇေယျ**


# ကောလင်းမြို့နယ်၌ ယာဉ်တစ်စီးတိမ်းမှောက်

**ကောလင်း အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ညောင်ကုန်းကျေးရွာအနီး ကုန်းအဆင်း၌ ယာဉ်တစ်စီး တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာအောက်တိုဘာ ၄ ရက်မွန်းတည့် ၁၂ နာရီခန့်က ကောလင်းမြို့နယ် ခန်သာရဲကင်းစခန်းမှူး ရဲအုပ် မြို့ဆွေနှင့် အဖွဲ့ဝင်များသည် ယာဉ်တစ်စီးတိမ်းမှောက်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရွှေဘို-မြစ်ကြီးနား ကားလမ်း မိုင်တိုင်အမှတ် (၈၄/၄) ညောင်ကုန်းကျေးရွာအနီး၌ ယာဉ်မောင်း သိန်းမြင့်စိုး မောင်းနှင်လာသော ငြိမ်းချမ်းရေးမုန်လုံယာဉ်သည် ကားဘီးပေါက်ပြီး လမ်း၏ ဝဲဘက်ခြမ်းမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားရာ ယာဉ်ပေါ်ပါလာသူ ဒေါ်လုံးရွှေ၊ ဒေါ်စောလု၊ ဒေါ်မြဇင်တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်အားပေါ့ဆစွာ မောင်းနှင်သူ သိန်းမြင့်စိုးကို အမှုဖွင့်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**



# စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကျော် သိမ်းဆည်းရမိ

**ကော့သောင်း အောက်တိုဘာ ၅**

ကော့သောင်းမြို့နယ် မာရမ်းကျေးရွာအုပ်စု မာရမ်းနယ်မြေရဲစခန်းအပိုင် လုံးဖောကျေးရွာနှင့် အေးချမ်းသာကျေးရွာချင်းဆက်လမ်းပေါ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တစ်စီးမှ WY စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိသည့်ဖြစ်စဉ်တစ်ခု အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့က ကော့သောင်းမြို့နယ် မာရမ်းနယ်မြေရဲစခန်းအပိုင် လုံးဖော-အေးချမ်းသာ ကျေးရွာချင်းဆက်လမ်း၌ သတင်းအရ မာရမ်းနယ်မြေရဲစခန်းမှူး ရဲအုပ်ယဉ်ထွေး ဦးစီးအဖွဲ့သည် အုပ်ချုပ်ရေးမှူး အဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ် ဇော်ကိုကို(ခ)မာဂျိနှင့် ဇော်လတ်တို့နှစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေခဲ့ရာ WY စိတ်ကြွဆေးပြား ၅၉၁၀ (ကာလတန်ဖိုး ငွေကျပ် ၂၉၅၅၀၀၀၀) ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဇော်ကိုကို (ခ)မာဂျိနှင့် ဇော်လတ်တို့နှစ်ဦးကို မာရမ်းရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**


## ဖခင်အမည်မှန်

ရေတာရှည်မြို့၊ အထက (ခွဲ) ရွှေကြက်ယက်ကျောင်းမှ အဋ္ဌမတန်းကျောင်းသား မောင်ခန့်မျိုးအောင်၊ စတုတ္ထတန်းကျောင်းသူ မခင်ခင်သန့်၊ သူငယ်တန်းကျောင်းသား မောင်အောင်ခန့်နိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းလင်း ၇/ရတရ(နိုင်)၀၉၀၁၆၆ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 7F-7478 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/9744၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## အမည်ပြောင်း

ဦးဆွေဦးမောင် ၈/သရန(နိုင်)၀၆၁၇၃၀၈၏ သား မောင်ဝေယံကျော်အား ယနေ့မှစ၍ မောင်ကောင်းမြတ်သူဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းမြတ်သူ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၅၊ မြေကွက်အမှတ်-၈၆/က၊ မြေကွက်တည်နေရာအမှတ်-၈၆/က၊ နေပြည်တော်လမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာ၊ ဒေါ်ရွှေအမည်ပေါက်၊ ပါမစ်မြေအားအမည်ပေါက် ဒေါ်ရွှေထံမှ အရပ်ကတ်အရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူဒေါ်ရွှေးရွှေး(၁၂/ကမတ(နိုင်)၀၀၃၅၂၇)မှ မြေချပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံကတိ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီထောက်ခံချက်တို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ် (၇၁)၊ မြေကွက်အမှတ် ၂၁၁၅/ခ၊ ဗိုလ်မင်းရောင် ၄ လမ်းရှိ ဒေါ်မြသန်းအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိအဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ယခုအခါတွင် အမည်ပေါက်ပိုင်ဆိုင်သူ ကွယ်လွန်သွား၍ ဆက်ခံပိုင်ခွင့်ရှိသူ ကျန်သားသမီးများဖြစ်ကြသည့် (၁)ဒေါ်သီသီဦး၊ (၂)ဒေါ်သီသီစိုး၊ (၃)ဒေါ်သီသီမျိုး၊ (၄)ဦးအောင်ဇာလင်း၊ (၅)ဒေါ်မြသဇင်တို့မှ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစတင်၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ထွန်း LL.B, LL.M**
**(မဟာဥပဒေဘွဲ့) (စဉ်-၇၇၀၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၆)၊ ပြည်ထောင်စုလမ်းမကြီး၊ (၂၄)ရပ်ကွက်၊**
**ဒဂုံတောင်တရားရုံးရှေ့၊ ဖုန်း-၀၉-၇၉၉၅၄၉၉၁၉**

## အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ ကွင်းရပ်၊ အကွက်အမှတ် ၇၆၊ ဦးပိုင်အမှတ် ၈၅၊ ဧရိယာ ၀ဒသမ ၅၉၇၈ဧကရှိ ဘိုးဘွားပိုင်ဂရန်အမှတ် F-N0. 673D/15-9- 1863 မြေကွက်သည် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန မှတ်ပုံတင် (၁-က)စာရင်းတွင် ဦးဆာလီအာမက်အမည်ပေါက်လျက်ရှိပြီး ၎င်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ဦးဆာလီအာမက်၏ မြေးများတော်စပ်ကြသော ဒေါ်သဇင်ညွန့် (MME-၆၁၅၀၈၄) နှင့် ဦးလှအေး ၁၂/ဗတထ(နိုင်)၀၀၁၅၈၂တို့က မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၌ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန် ၂၁-၆-၂၀၁၆ရက်တွင် တင်ပြထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်သဇင်ညွန့်နှင့် ဦးလှအေးတို့ထံသို့ဖြစ်စေ၊ ခိုင်လုံသောအထောက်အထားများ၊ စာချုပ်စာတမ်းမှုရင်းများ တင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ၎င်းရက်ကျော်လွန်ပါက ဆက်လက်၍ အပြီးသတ်တရားဝင်စာချုပ်စာတမ်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်မြင့် LL.B, H.G.P**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၂၄)**
**အမှတ် ၁၆၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၈၇၀၀၇၄၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ် (၃) မော်တော်ယာဉ်ဝင်းအတွင်း RC နှစ်ထပ်အဆောက်အအုံတစ်လုံး တည်ဆောက်လိုပါသဖြင့် စိတ်ပါဝင်စားသူများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်း | Lot No | သတ်မှတ်စံချိန်စံညွှန်း |
|---|---|---|---|
| (က) | တည်ဆောက်ရေး | Lot-1 | RC နှစ်ထပ်ရုံးတည်ဆောက်ခြင်းလုပ်ငန်း (၇၀'×၃၀'×၂၀')(အပေါ်အောက် ၅' ဝရန်တာနှင့် ရေ၊ မီး၊ မိလ္လာလုပ်ငန်းအပါအဝင်) |
| (ခ) | တင်ဒါပုံစံရောင်းချမည့် ရက်နှင့်အချိန် | | ၆-၁၀-၂၀၁၆ရက်မှ ၁၈-၁၀-၂၀၁၆ရက် ညနေ ၃နာရီထိ |
| (ဂ) | တင်ဒါဖွင့်မည့်အချိန်နှင့်နေရာ | | ၁၉-၁၀-၂၀၁၆ရက် မွန်းလွဲ ၂နာရီ ကုန်သွယ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမသစ်၊ ရုံးအမှတ် (၃)၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်များသို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**
**ရုံးအမှတ် (၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၀၁၂၊ ၀၆၇-၄၀၈၄၁၀**

## ဖခင်အမည်မှန်

ဥမြို့၊ ကင်းရုံးရပ်ကွက်၊ မြို့မဂုဏ်ရည်လမ်းနေ ကမာရွတ် အထက-၅၊ တက္ကသိုလ်ဝင်တန်း(D)မှ မမေမွန်ကျော်၏ ဖခင် ဦးကျော်ကျော် ၁၁/ဂမန(နိုင်)၀၃၁၅၁၁အရ ဦးကျော်ဇောအောင် ဖြစ်ပါကြောင်း။

❍ *ကျောဖုံးမှ*

နယ်မြေခံတပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများပါဝင်သော ဆေးကုသရေးအဖွဲ့နှင့် ခန္တီးမြို့ ပြည်သူ့ဆေးရုံမှ ဆရာဝန်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၄ ရက် ညနေပိုင်းက ဒဂါးကျေးရွာသို့ ရောက်ရှိကြပြီး ဆေးဝါးကုသမှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စစ်ဆေးကုသချက်များအရ အဆိုပါကျေးရွာ၌ ဖြစ်ပွားခဲ့သည့် ရောဂါမှာ ကူးစက်ရောဂါမဟုတ်ဘဲ ရိုးရိုးတုပ်ကွေးရောဂါသာဖြစ်ပြီး တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်း၊ အာဟာရချို့တဲ့ခြင်းနှင့် အချိန်မီ ဆေးကုသမှုမရှိခြင်းတို့ကြောင့် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးကုသရေးအဖွဲ့များအနေဖြင့် ရောဂါဆက်လက်မဖြစ်ပွားစေရေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ဖျားနာရောဂါဖြစ်ပွားသူ ဒေသခံပြည်သူ အမျိုးသား ၆၀၊ အမျိုးသမီး ၈၆ ဦး စုစုပေါင်း ၁၄၆ ဦးကို ကျန်းမာရေးစစ်ဆေးကုသပေးပြီးဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ ၌ **“ကမ္ဘာ့စားနပ်ရိက္ခာနေ့ (၂၀၁၆)”** ဆောင်းပါး ပထမစာပိုဒ်တွင်ပါရှိသော **“စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ်သည်လည်း လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲရပါလိမ့်မည်”** အစား **“ပြောင်းလဲရာသီလိုက်လျောညီ၊ ချိန်ညှိစိုက်ပျိုးရိက္ခာတိုး”**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

# MMA ကစားသမားအောင်လအန်ဆန် ကလေးသူငယ်များနှင့်တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၅**

အောက်တိုဘာ ၇ ရက်တွင်ကျင်းပမည့် ဘက်စုံကိုယ်ခံပညာသုံး MMA ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ကချင်တိုင်းရင်းသား အောင်လအန်ဆန်သည် ယနေ့နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာ မြို့ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာသို့ သွားရောက်ခဲ့သည်။ **(ယာပုံ)**



အောင်လအန်ဆန်သည် ONE Championship အဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ လာရောက်ခြင်းဖြစ်ပြီး MMA ပြိုင်ပွဲဖြစ်မြောက်ရေးပံ့ပိုးကူညီသည့် AGD Bank၊ FNI အာမခံလုပ်ငန်း၊ ထူးဖောင်ဒေးရှင်းတို့၏ အစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် အလှူငွေများလှူဒါန်းကာ ကလေးသူငယ်များ၏နေ့လယ်စာတို့အတွက် ကူညီဆောင်ရွက်ပေးခဲ့ပြီး ကလေးသူငယ်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကူးခဲ့သည်။

အောင်လအန်ဆန်ဝင်ရောက်ယှဉ်ပြိုင်မည့် ဘက်စုံကိုယ်ခံပညာသုံး MMA ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်ည ၇ နာရီတွင်အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ပိုလန်နိုင်ငံသား ပတ်စတာနက်ခ်နှင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာ့အားကစားပရိသတ်များစိတ်ဝင်စားမှုမြင့်တက်လျက်ရှိသည်။ အောင်လအန်ဆန်နှင့် ပတ်စတာနက်ခ်တို့ပွဲအပါအဝင် တွဲဆိုင်းကိုးပွဲ ပါဝင်မည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# ပညာသင်ယူဆဲနှင့် ကျောင်းပြီးသူများအား အော်ပရေတာတစ်ခုမှ အလုပ်သင်စတင်ခန့်ထား



**နေပြည်တော် အောက်တိုဘာ ၅**

မြန်မာနိုင်ငံအတွင်းရှိ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများ၌ ပညာသင်ကြားနေဆဲနှင့် ဘွဲ့ရပြီးစ ကျောင်းသား ကျောင်းသူများအတွက် အလုပ်သင်ဝန်ထမ်းအစီအစဉ်ကို စတင်ခဲ့ပြီး လျှောက်ထားသူ ၂၀၀ ခန့်အနက်မှ ၂၆ ဦးကို စတင်ခန့်ထားခဲ့ကြောင်း သိရသည်။

အလုပ်သင်ဝန်ထမ်းအဖြစ် နည်းပညာတက္ကသိုလ် (သန်လျင်)၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မှော်ဘီ)၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၊ Myanmar Imperial College နှင့် Human Resource Management Institute တက္ကသိုလ်နှင့် ကောလိပ်တို့မှ ကျောင်းသားကျောင်းသူများထဲက ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်၊ ဘဏ္ဍာရေး၊ စီးပွားရေးလည်ပတ်မှု၊ နည်းပညာ၊ သင်ယူလေ့လာရေး၊ ဈေးကွက်ရှာဖွေရေး၊ ကော်ပိုရိတ်ဆိုင်ရာ ဆက်သွယ်ရေးကဏ္ဍများတွင် ဝင်ရောက်သင်ယူလုပ်ကိုင်ကြမည်ဖြစ်သည်။

တယ်လီနော၏ အလုပ်သင်ဝန်ထမ်းခေါ်ယူမည့် အစီအစဉ်ကို ဩဂုတ်လတွင် တက္ကသိုလ်များ၌ ရှင်းလင်းပြောကြားထားပြီး အလုပ်သင်ဝန်ထမ်းတစ်ဦးသည် ၁ လမှ ၃ လအထိ လေ့လာရမည်ဖြစ်ကာ အလုပ်ခွင်၌ ဝင်ရောက်လုပ်ကိုင်ရာတွင် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းများ တိုးတက်လာအောင် သင်ကြားပေးခြင်း၊ တယ်လီနော၏ သင်ကြားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ထမ်းများနှင့် အနီးကပ်ကြီးကြပ်သူများထံမှ လမ်းညွှန်သင်ကြားပေးခြင်းများ ရရှိမည်ဖြစ်ကာ အလုပ်သင်အစီအစဉ် ပြီးဆုံးကြောင်း အသိအမှတ်ပြု လက်မှတ်များကိုလည်း ပေးအပ်မည်ဟု တယ်လီနောမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တယ်လီနောသည် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားတက္ကသိုလ်များနှင့် ပူးပေါင်း၍လည်း ယခုအစီအစဉ်ကို ဆက်လက်တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ရတနာ**

ဆရာအာသာ ၏သင်ကြားမှု(၂၅)နှစ်ပြည့်(1991-2016)အထိမ်းအမှတ် အထူးအစီအစဉ်
SUCCESS Language Academy
ကျောင်းသားသစ် (15% Discount) နှင့်
ကျောင်းသားဟောင်း (ပုံမှန် Discount + 15%)

(မြို့လယ်ကျောင်း)
အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 392048,256954,202046

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 11 Oct
1 - 2:30 (Mon~Thurs) 31 Oct

BASIC FOUR SKILLS ENGLISH
1 - 4:00 (Sat + Sun) 9,23 Oct
3:30 - 5 (Mon ~ Thurs) 10 Oct
9 - 12:00 (Sat + Sun) 15 Oct
1 - 2:30 (Mon ~ Thurs) 17,31Oct
3:30 - 5 (Mon ~ Thurs) 31 Oct

BASIC WRITING
10-11:30 (Mon ~ Thurs) 10 Oct
1 - 4:00 (Sat + Sun) 19 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
9 - 12:00 (Sat + Sun) 23 Oct
7:30 - 9 (Mon ~ Thurs) 24 Oct
1 - 2:30 (Mon ~ Thurs) 7 Nov
10-11:30 (Mon ~ Thurs) 9 Nov
7:30-10:30 (Sat + Sun) 12 Nov

INTERMEDIATE (ACADEMIC ENGLISH)
10-11:30 (Mon ~ Thurs) 10 Oct
9 - 12:00 (Sat + Sun) 29 Oct
3:30 - 5 (Mon ~ Thurs) 7 Nov

VOCAB ENRICHMENT
7:30 - 9 (Mon ~ Thurs) 17 Oct
9 - 12:00 (Sat + Sun) 23 Oct

BASIC GRAMMAR
10 -11:30 (Mon ~ Thurs) 10 Oct
3:30 - 5 (Mon ~ Thurs) 19 Oct

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
7:30 - 9 (Mon~Thurs) 17 Oct
6 - 7:30 (Mon~Thurs) 17 Oct
1 - 2:30 (Mon~Thurs) 25 Oct

BASIC GRAMMAR
1 - 2:30 (Mon~Thurs) 7 Nov
7:30 -10:30 (Sat + Sun) 26 Nov

IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 3 Dec

IELTS (Preparation)
1 - 3:30 (Mon~Thurs) 3 Oct
1 - 4:30 (Sat + Sun) 19 Nov

IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 17 Oct

IELTS (Reading + Vocab)
10 - 12:00 (Mon~Thurs) 3 Oct

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon~Thurs) 17,31Oct
3:30 - 5 (Mon~Thurs) 19 Oct
7:30 - 9 (Mon~Thurs) 24 Oct
10-11:30 (Mon~Thurs) 25 Oct
4:30-7:30 (Sat + Sun) 29 Oct
1 - 4:00 (Sat + Sun) 30 Oct

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon~Thurs) 7 Nov
3:30 -5 (Mon~Thurs) 15 Nov

IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 24 Oct

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 3 Oct

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
အောက်တိုဘာ (၃/၅/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့
Ph: 01-375970, 0951 72096, 09254541441

ရေခဲမုန့်၊Snack၊ဖျော်ရည်၊သစ်သီးယို၊မုန့်ဖုတ်သင်တန်း
ဂျယ်လီ ၊ ငါးမုန့် ၊ ဆော့စ် ၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
76,ဗိုလ်ဥက္ကာလမ်း။ တားဂရာမီးပွိုင့်အနီး၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်။ 09-5385522
09-402520073 09.793565900,01.2315072

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရခိုင်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းသစ်အဖြစ် ဆောက်လုပ်မည့် ကျေးလက်ကျန်းမာရေးဌာနနှင့်ဝန်ထမ်းအိမ်ရာများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ စိတ်ပါဝင်စားသောကုမ္ပဏီများသည် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းမျဉ်းစည်းကမ်းချက်ပုံစံများကို ရခိုင်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် ရုံးအချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၇-၁၀-၂၀၁၆ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၆-၁၁-၂၀၁၆ ရက်၊ ညနေ ၁၇:၀၀ နာရီ

**ဆက်သွယ်ရန် ဖုန်း-၀၄၃-၂၃၃၆၆၊ ၀၄၃-၂၁၂၀၂**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပဲခူးမြို့နယ်၊ ကမာနတ်ကျေးရွာ၊ အမှတ်(၉)သတ္တမတန်းမှ မစုမြတ်နိုးခင်၏ဖခင် ဦးလွမ်းဟိန်းသူ(ခ)ဦးအောင်ကိုမင်းမှာ တစ်ဦးတည်းဖြစ်ပါသည်။ **ဦးလွမ်းဟိန်းသူ(ခ)ဦးအောင်ကိုမင်း**

## ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသည့် ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၁၈၀၀၀၀- ၂၀၀၀-၁၉၀၀၀၀)ရာထူးခုနစ်နေရာ၊ အငယ်တန်းစာရေး(လစာနှုန်းကျပ်-၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)ရာထူးကိုးနေရာ၊ ရုံးအကူ(လစာနှုန်းကျပ် ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀)ရာထူး ၃၀နေရာတို့အတွက် အောက်ပါအရည်အချင်း သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) ၁-၁၀-၂၀၁၆ရက်တွင် အသက် ၃၀နှစ်ထက်မကြီးသူဖြစ်ရမည်။
(၃) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း ငါးနှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(၄) ပညာအရည်အချင်းသတ်မှတ်ချက်အနေဖြင့်
  (က) အငယ်တန်းသတင်းထောက်ရာထူးအတွက် မြန်မာစာ/အင်္ဂလိပ်စာထူးချွန်ရမည်။ စာပေရေးသားခြင်းနှင့်ပတ်သက်၍ ဝါသနာပါပြီး အလေ့အကျင့်ရှိသူဖြစ်ရမည်။ စာပေနှင့်ပတ်သက်သည့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူများကို ဦးစားပေးခန့်ထားမည်။ (ဆုရရှိခဲ့ဖူးပါက ထောက်ခံချက်/ဆုလက်မှတ် ပူးတွဲတင်ပြရမည်။)B.A(English)(သို့) B.A(Myanmar)(သို့) B.A(English)UFL(သို့)M.A(English)(သို့)M.A(Myanmar)(သို့)B.A (Journalism) ဘွဲ့ရရှိသူဖြစ်ရမည်။
  (ခ) အငယ်တန်းစာရေးရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရသူဖြစ်ပြီး ပညာအရည်အချင်းပေါ်မူတည်၍ ဦးစားပေးစဉ်းစားမည်။
  (ဂ) ရုံးအကူရာထူးအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွက် အသုံးဝင်မည့်အတတ်ပညာတစ်ခုခုထူးချွန်ပါက ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားမည်။
(၅) ဝန်ထမ်းဖြစ်ပါက ၁-၁၀-၂၀၁၆ရက်တွင် အသက်(၃၅)နှစ်အတွင်း သက်ဆိုင်ရာဌာနအကြီးအကဲခွင့်ပြုချက်နှင့် လျှောက်ထားရမည်။
(၆) ရာထူးအားလုံးအတွက် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများကို ပူးတွဲတင်ပြလျှောက်ထားရမည်-
  (က) ကိုယ်တိုင်ရေးလျှောက်လွှာနှင့် ကိုယ်ရေးအချက်အလက် (ဓာတ်ပုံကပ်ပြီး)
  (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
  (ဂ) ပညာအရည်အချင်းထောက်ခံချက်မိတ္တူ
  (ဃ) အိမ်ထောင်စုစာရင်းမိတ္တူ
  (င) အလုပ်သမားမှတ်ပုံတင်(လေဘာ)မိတ္တူ
  (စ) လွန်ခဲ့သည့် ခြောက်လအတွင်းက ပြုလုပ်ထားသည့် ရဲစခန်းနှင့် ရပ်ကွက်ထောက်ခံစာမူရင်း
(၇) လျှောက်လွှာများကို ၃၁-၁၀-၂၀၁၆ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၄၁၂၀၂၈တို့သို့ ပေးပို့ရမည်။

## မှုခင်းသတင်းအတိုအထွာ

### ကောလင်း

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ရဲစခန်း၏ အရှေ့မြောက် ၂၅ မိုင်ခန့် ဒိုးပင်ချောင်းအနီးကမ်းပါးတွင် သစ်ကားဖြင့် သစ်များ ပုံချနေသည့် ယာဉ်နံပါတ်မပါ ခြောက်ဘီးယာဉ်ပေါ်တွင် တင်ထားသည့် ကျွန်းခွဲသား ၁၃၉ ချောင်း (၁ ဒသမ ၅၁)တန် ကာလတန်ဖိုး ငွေကျပ် ၂၆၂၇၅၀၊ ကားအနီးမြေပြင်ပေါ်၌ ကျွန်းခွဲသား ၁၀၅ ချောင်း (၀ ဒသမ ၈၃၄)တန် ကာလတန်ဖိုး ငွေကျပ် ၂၁၀၈၅၀၊ သစ်ရာစကွဲယားတုံး ၁၄ တုံး (၁ ဒသမ ၀၅၅၈) တန် ကာလတန်ဖိုးငွေကျပ် ၂၆၃၉၅၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ သစ်ပိုင်ရှင်မှာ ကောလင်းမြို့နယ် ဒိုးပင်ကျေးရွာနေ မောင်ကျော်၏ သစ်များဖြစ်ကြောင်း သိရသည်။

သစ်တင်ကားနှင့်အတူ တရားမဝင်သစ်များဖြင့် တွေ့ရှိခဲ့သူ ယာဉ်မောင်း တင်မိုးဟန် (၂၉ နှစ်) ထီးချိုင့်မြို့နယ်နှင့် သစ်ပိုင်ရှင် မောင်ကျော် ဒိုးပင်ကျေးရွာ ကောလင်းမြို့နယ်နေသူတို့နှစ်ဦးအား သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### စစ်ကိုင်း

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ပြန်းဘဲတန်းရပ်ကွက် မုံရွာ-မန္တလေးသွားကားလမ်းတွင် အောက်တိုဘာ ၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ မုံရွာ-မန္တလေးသွားကားလမ်းတွင် တောင်မှမြောက်သို့ ချစ်သဲ(၂၂နှစ်)မောင်းနှင်ပြီး ရဲမင်းထွန်း(၂၂နှစ်)လိုက်ပါလာသော ဆိုင်ကယ်သည် လမ်းဘေး၌ ရပ်ထားသည့် ကျော်ထွန်းနောင် မောင်းနှင်လာသော ၇က/....ယာဉ်အား တိုက်မိခဲ့ရာ ချစ်သဲတွင်ဒဏ်ရာများရရှိကာ စစ်ကိုင်းပြည်သူ့ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ပြီး ရဲမင်းထွန်းတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**ကိုရဲ**

### ဆော

ဆောမြို့နယ် ယောမြို့ရွာအနီးတွင် အောက်တိုဘာ ၂ရက်က အမျိုးသမီးတစ်ဦး တူမီးသေနတ်ထိမှန်ခဲ့မှုနှင့်ပတ်သက်၍ သေနတ်ကိုင်ဆောင်သူအား အမှုဖွင့်အရေးယူထားကြောင်း ကျောက်ထုနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက်က ဆောမြို့နယ် ယောမြို့ရွာအနီး ဖိုးကောင်း(၄၀နှစ်) ယောမြို့ရွာ ဆောမြို့နယ်နေသူသည် လယ်တောတောင်ဘက် နှစ်ဖာလုံခန့်အကွာ ပြောင်းရှည်တူမီးသေနတ်အား ကျည်ထိုးယမ်းထည့်၍ ထောင်ချောက်ဆင်ထားရာ ထိုနေရာသို့ ၎င်း၏ဇနီးဖြစ်သူ မလှမြင့်(၄၁နှစ်) သည် မျှစ်ချိုးလာစဉ် ထောင်ချောက်ဆင်ထားသော ကြိုးအားတိုက်မိပြီး တူမီးခဲကျည်ထိမှန်ဒဏ်ရာ (စိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖိုးကောင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဝေယျ**

### ကသာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့သည်။

မြေလင်းရဲကင်းစခန်းမှူး ရဲအုပ် နေလင်းအဖွဲ့မှ သစ်တောရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး အောက်တိုဘာ ၂ ရက်က ပင်လည်ဘူး-ကောလင်းသွားလမ်းမပေါ်တွင် စောမင်းနိုင်မောင်းနှင်လာသည့် ပါဂျဲဒိုးယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ အဆိုပါကားမှာ လိုင်စင်အထောက်အထား စာရွက်၊ စာတမ်း၊ တစ်စုံတစ်ရာမပါဘဲ မှတ်ပုံတင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ၍ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### သန်လျင်

သန်လျင်မြို့နယ် သန်လျင်သီလဝါလမ်း ဖားအောက်တောရအလွန်တွင် အောက်တိုဘာ ၁ ရက်က မြေသယ်ယာဉ်နှင့်ဆိုင်ကယ်တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

သန်လျင်သီလဝါလမ်းအတိုင်း အရှေ့မှအနောက်သို့ ယာဉ်မောင်း မြင့်ထွန်း(၃၈နှစ်) ငွေသန်းဝင်း ၄ လမ်း မြို့ဟောင်းအရှေ့ သန်လျင်မြို့နေသူ မောင်းနှင်လာသည့် 5K/......မြေသယ်ယာဉ်သည် ဖားအောက်တောရကျောင်းတိုက် အလွန်အရောက် မျက်နှာချင်းဆိုင်မှ ဆိုင်ကယ်မောင်းနှင်သူ အောင်ကို (၁၆နှစ်) ဆိုင်ကယ်နှင့် လမ်းအလယ်တွင် ဝင်ရောက်တိုက်မိခဲ့ရာ အောင်ကိုတွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

### မန္တလေး

မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂ ရက်က ပုသိမ်ကြီးမြို့နယ် ဘိုထက်ကုန်းလမ်းအသုံးပြုခကောက်ခံရေးစခန်း၌ သန္တာအောင် မောင်းနှင်လာသည့်ဆိုင်ကယ်နှင့် သန်းသန်းစိန် မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀ ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့နေထိုင်သည့် ပုသိမ်ကြီးမြို့နယ် ထုံးဘိုကျေးရွာ အမှတ်(၅၇၉) နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅၀ ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မန္တလေးဆေးတက္ကသိုလ် ကျောင်းသားများ ညောင်လေးပင်မြို့နယ်အတွင်း ကွင်းဆင်းလေ့လာ



**ညောင်လေးပင် အောက်တိုဘာ ၅**
ညောင်လေးပင်မြို့နယ်၌ ရောက်ရှိနေသော မန္တလေးဆေးတက္ကသိုလ်မှ နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသားကျောင်းသူများ အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ညောင်လေးပင်မြို့ပေါ်ရှိ ရပ်ကွက်ငါးခုအတွင်း လှည့်လည်၍ ကွင်းဆင်းလေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့ပေါ် (၅)ရပ်ကွက်အတွင်း၌ တစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လေ့လာရေး ကျောင်းသားကျောင်းသူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦးနှင့် သူနာပြုဆရာမများက ကာကွယ်ဆေးထိုးခြင်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များကို လိုက်လံရှင်းလင်းပြသခဲ့ကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များကလည်း ကျောင်းသားကျောင်းသူများ ကွင်းဆင်းလေ့လာရေးတွင် လိုအပ်သည်များကို လိုက်လံကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# ဘဲဥလက်ကားဈေးနှုန်း ကျဆင်းနေရာမှ အနည်းငယ်ပြန်လည်မြင့်တက်

**ရန်ကုန် အောက်တိုဘာ ၅**
နယ်မှရန်ကုန်ဈေးကွက်သို့ ဘဲဥများ နေ့စဉ်တင်ပို့ရာတွင် စက်တင်ဘာလ ဒုတိယပတ်ကုန်ရက်ပိုင်းမှစ၍ တစ်လုံးလျှင် လက်ကားဈေးနှုန်း ငွေကျပ် ၁၄၀ ရှိရာမှ စက်တင်ဘာ ၂၉ ရက်တွင် ငွေကျပ် ၁၀၂ ကျပ်နှုန်းသို့ ကျဆင်းလာခဲ့သည်။

သို့သော် စက်တင်ဘာ ၃၀ ရက်တွင် ၁၀၄ ကျပ်၊ အောက်တိုဘာ ၂ ရက်တွင် ၁၁၂ ကျပ်၊ အောက်တိုဘာ ၃ ရက်တွင် ၁၁၆ ကျပ်နှုန်းသို့ ဈေးနှုန်းအနည်းငယ်ပြန်လည်မြင့်တက်လာမှုရှိသည်ဟု ဘိုကလေးမြို့မှရန်ကုန်သို့ ကားဖြင့်နေ့စဉ် ဘဲဥတင်ပို့နေသည့် အောင်သပြေကမ်းနားဈေးတွင် ပွဲရုံဖွင့်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ရန်ကုန်ဘဲဥ ဈေးကွက်တွင် လက်ကားဈေးနှုန်း တစ်လုံးလျှင် ငွေကျပ် ၄၀ ခန့် ကျဆင်းသော်လည်း လက်လီဈေးကွက်တွင် အနည်းငယ်သာကျဆင်းမှုရှိသည်။ စက်တင်ဘာလလယ်မှစ၍ ဘဲဥတစ်လုံးလျှင် လက်လီဈေးရောင်းသူများထံမှ ဝယ်ယူရာတွင် ငွေကျပ် ၁၆၀ နှုန်းဖြင့် ဝယ်ယူခဲ့ရသည်။ အောက်တိုဘာ ၁ ရက်မှစ၍ ငွေကျပ် ၁၅၀ သို့ ဈေးချရောင်းမှုရှိလာသည်။ အချို့သောဈေးသည်များမှာမူ ငွေကျပ် ၁၄၀ အထိ ဈေးချရောင်းမှုရှိသည်ဟု ဘဲဥနေ့စဉ်ဝယ်ယူနေသူတစ်ဦးက ပြောသည်။

ရန်ကုန် ကြက်ဥ၊ ဘဲဥဒိုင်မှ ဈေးဖြတ်ဝယ်ယူသောဈေးနှုန်းထက် တစ်လုံးလျှင် ၅ ကျပ်ဝန်းကျင် နယ်တွင် ဈေးချဝယ်ယူမှုရှိသည်ဟု သိရသည်။ အလေးချိန် ၂၀ ကီလိုဂရမ်ဝန်းကျင်ရှိ ဘဲဥအလုံး ၃၀၀ပါ ကတ်တွဲတစ်တွဲလျှင် ရေကြောင်းမှ ပို့လျှင် ရေယာဉ်တန်ဆာခ ငွေကျပ် ၂၅၀၊ ကားလမ်းဖြင့်ပို့လျှင် ငွေကျပ် ၄၅၀ နှုန်းရှိသည်ဟု သိရသည်။

အောက်တိုဘာ ၃ ရက်က မဟာဗန္ဓုလလမ်းဘေး တောဈေးသည်ဈေးတန်းတွင် ဘဲဥတစ်လုံးငွေကျပ် ၁၄၀ မှ ၁၅၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၁၂၀ ဖြင့် ရောင်းချမှုရှိသည်။

သို့သော် အရောင်းကုန်တိုက်ကြီးများတွင်မူ ကြက်ဥငွေကျပ် ၁၃၅ ကျပ်မှ ၁၅၀ အတွင်း တံဆိပ်အမျိုးအစားအလိုက် ရောင်းချမှုရှိသည်ဟု ဈေးဝယ်သူများက ပြောသည်။

**ခင်ဆိုင်**



**ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာနိုင်ရေးအတွက် အမှတ်(၈၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မအူပင်) တပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်စိုးမိုး၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၃ ရက်က စည်းကမ်းမဲ့ယာဉ်များအား ဖမ်းဆီးစစ်ဆေးစဉ်**
(ခရိုင် ပြန်/ဆက်)



# မိတ္ထီလာမြောက်ကန်ရေကျော်တွင် ဖြတ်သန်းသွားလာခြင်းများအား ကန့်သတ်

**မိတ္ထီလာ အောက်တိုဘာ ၅**
မိတ္ထီလာမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိတ္ထီလာမြောက်ကန် ရေလျှံတက်မှုဖြစ်ပွားနေသည့် ဓမ္မသုခရွှေစည်းခုံစေတီတော်နှင့် မီးရထားသံလမ်းအနီး မိတ္ထီလာမြောက်ကန်ရေကျော်နေရာတွင် ရေချိုးခြင်း၊ ကား၊ ဆိုင်ကယ်ရေဆေးခြင်းသာမက ဖြတ်သန်းသွားလာခြင်းကိုလည်း စက်တင်ဘာ ၃၀ ရက် နံနက် ၁၂ နာရီခန့်က စတင်ပြီး သက်ဆိုင်ရာမှ ကန့်သတ်တားမြစ်လိုက်ကြောင်း သိရသည်။

“မနေ့ည ၉ နာရီလောက်က ပျော်ဘွယ်ဒေသဘက်မှ လူငယ်တစ်ဦး မီးရထားသံလမ်းအနီး ရေကျော်နားမှာ ရေဆင်းချိုးပြီး ရေနစ်သေသွားတယ်။ စက်တင်ဘာ ၂၅ ရက် ညပိုင်းကလည်း သာစည်မြို့နယ်ဘက်က မိတ္ထီလာတက္ကသိုလ်(အဝေးသင်) တက်နေတဲ့ လူငယ်တစ်ဦး ဒီရေကျော်အနီးမှာ ရေဆင်းချိုးပြီး ရေနစ်သေခဲ့သေးတယ်။ ဒါကြောင့် တာဝန်ရှိသူတွေက ကန့်သတ်တားမြစ်ထားတာဖြစ်ပါတယ်”ဟု မြို့မိမြို့ဖတစ်ဦးက ပြောသည်။

မိတ္ထီလာမြောက်ကန်ရေကျော်နေရာတွင် ရေစတင်စီးဆင်းဖြတ်ကျော်သည့် စက်တင်ဘာ ၂၃ ရက်မှစတင်ပြီး ရေချိုးသူ၊ ကား၊ ဆိုင်ကယ်ရေဆေးသူ၊ ဖြတ်သန်းသွားလာ ရေကစားသူ၊ ငါးဖမ်းသူများဖြင့် စည်ကားများပြားခဲ့ပြီး ယခုအခါ ကန်ရေလျှံတက်ဖြတ်သန်းစီးဆင်းသည့်နေရာ၏ တစ်ဖက်တစ်ချက်စီတွင် ဝါးလုံးတန်းများဖြင့် ပိတ်ပင်ထားကာ ဖြတ်သန်းသွားလာခွင့်ကို ယာယီကန့်သတ်တားမြစ်ထားကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ )**

# အကျိုးပြု ဇီဝကပ်ပါး နဂျီလွှတ်ပေးခြင်း တောင်သူများအား သရုပ်ပြ

**ဝက်လက် အောက်တိုဘာ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျီးကန်ကျေးရွာအုပ်စုတွင် စိုက်ပျိုးထားသည့် မိုးစပါး ရွှေဘိုပေါ်ဆန်းမျိုးသန့်မျိုးစေ့ထုတ်စံပြကွက်၌ ဆစ်ပိုးအား ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းရန်အတွက် ဥကပ်ပါးနဂျီကတ်များကို တောင်သူ ဦးဝင်းနိုင်၏ မိုးစပါး ၁၀ ဧကတွင် လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းသရုပ်ပြပွဲတွင် ရွှေဘိုခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်းက ကပ်ပါးနဂျီများလွှတ်၍ ဆစ်ပိုးကာကွယ်နှိမ်နင်းခြင်းနှင့် သဘာဝပိုးသတ်ဆေးဖျော်ရည်ပြုလုပ်သုံးစွဲနည်းအကြောင်းကိုလည်းကောင်း၊ မျိုးစေ့တာဝန်ခံ ဒေါ်မကြွယ်ဝင်းက မျိုးစေ့ထုတ်လုပ်ရာတွင် စနစ်တကျမျိုးကွဲပယ်ခြင်းများအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး လက်တွေ့ကွင်းဆင်းပြသခြင်းကို မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

# နှစ်ပေါင်း ၇၅၀ ကျော်ကတည်းက တည်ထားခဲ့သော မြောင်းမြမြို့၏အထင်ကရ သမိုင်းဝင်စကြာနန္ဒ၊ စကြာသီဟစေတီတော်

**ဆောင်းပါး-ဉာဏ်မင်း(နမ့်ခမ်း)**

**ဓာတ်ပုံ-အောင်မြင့်(မြောင်းမြ)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် တောင်ပေါ်မြေပြန့် မြစ်ဝှမ်းဒေသများပါမကျန် ကျောင်းကန်ဘုရားစေတီများကို မြို့ရွာအနှံ့တည်ထားကိုးကွယ်ပူဇော်ကြသည်။ ရှေးနှစ်ပေါင်းများစွာက တည်ထားခဲ့သော ဘုရားစေတီများရှိသကဲ့သို့ မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရနှင့် အလှူရှင် စေတနာရှင်များ တည်ထားကိုးကွယ်မှုပြုထားကြသည့် ဘုရားစေတီများကိုလည်း ဖူးတွေ့ရသည်။ မြန်မာနိုင်ငံတွင် တန်ခိုးကြီးဘုရားစေတီများစွာရှိသည့်အနက် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ စကြာသီဟ၊ စကြာနန္ဒ စေတီတော်နှစ်ဆူသည်လည်း မြောင်းမြမြို့၏ မြစ်ကမ်းအနီးတွင် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်ကြည်ညိုစွာဖြင့် ဖူးမြင်ကြရသည်။

စေတီတော်နှစ်ဆူသည် ကောဇာသက္ကရာဇ် ၆၂၅ ခုနှစ်က သမုဒ္ဒဃောသမင်းကြီးနှင့် ဉမ္မာဒန္တီမိဖုရားတို့သည် များစွာသော မှူးမတ်တို့နှင့်တိုင်ပင်နီးနှော၍ “ဤနေရာ (ဘုရားကုန်း) သည် သာသနာတော်အနှစ် ၅၀၀၀ ပတ်လုံး စည်ပင်ထွန်းကားပြန့်ပွားမည်”ဟု ရဟန္တာအရှင်မြတ်များ မိန့်ကြားသည်ကို သိရှိတော်မူသဖြင့် ကျမ်းဂန်ရှိသည့်အတိုင်း ဉာဏ်တော်တစ်မိုက်ရှိသော ရွှေဆင်းတုတော် ဒက္ခိဏာသာခါတစ်ဆူ၊ မွေတော်စစ်များ၊ မုန် ညင်းစေ့ခန့်ရှိသော ဓာတ်တော်များကို ရွှေကြုတ်၊ ငွေကြုတ်တို့ဖြင့် ဌာပနာတော်မူခဲ့သည်။ မိဖုရားများကလည်း ရွှေဆံထိုး၊ ငွေဆံထိုး၊ ရွှေလက်စွပ်၊ ငွေလက်စွပ်၊ ပုလဲရတနာ နီလာဆံစု၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ကို ရွှေကြုတ်ငွေကြုတ်တွင် ထည့်၍ ဌာပနာတော်မူပြီး ပွဲလမ်းသဘင် ဆင်ယင်ကျင်းပလျက် စေတီတော်မြတ်တို့၌ သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြသည်။ သစ္စာ အဓိဋ္ဌာန်မှာ “ငါတည်ထားခဲ့သော စေတီတော်မြတ်ကြီးကို ပူဇော်ကန်တော့ရသော ရဟန်းရှင်လူအပေါင်းတို့သည် ငါ့ကိုအမျှပေးဝေကြစေသတည်း၊ အမျှပေးဝေသော ရဟန်းရှင်လူအပေါင်းတို့သည်လည်း မကောင်းသော ဘေးဒဏ်အန္တရာယ်အများ၊ ကပ်သုံးပါးတို့မှ ကင်းလွတ်စေသတည်း၊ နှောင်သောအခါ စေတီတော်ကြီး ပျက်စီးယိုယွင်းပါက ငါကဲ့သို့ ပြင်ဆင်ကိုးကွယ်နိုင်ကြပါစေသတည်း၊ ဘုန်းရှိသောယောကျ်ား၊ မိန်းမဖြစ်၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်စေသတည်း”ဟု သစ္စာပြုခဲ့ကြသည်။

ထိုစဉ်က တည်ထားခဲ့သော ကျိုက္ခမီစေတီကို နှောင်အခါတွင် စကြာနန္ဒဟူ၍လည်းကောင်း၊ နှောင်တော်ကြီးစေတီကို စကြာသီဟဟုလည်းကောင်း ယနေ့တိုင် ဘွဲ့တော်အမည်တွင်ခဲ့ကြသည်။

မင်းမိဖုရားတို့၏ သစ္စာစကားတို့နှင့်အညီ ရဟန်းရှင်လူအများ အမျှဝေပေးကြလျက် ခေတ်အဆက်ဆက် စေတီတော်မြတ်များကို ပြုပြင်မွမ်းမံခဲ့ကြရာ ယခုဖူးမြော်ရသည့်အတိုင်း ရွှေရောင်အဆင်း၊ ရွှေတဝင်းဝင်းဖြင့် သပ္ပာယ်ကြည်ညိုစွာ မြင်တွေ့ရလေသည်။ တန်ခိုးကြီးလှသည့် စေတီတော်မြတ်နှစ်ဆူသည် မြစ်ကမ်းပါးတွင်နှစ်ပေါင်း ၇၅၃ နှစ်ကျော်ကြာ တည်ရှိသော်လည်း စေတီကုန်းတော်ကို ရေတိုက်စားခြင်းမရှိခဲ့ပေ။ ၁၃၅၈ ခုနှစ် ကဆုန်လပြည့်နေ့ ရွှေထီးတော်တင်လှူပြီးသည့် ည ၉ နာရီအချိန် ရောင်ခြည်တော်များ ကွန့်မြူးတော်မူသည်ကို ရဟန်းရှင်လူပြည်သူများ ဖူးမြော်လိုက်ရပြီး နှောင်တွင်လည်း မကြာခဏ ရောင်ခြည်တော်ကွန့်မြူးခဲ့သည်။ ထို့ပြင် နှစ်စဉ်နှစ်တိုင်း တစ်နှစ်လျှင်နှစ်ကြိမ်၊ သုံးကြိမ်မျှ ရင်ပြင်တော်ပေါ်တွင် ပဲမိုးများရွာသွန်းလေ့ရှိသည်။ နာဂစ်မုန်တိုင်း ပြင်းထန်စွာ တိုက်ခတ်သည့်နှစ်တွင် ထီးတော်မှာပျက်စီးခြင်းမရှိဘဲ တောင်ဘက်သို့ ၇၀ ဒီဂရီခန့်တိမ်းစောင်းသွားခဲ့သည်။ သို့သော် အလိုအလျောက် ပြန်လည်တည့်မတ်သွားခဲ့ကြောင်း မှတ်တမ်းများရှိခဲ့သည်။

မြောင်းမြမြို့ရှိ သမိုင်းဝင်စကြာနန္ဒနှင့် စကြာသီဟစေတီတွင် နှစ်စဉ်သီတင်းကျွတ်၊ တန်ဆောင်တိုင် ဆီမီးမျှောပူဇော်ပွဲ၊ ဘုရားပွဲတော်များတွင် စေတီကုန်းတော်အပြည့် မြို့သူမြို့သားများ လာရောက်ကြည်ညိုလေ့ရှိကြသည်။ စေတီတော်မြတ်တို့၏ တန်ခိုးတော်ကြောင့် မြောင်းမြမြို့သည် ကပ်ကြီးဘေးများနှင့်ကင်းလျက် နေ့စဉ်ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိနေသည်။

# ပွင့်ဖြူမြို့နယ်အတွင်းရှိ ဖြတ်ပိုးကျရောက်ခဲ့သည့် စပါးခင်းများ ပြန်လည်ကောင်းမွန်လာ



**ပွင့်ဖြူ အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာ၊ ငဖဲမြို့များရှိ စပါးခင်းများတွင် စက်တင်ဘာလ ဒုတိယပတ်မှစ၍ ဖြတ်ပိုးများ ကျရောက်မှုကြောင့် စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော် (ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးတိုးမင်းနှင့် တိုင်း /ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ယခုအခါ စပါးခင်းများ ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

ထို့နောက် တောင်သူများအား သီးနှံထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ဖြတ်၊ ဆစ်ပိုးနှင့် အဓိကကျရောက်တတ်သော ပိုး၊ သာမန်ဖျက်ပိုးများနှင့် တောင်သူအကျိုးပြုမိတ်ဆွေပိုးများအကြောင်းကို ပညာပေးဆွေးနွေးခဲ့ပြီး တောင်သူတစ်ဦးချင်း သိလိုသည်များ မေးမြန်းမှုကို ပြန်လည်ဖြေကြားပေးခဲ့သည်။

“ကွင်းထဲရှိ လက်ရှိရာသီဥတုအခြေအနေကြောင့် ပိုးမွှားတွေကျရောက်တာဖြစ်ပါတယ်။ သက်ဆိုင်ရာ ဝန်ထမ်းတွေကလည်း မိမိတို့ခရိုင် မြို့နယ်မှာကျရောက်တတ်တဲ့ ပိုးမွှားရောဂါတွေကို ကြိုတင်ကာကွယ်နှိမ်နင်းနိုင်ဖို့ သတိပေးနှိုးဆော်စာတွေထုတ်ဝေပြီး သက်ဆိုင်ရာမြို့နယ်မှ ကျေးရွာအုပ်စု တာဝန်ခံတွေက မိမိတို့ရှေ့တန်းစခန်းနယ်မြေအသီးသီးရှိ ကျေးရွာတွေအထိ သွားရောက်ပညာပေးမှုတွေ အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်း၍ ဆောင်ရွက်ဖို့လိုပါတယ်။ ဖြတ်ပိုးကျတဲ့ အခင်းတွေအတွက် ကာတက်ဟိုက်ဒရိုကလိုရိုဒ်ဆေးကိုဖျန်းပေးရပါတယ်။ ရာသီဥတုဖောက်ပြန်မှုဒဏ်ခံနိုင်ဖို့အတွက်ကို S. Matrix Easy ကို သုံးပေးရပါတယ်။ အခုဆိုရင် ဖြတ်ပိုးကျရောက်တဲ့ စိုက်ခင်းတွေအားလုံးပြန်လည် ကောင်းမွန်လာပါပြီ”ဟု ခရိုင်သီးနှံ ကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းက ပြောသည်။

တောင်သူများအနေဖြင့် ပိုးသတ်ဆေးသုံးစွဲရာတွင် နှာခေါင်းစီး၊ လက်အိတ်၊ လက်ရှည်အင်္ကျီ၊ ဘောင်းဘီ၊ ပုဆိုးရှည်ဝတ်၍ အဝကျယ် သို့မဟုတ် အနားကျယ် ဦးထုပ်များ ဝတ်ဆင်စေရန်၊ ပိုးသတ်ဆေးအမျိုးအစားကို စနစ်တကျရွေးချယ်၍ ဖျော်စပ်နည်း၊ ဆေးဖျန်းပုံးထဲမထည့်မီ ဆေးဖျန်းပုံးထဲတွင် ရေကို အနည်းငယ်အခံထည့်၍ ဖျော်စပ်ပြီးဆေးမှုန့်/ဆေးရည်များကို အသေအချာမဖိတ်မစဉ် အောင်ရေစစ်ဆန်ခါခံ၍ ဆေးပုံးထဲထည့်ပြီးမှ ရေကိုလေအိုးအပေါ်အရစ် အထိသာ ထည့်စေ၍ ရေအပြည့်မထည့်ဘဲ ဆေးဖျန်းပုံးကိုလှုပ်ခါကာ အသင့်စစ်ဆေးပြင်ဆင်ပြီး ဆေးဖျန်းပုံးထဲသို့ထည့်၍ လေလာသည့်အလိုက် လေညာမှ ဆေးပက်ရန်၊ ဆေးပက်နည်းကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် တို့ကိုလည်း ဆွေးနွေးပညာပေးခဲ့ကြောင်း သိရသည်။

**သတင်း- ဇူလိုင်မိုး၊**

**ဓာတ်ပုံ- ချစ်သမီး**

# ရွှေဂူမြတ်ဘုရားပွဲတော်တွင် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကျင်းပမည်

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မတ္တရာမြို့နယ် ဘော်လီဘောအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီတို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော မတ္တရာမြို့ထောင့် ရွှေဂူမြတ်ဘုရားပွဲတော်တွင် ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲကို မတ္တရာမြို့အမှတ်(၂) မြို့သစ်ရပ်ကွက်ရှိ ဗဂျီးနီးယားဘော်လီဘောကွင်း၌ အောက်တိုဘာ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဘော်လီဘောအသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဒုတိယရဲမှူးဝင်းနိုင်က ပြောသည်။

အဆိုပါ ဖိတ်ကြားထားသော အသင်းများကို ခရီးစရိတ်၊ အစားအသောက်၊ တူညီဝတ်စုံများအပြင် နေရေး၊ ထိုင်ရေး အစစအရာရာ တာဝန်ယူဆောင်ရွက်ပေးမည်ဟု ၎င်းက ဆက်လက်ပြောသည်။

ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ လူငယ်လက်ရွေးစင်အသင်း၊ ရှမ်းပြည်နယ်ကိုယ်စားပြု အသင်း၊ ကျောက်ဆည်လူငယ်အသင်း၊ မန္တလေးစည်ပင်အသင်း၊ အား/ကာသိပ္ပံ မန္တလေးအသင်းနှင့် ဒေသခံအိမ်ရှင် မတ္တရာလူငယ်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုကြေးအဖြစ် ပထမဆု ငွေကျပ် ဆယ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်းနှင့် ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆု ခြောက်ဆုကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဘော်လီဘောအားကစားနည်းကို လူငယ်များ စိတ်ဝင်စားလာပြီး လက်ရွေးစင်ကစားသမားများမွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကို ထည့်သွင်းကာနှစ်စဉ်နှစ်တိုင်း စီစဉ်ကျင်းပခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## သတင်းတို

### ဖလမ်း၌ မော်တော်ယာဉ်များစစ်ဆေး

ချင်းပြည်နယ် ဟားခါး-ဖလမ်း-ကလေးလမ်းအတွင်း ဖြတ်သန်းသွားလာကြသော မော်တော်ယာဉ်များကို အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့အဝင်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းကာ စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါစစ်ဆေးမှုတွင် မူးယစ်ဆေးဝါးများ၊ တရားမဝင်သစ်တောထွက်ပစ္စည်းများ၊ ပေါက်ကွဲစေတတ်သောပစ္စည်းများ သယ်ယူမှုမရှိစေရေး၊ တရားမဝင်နိုင်ငံခြားသားများ ဝင်/ထွက် သွားလာမှုမရှိစေရေးနှင့်လမ်း၊ တံတားများ ပျက်စီးမှုမရှိစေရေးတို့အတွက် ၁၀ဘီးအထက် မော်တော်ယာဉ်များ သွားလာမှုမရှိစေရေးတို့ကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဟောပြောမည်

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးနှင့် စိတ်ဓာတ်စွမ်းရည်မြှင့်တင်ရေးကို ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့သီလဝခန်းမ၌ အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် စာပေဟောပြောပွဲပြုလုပ်ကျင်းပမည် ဖြစ်သည်။

အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာ ဆရာမောင်သာချို (မြန်မာစာပါမောက္ခ)၊ စာရေးဆရာမ ဒေါက်တာဂျူးတို့က ဟောပြောသွားမည်ဖြစ်သည်။ စာပေဟောပြောပွဲဖြစ်မြောက်ရေးအတွက် ရမည်းသင်းမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင် တာဝန်ရှိသူများက ဦးဆောင်စီစဉ်ကျင်းပခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများအား ဖိတ်ကြားမည်ဟု သိရသည်။ **အတ်ကလေး (ရမည်းသင်း)**

### အခြေခံ ငါးမွေးမြူရေးသင်တန်းဖွင့်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းသင်တန်းကျောင်း (အထက်မြန်မာပြည်)၊ အခြေခံငါးမွေးမြူရေးသင်တန်း အမှတ်စဉ် (၂၉) သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၄ ရက် နံနက်က စစ်ကိုင်းမြို့ ငါးလုပ်ငန်းသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ညီတိုးက ဒေသတွင်းငါးစားသုံးမှု ဖူလုံစွာရရှိစေနိုင်ရေးအတွက် ကျေးလက်ဒေသများရှိ ငါးမွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားသည့် ပြည်သူများသို့လည်း ကွင်းဆင်း ပညာပေးဆောင်ရွက် လုပ်ကိုင်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ၁၀ ရက်ကြာ သင်တန်းပို့ချပေးသွားမည်ဖြစ်ပြီး အထက်မြန်မာပြည် ငါးလုပ်ငန်းသင်တန်းကျောင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနများမှ သင်တန်းသား/သင်တန်းသူ (၁၄) ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့၏ (၅၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီက အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရဲချုပ်ထံမှ ပေးပို့သော (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သဝဏ်လွှာအား ရန်ကုန် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေးက ဖတ်ကြားခဲ့ကြောင်း သိရသည်။ (ဝ၂၅)

# ပြောင်းပေါ်ချိန် ဈေးများကျဆင်းနေ၍ တောင်သူများအခက်ကြုံ



**မန္တလေး အောက်တိုဘာ ၅**

ယခုနှစ်ပြောင်းပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်သော်လည်း ဈေးနှုန်းကျဆင်းနေသည့်အပြင် ဝယ်ယူမှုတုံ့ဆိုင်းနေခြင်းကြောင့် တောင်သူများအခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

ယမန်နှစ်ပြောင်းပေါ်ချိန်တွင် cp ပြောင်းစေ့ သုံးတင်းဝင်တစ်အိတ်လျှင် ၂၂၅၀၀နှုန်းနှင့် မြန်မာပြောင်းစေ့ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀ နှုန်းရှိခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း ၂၅ ရာခိုင်နှုန်းကျော်အထိ ကျသွားသည့်အပြင် တရုတ်နိုင်ငံမှဝယ်ယူမှုမှာ နည်းပါးလျက်ရှိကြောင်း မန္တလေးမြို့မှဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ပြောင်းစေ့တွေကို အရက်ချက်ဖို့နဲ့ မွေးမြူရေးအစာအတွက်ပဲ ဝယ်ယူတဲ့သူပဲရှိပြီးတော့ ဝယ်ပြန်တော့လည်း ဈေးနှိမ်ပြီးဝယ်နေကြတယ်။ လားရှိုးနဲ့ ကျောက်မဲဘက်တွေမှာလည်း ပွဲရုံကို သွားသွင်းတာ ထွက်သလောက်မဝယ်နိုင်လို့ တောင်သူတွေ ပစ္စည်းပိုက်ပြီး ထိုင်ကြည့်နေရတဲ့ အခြေအနေဖြစ်နေပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာ့ထွက်ကုန် ပြောင်းစေ့ကို တရုတ်နိုင်ငံသို့ တရားဝင်ရောင်းချမှုများရှိသော်လည်း ၎င်းတို့နိုင်ငံအတွင်း ပြောင်းစေ့ကိုပင် တစ်ခါတစ်ရံ ဖမ်းဆီးမှုများရှိခြင်းကြောင့် အဝယ်ရပ်တန့်မှုများ ကြုံတွေ့ခဲ့ရသည်။

"လက်ရှိပေါက်ဈေးနဲ့က စိုက်ပျိုးစရိတ်နဲ့တွက်ခြေမကိုက်ပေမယ့် ဒီကုန်က ကြာကြာလှောင်ထားရင် အလေးချိန်လျော့တတ်တော့ ပေါက်ဈေးနဲ့ အရှုံးခံရောင်းရတာပါပဲ" ဟု ရေစကြိုမြို့နယ်မှ ပြောင်းစိုက်တောင်သူ ဦးကျော်မြင့်က ပြောသည်။

မန္တလေးဈေးကွက်တွင် အောက်တိုဘာ ၃ ရက် ပေါက်ဈေးအရ cp ပြောင်းစေ့သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀ နှုန်းနှင့် မြန်မာ့ပြောင်းစေ့ ငွေကျပ် ၁၅၅၀၀ နှုန်းအထိ ဈေးနှုန်းများ ကျဆင်းလျက်ရှိနေကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# အဆက်မပြတ်ရွာသွန်းမိုးကြောင့် ဆွာမြို့လူနေရပ်ကွက်များအတွင်း ရေများဝင်ရောက်



**ရေတာရှည် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် အောက်တိုဘာ ၂ ရက် ညပိုင်းမှစ၍ အဆက်မပြတ် ရွာသွန်းခဲ့သော မိုးကြောင့် ဆွာမြို့ရှိ လူနေရပ်ကွက်များ၊ ဈေးဆိုင်များနှင့် အထက်တန်းကျောင်းဝင်းအတွင်း တောင်ကျရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဆွာမြို့ တောင်ပိုင်းအုပ်စု ရန်ကုန်-မန္တလေး ကားလမ်းအနောက်ဘက်ရှိ အမှတ် (၃) ရပ်ကွက်၊ အမှတ် ၄ (ခ)၊ အမှတ် (၆)ရပ်ကွက်ရှိ လူနေအိမ်များအတွင်း ရေတစ်ပေခွဲမှ နှစ်ပေအထိ ဝင်ရောက်ခဲ့ပြီး ဈေးဆိုင်များလည်း ပိတ်ထားခဲ့ရသည်ကိုတွေ့ရသည်။ ဆွာမြို့ အထက်တန်းကျောင်းအတွင်း ရေတစ်ပေခွဲခန့်ဝင်ရောက်ခဲ့ရာ ကျောင်းပိတ်ထားရခြင်းမရှိသော်လည်း ရောက်ရှိပြီးကျောင်းသား ကျောင်းသူများအား ပြန်လည်စေလွှတ်ခြင်းမရှိ ကျောင်းဆရာကြီးဦးကျော်ဌေးက ပြောကြားသည်။

"ကျောင်းရောက်တဲ့ကလေးတွေကို ပြန်လွှတ်လို့မရဘူး။ ကြားမှာဆော့ကစားရင် ရေနစ်မှာစိုးလို့ မလာနိုင်တဲ့ကလေးတွေလည်းအများကြီးပဲ ရေတွေက နေရာအနှံ့တက်နေလို့ပါ"ဟု ၎င်းက ဆက်ပြောသည်။ ယခုကဲ့သို့ ရေများ ဝင်ရောက်နစ်မြုပ်ရခြင်းမှာ မြို့တွင်းရှိ ရေနုတ်မြောင်းများမှ ကျူးကျော်၍ ခြံစည်းရိုးများကာရံခြင်းနှင့် နုန်းအမှိုက်များ ဆယ်ယူနိုင်ခြင်းမရှိသည့်အတွက် ရေများလျှံရခြင်းဖြစ်ကြောင်း မြို့မိ/မြို့ဖများက သုံးသပ်ပြောကြားသည်။ "မြို့ထဲမှာဆိုရင် ပြင်ပရေနုတ်မြောင်းတွေရှိတယ်။ မြေနေရာတွေကို တိုးပြီး ယူထားကြတယ်။ ခြံစည်းရိုးတွေကျူးကျော်ပြီး ကာရံထားကြတယ်။နောက် မြောင်းတွေကိုဆယ်ယူတာမျိုးမရှိကြတော့ နှစ်တိုင်းရေလျှံမှုတွေ ဖြစ်တာပေါ့ " ဟု မြို့ခံတစ်ဦးက ပြောသည်။ **ကိုလွင်(ဆွာ)**

# ( ၂၂ )ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့်တေးသီချင်းများ

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) တောင်ယံတောလေး (မွန်)
(ခ) စိန်ကြောင်နီလာ (ပတ်ပျိုး)
(ဂ) မှိုင်းပြာမှုံဝေ (ပတ်ပျိုး)
(ဃ) ညာသပြေဘောင် (ကြိုး)
(င) ယသော်ရော (ယိုးဒယား)
(စ) သောင်းရွှေလယ် (ယိုးဒယား)
(ဆ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဇ) ရွှေပန်းပန်ငယ်နှင့်ကိုယ်တော်နှင်းနံ့ (လေးထွေသံကတ်)

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

(က) ယမုံနာ (ပတ်ပျိုး)
(ခ) နှင်းယွန်းခါဟေမာန် (ယိုးဒယား)
(ဂ) အမင်းမင်းခရ (သီချင်းခံ)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)**

(က) သီလာမြေယံ (ကြိုး)
(ခ) မှန်ညောင်သဥ္ဇာ (ဝတ်တော်ရုံဘွဲ့)
(ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)**

(က) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(ခ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဂ) ရွှေပင်ရွှေဘုန်းပပဝင်း (ကြိုး)

**၅။ အခြေခံပညာ (၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

(က) လာချေပြီ (ကြိုး)
(ခ) စိမ်းလဲ့လဲ့ (ကြိုး)
(ဂ) ဝေဇယန္တာ (ယိုးဒယား)

# မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်အသုံးပြုရန် အသိပေးနှိုးဆော်ချက်

၁။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက် (၂၀၁၄-၂၀၂၀)အား အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဦးစားပေးလုပ်ငန်း အစီအမံ(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ မော်တော်ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်စီးနင်းစေရေးလုပ်ငန်းစဉ်လည်း အပါအဝင်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မော်တော်ယာဉ် (မော်တော်ဆိုင်ကယ်မပါ) ကြောင့် ဖြစ်ပွားသော ယာဉ်တိုက်မှုများတွင် သေဆုံးသူ ၂၁၅၉ ဦးရှိရာ မော်တော်ယာဉ် မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် အသုံးမပြုခြင်းကြောင့် သေဆုံးမှုအများဆုံးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်၍ မော်တော်ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေးလုပ်ငန်းစဉ်အား တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၌အသုံးပြုနေသည့် မော်တော်ယာဉ်များ၌ အသက်ကယ်ထိုင်ခုံခါးပတ်များပြည့်စုံစွာပါရှိစေရေးအတွက် သတ်မှတ်ချက်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်ပါသည်-

(က) ကနဦးမှတ်ပုံတင်ယာဉ်များ စစ်ဆေးရာတွင် မူလထုတ်လုပ်သူ၏ စံသတ်မှတ်ချက်ပုံစံအတိုင်း အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) ပါရှိကြောင်းစစ်ဆေးပြီး ပြည့်စုံမှသာလျှင် မှတ်ပုံတင်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးပါမည်။

(ခ) နှစ်လဲနှင့် အခြားမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်သည့် ယာဉ်များကို ယာဉ်စစ်ဆေးရာတွင် " 6C" အက္ခရာနှင့်အထက် လူစီးယာဉ်များအားလုံး အသက်ကယ်ထိုင်ခုံ ခါးပတ် (Seat Belt) များ တပ်ဆင်ပါရှိရမည်။" 6C" အက္ခရာအောက် ယာဉ်ဖြစ်သော်လည်း ၁၉၉၅ ခုနှစ်နှင့်အထက် ထုတ်လုပ်သည့် ယာဉ်များဖြစ်ပါက မူလစက်ရုံထုတ်ပုံစံတွင်ပါရှိသည့်အတိုင်း အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) တပ်ဆင်ပါရှိရမည်။ Pick Up, Light Truck, Truck, City Bus ယာဉ်များတွင် ယာဉ်မောင်းသူ အသက်ကယ်ထိုင်ခုံခါးပတ် (Driver Seat Belt) မဖြစ်မနေတပ်ဆင်ပါရှိရမည်။ ကျောင်းသားများ သယ်ယူပို့ဆောင်သော ကျောင်းသုံးယာဉ် (School Bus) များနှင့် အဝေးပြေးခရီးသည်ပို့ဆောင်သော အဝေးပြေးယာဉ် (Express Bus) များအားလုံး ယာဉ်မောင်းနှင့် စီးနင်းသူများအတွက် အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) ပြည့်စုံစွာ တပ်ဆင်ပါရှိရမည်။

(ဂ) အထက်အပိုဒ်ပါ အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) မပါရှိသောယာဉ်များနှင့် ကောင်းမွန်စွာအသုံးပြုနိုင်ခြင်းမရှိသော ယာဉ်များအား မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းပြုမည် မဟုတ်ပါ။

၄။ အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) ပြည့်စုံစွာတပ်ဆင်ထားရှိမှုနှင့် ကောင်းမွန်စွာ အသုံးပြုနိုင်မှု ရှိ၊ မရှိစစ်ဆေး၍ အရေးယူဆောင်ရွက်ခြင်းအား ကနဦးမှတ်ပုံတင်ယာဉ်များအတွက် လက်ရှိစိစစ် ဆောင်ရွက်လျက်ရှိပြီး နှစ်လဲမှတ်ပုံတင်ယာဉ်များအတွက် (၁.၁၁.၂၀၁၆) ရက်နေ့မှ စတင်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ရာ ယာဉ်ပိုင်ရှင်များအနေဖြင့် (၁.၁၁.၂၀၁၆) ရက်နေ့မတိုင်မီ ပြည့်စုံကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအနေဖြင့် လည်း အသက်ကယ်ထိုင်ခုံခါးပတ်များ (Seat Belt) ကို မပျက်မကွက် ဝတ်ဆင်ပြီးမှ မောင်းနှင်စီးနင်းကြရန်ဖြစ်ပါသည်။ အသက်ကယ်ထိုင်ခုံ ခါးပတ်ဝတ်ဆင်၍ မောင်းနှင်ခြင်း၊ စီးနင်းခြင်းအား (၁.၁၁.၂၀၁၆) မှ (၃၁.၁၂.၂၀၁၆) ရက်နေ့အထိ ပညာပေးကာလအဖြစ် သတ်မှတ်စစ်ဆေး ပညာပေးသွားမည်ဖြစ်ပြီး (၁.၁.၂၀၁၇) ရက်နေ့ မှစတင်၍ ဝတ်ဆင်အသုံးမပြုသူများအား မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# စာဖတ်စွမ်းရည်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လူရွေးပွဲကျင်းပ

**မုဒုံ အောက်တိုဘာ ၅**

မွန်ပြည်နယ် မုဒုံမြို့ အထက(၂)ကျောင်း ပညာရတနာမွန်ခန်းမ၌ မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လူရွေးပွဲကို အောက်တိုဘာ ၃ ရက် က ကျင်းပသည်။

ပြိုင်ပွဲ၏ရည်ရွယ်ချက်မှာ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားလာပြီး စာဖတ်စွမ်းရည်မြင့်မားလာစေရန် ရည်ရွယ်ရခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီးက ပြောကြားသည်။

အဆိုပါလူရွေးပွဲသို့ ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**( မြို့နယ် ပြန် / ဆက်)**

# မိစ္ဆာတို့နှင့် အပေးအယူပြုလုပ်ခြင်း

သိပ္ပံစာရေးဆရာကိုကိုအောင်

လောက၌ လိုအင်ဆန္ဒအများဆုံးရှိနေသောသတ္တဝါကို ညွှန်ပြပါဟုဆိုလျှင် လူသားများကိုသာ လက်ညှိုးထိုးရပေလိမ့်မည်။ လူတို့သည် အသိဉာဏ်အမြင့်မားဆုံးသော နို့တိုက်သတ္တဝါများဖြစ်ကြသည်နှင့်အညီ မိမိတို့၏ အသိဉာဏ်ကိုကွန့်မြူးလျက် အရသာရှိသော ဟင်းလျာများကို စီမံချက်ပြုတ်စားသောက်ခြင်း၊ တင့်တယ်သောအဝတ်အစားများကို ချုပ်လုပ်ဝတ်ဆင်ခြင်း၊ လုံခြုံသောနေအိမ်များကို ဆောက်လုပ်နေထိုင်ခြင်းစသည်ဖြင့် စားဝတ်နေ အရေးသုံးပါးကို အကောင်းဆုံးသောနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ကြသည်။

ဘဝရှင်သန်မှု ကာလတစ်လျှောက်လုံး၌လည်း ဖြစ်ချင်စိတ်၊ လုပ်ကိုင်ဆောင်ရွက်လိုစိတ်၊ ရယူပိုင်ဆိုင်လိုစိတ်၊ ဂုဏ်သတင်းကျော်စောလိုစိတ်စသည့် လိုအင်ဆန္ဒများဖြင့် ပြည့်နှက်နေကြလေ့ရှိသည်။ ဆန္ဒရှိသမျှ ပြီးပြည့်စုံသည်ဟူ၍ မရှိနိုင်သော်လည်း၊ ကျေနပ်ဖွယ်ကောင်းလောက်အောင် ပြည့်စုံကြသူများရှိနေသလို ဘဝနှင့်ဆန္ဒ တခြားစီဖြစ်နေကြသူများလည်း ဒုနှင့်ဒေးရှိနေကြသည်။ လိုအင်ဆန္ဒမပြည့်ဝသူများထဲ၌ တင်းတိမ်ရောင့်ရဲနိုင်သူများရှိနေကြသလို လိုအင်မပြည့်သောဘဝကို သည်းခံနိုင်စွမ်းမရှိဘဲ မဖြစ်ဖြစ်အောင်၊ မရရအောင်...ဖြစ်သည့်နည်း၊ ရသည့်နည်းလမ်းများဖြင့် ကြံဆသူများကလည်း အများအပြားရှိနေကြသည်။

မဖြစ်သည်ကိုဖြစ်လာအောင်၊ မရသည်ကိုရလာအောင် ကြံဆလုပ်ကိုင်ရင်း မိစ္ဆာတို့နှင့် ပေါင်းမိသွားသည်များကိုလည်း သာဓကအဖြစ် အများအပြားတွေ့ရှိနိုင်သည်။ မိစ္ဆာတို့နှင့် ပေါင်းမိသည့်အခါ လတ်တလောအားဖြင့် မိမိ၏လိုအင်ဆန္ဒများ ပြည့်ဝလာအောင် မိစ္ဆာတို့က လုပ်ကိုင်ဆောင်ရွက်ပေးနိုင်မှုကြောင့် ကျေနပ်ပျော်ရွှင်မှုများကို ခံစားကြရလေ့ရှိသည်။ သို့ရာတွင် မိစ္ဆာတို့နှင့် ပေါင်းသင်းဆက်ဆံမှုကာလ ကြာမြင့်လာသည်နှင့်အမျှ ယင်းတို့၏အတွင်းသဏ္ဍာန်မှာ ထင်ရှားစွာပေါ်လာသောကြောင့် မိမိနှင့်တကွ မိသားစုတို့၏အန္တရာယ်ကို စိုးရိမ်ပူပန်လာကြရတော့သည်။ အဆုံးတစ်နေ့တွင် မိမိကို ကျေနပ်ပျော်ရွှင်မှုပေးခဲ့သော မိစ္ဆာတို့ကြောင့်ပင် မိမိ၏ဘဝမှာ အလုံးစုံပျက်သုဉ်းရတော့သည်။ ဤသည်ကား မိစ္ဆာတို့နှင့် ပေါင်းဖော်မိသည့် အကျိုးတရားပင်တည်း။

သိပ္ပံအတတ်ပညာလောက၌လည်း လူသားကောင်းကျိုးအတွက် စူးစမ်းရှာဖွေဖော်ထုတ်ရင်း ဘေးထွက်ဆိုးကျိုးမရှိသည့် သို့တည်းမဟုတ် ဘေးထွက်ဆိုးကျိုး မရှိသလောက်နည်းပါးသည့် တီထွင်ဆန်းသစ်မှုပေါင်းများစွာတို့ကို တွေ့ရှိဖော်ထုတ် အသုံးချနိုင်ကြသလို... ကောင်းကျိုးရလဒ်ကနည်းပြီး ဘေးထွက်ဆိုးကျိုးပမာဏများပြားလှသည့် တီထွင်ဆန်းသစ်မှုများကို အသုံးချမိမှုကြောင့် လတ်တလော၌သာပြေလည်ပြီး ကာလရှည်ကြာလာသည့်အခါ၌မှု ဘေးထွက်ဆိုးကျိုးများကို ခါးစည်းခံနေကြရသောဖြစ်ရပ်များကလည်း ကမ္ဘာတစ်ဝန်းလုံး၌ ဒုနှင့်ဒေးရှိနေခဲ့သည်၊ ရှိနေဆဲလည်း ဖြစ်သည်။ တစ်နည်းဆိုရသော် လူသားကောင်းကျိုးကို ရှေးရှုဦးတည်ရင်း လူ့လောကပြဿနာများကို ပြေလည်အောင်ဖြေရှင်းဆောင်ရွက်ရင်း မိစ္ဆာတို့နှင့် အပေးအယူပြုလုပ်မိခဲ့ကြခြင်းပင် ဖြစ်သည်။

အထင်ရှားဆုံးသောသာဓကအနေဖြင့် ထုတ်နုတ်ပြဆိုရသော် ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် မြစ်ကြောင်းကို တမံပိတ်၍ ဆည်တည်ဆောက်ခြင်းပင် ဖြစ်သည်။ ဆည်တမံတည်ဆောက်သူတို့က ဆည်တည်ဆောက်ခြင်းမှာ ရှေးပဝေသဏီကာလကတည်းကရှိခဲ့သည့် ယဉ်ကျေးမှုတစ်ရပ်ဟုပင် တင်စားအမွှန်းတင်လေ့ ရှိကြသည်။ အမွှန်းတင်လောက်သည့် အကြောင်းတချို့ကလည်း ရှိနေခဲ့သည်။ ရှေးခေတ်မင်းဧကရာဇ်များလက်ထက်က ဆန်စပါးနှင့် ကောက်ပဲသီးနှံများစိုက်ပျိုးရာ၌ ရာသီဥတုဖောက်ပြန်ပြီး မိုးခေါင်ခဲ့သည်ရှိသော် စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေကို မပူမပင်ဖြင့် အလျှံအပယ်ရရှိစေရေးအတွက် အမြော်အမြင်ကြီးမားစွာဖြင့် တည်ဆောက်ခဲ့ကြသည့် ဆည်တမံများက ဆန်ရေစပါးဖူလုံစွာထွက်ရှိရေးကို တစ်တပ်တစ်အား အကျိုးပြုခဲ့သည်။

သို့ရာတွင် သိပ္ပံပညာမတိုးတက်သေးသော ထိုစဉ်ကာလများက ဆည်တည်ဆောက်ခြင်း၏ ကောင်းကျိုးကိုသာသိရှိခဲ့ကြပြီး ရေရှည်၌ ဆိုးကျိုးဖြစ်စေသည်ကို တွေးမိခဲ့ကြခြင်းမရှိပေ။ ခေတ်ကာလအနေအထားအရ ရေရှည်ဆိုးကျိုးအတွက် မတွေးမိခြင်းကို အပြစ်မြင်ရန်မလိုအပ်ပေ။ ယုတ်စွအဆုံး ဗြိတိန်နိုင်ငံ၌ စက်မှုတော်လှန်ရေး စတင်သည့်ကာလဖြစ်သော ၁၇၅၀ ပြည့်နှစ်ဝန်းကျင်အထိ ကမ္ဘာ့အဖွံ့ဖြိုးဆုံး၊ ခေတ်အမီဆုံး၊ သိပ္ပံနှင့်နည်းပညာအထွန်းကားဆုံးဟုဆိုသော အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံများသည်ပင်လျှင် ဆည်တမံတို့၏ ရေရှည်ဆိုးကျိုးများကို တွေးမိခဲ့ကြခြင်းမရှိပေ။

ထိုကဲ့သို့ တွေးမိခြင်းမရှိခဲ့ကြသည့်အတွက် အမေရိကန်ပြည်ထောင်စုအပါအဝင် ကမ္ဘာ့ထိပ်တန်းနိုင်ငံ အများအပြားတို့၌ ရေကာတာနှင့် ဆည်တမံများကို အပြိုင်အဆိုင် ဖန်တီးဆောက်လုပ်ခဲ့ကြသည်။ ဤသို့အားဖြင့် စက်မှုတော်လှန်ရေးကာလနောက်ပိုင်း နှစ်ပေါင်း ၂၀၀ ကျော်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ တို့၌ တည်ဆောက်ခဲ့ကြသော ဆည်တမံနှင့် ရေကာတာများကိုအကြောင်းပြု၍ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် ကမ္ဘာ့လျှပ်စစ်စွမ်းအင် လိုအပ်ချက်စုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းနှင့်ညီမျှသည့် လျှပ်စစ်ဓာတ်အားပမာဏ ပျမ်းမျှကီလိုဝပ်နာရီ ဘီလီယံပေါင်း ၃၅၀၀ ကို နှစ်စဉ်ထုတ်လုပ်အသုံးပြုခဲ့ကြသည်။

စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများထဲတွင်ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းသည် အရိုးရှင်းဆုံးသော နည်းပညာတစ်ရပ်ဖြစ်သည်။ ကမ္ဘာ့မြေပြင်ပေါ်သို့ ရွာချသောမိုးရေများသည် မြေပြင်ဆင်ခြေလျှောတစ်လျှောက်စီးဆင်းပြီး မြစ်ချောင်းများထဲသို့စီးဝင်ကြကာ နောက်ဆုံး၌ ပင်လယ်နှင့် သမုဒ္ဒရာများထဲသို့ စီးဆင်းဝင်ရောက်ကြရသည်။ မြစ်ရေချောင်းရေများ စီးဆင်းလာရာလမ်းတစ်လျှောက်တွင် တောင်စောင်း၊ ချောက်ကမ်းပါးများရှိနေပါက ရေတံခွန်များအဖြစ် စီးဆင်းကြရသည်။ ဇောက်နက်သောရေတံခွန်များ၌ စီးဆင်းသောရေပမာဏ အလွန်များပြားပြီး ရာသီမရွေး အလျဉ်မပြတ်စီးဆင်းနေသည်ဆိုပါက ထိုနေရာမျိုး၌ ရေအားလျှပ်စစ်ထုတ်လုပ်သည့်နည်းစဉ်ဖြင့် လျှပ်စစ်ဓာတ်အား ပမာဏအများအပြားကို ထုတ်လုပ်ရယူနိုင်သည်။ အမြင့်မှကျဆင်းလာသောဖိအားများသည့်ရေထုက တာဘိုင်စက်များကို လှည့်ပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အားထွက်ရှိလာသည်။



မြန်မာနိုင်ငံ၏ အိမ်နီးချင်း မဲခေါင်မြစ်ဝှမ်းဒေသဝင် လာအိုနိုင်ငံမှ ဆည်တမံတည်ဆောက်ရေးလုပ်ငန်းတစ်ခု

မြစ်ရေချောင်းရေများ စီးဆင်းလာရာလမ်းတစ်လျှောက်တွင် ရေတံခွန်များမရှိပါက မြစ်ချောင်းတို့ကို ရေကာတာဖြင့် ပိတ်ဆို့ဟန့်တားကာ ရေများကိုသိုလှောင်ထားပြီး ထိုကဲ့သို့ သိုလှောင်ထားသည့်ရေများကို ရောမပိုက်လုံးကြီးများဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွယ်တန်းကာ လျှပ်ထုတ်တာဘိုင်စက်များကို လည်ပတ်စေခြင်းဖြင့် လျှပ်စစ်ဓာတ်ကို ထုတ်လုပ်ရယူနိုင်သည်။ ဤနေရာတွင် မြစ်ကြောင်းတစ်ခုလုံးကိုမပိတ်ဘဲ မြစ်ရေအချို့အဝက်ကို အလိုရှိရာဆီသို့လွှဲယူပြီး ထိုမှတစ်ဆင့် ရေအားလျှပ်စစ်စက်ရုံသို့ ပို့လွှတ်ပေးခြင်းအားဖြင့်လည်း လျှပ်စစ်ဓာတ်ကို ထုတ်လုပ်နိုင်သည်။

မြစ်ရေချောင်းရေများ စီးဆင်းလာရာလမ်းကြောင်းကို တမံဖြင့်ပိတ်၍ ဆည်တည်ဆောက်ကြခြင်း၏ ရည်ရွယ်ချက်မှာ လျှပ်ထုတ်တာဘိုင်စက်ကို လှည့်ပေးမည့်ရေထုအတွက် လုံလောက်သောဖိအားရရှိနိုင်မည့် အမြင့်နေရာမှ လွှတ်ချနိုင်စေရန်နှင့် နွေရာသီကာလ မြစ်ရေစီးဆင်းမှုလျော့နည်းလာသည့်အခါ တာဘိုင်စက်ကိုလှည့်ပေးနိုင်သည့် လုံလောက်သောရေပမာဏ ရှိနေစေရေးတို့အတွက်ဖြစ်သည်။ ဆည်ထဲရှိရေများကို လွှတ်ချလိုက်သည့်အခါ မူလက တည်ငြိမ်စွမ်းအင်အဖြစ်ရှိနေသောရေထုသည် အရွေ့စွမ်းအင်အဖြစ်သို့ ပြောင်းလဲသွားကာ တာဘိုင်စက်များကိုလှည့်ပေးခြင်းဖြင့် တာဘိုင်နှင့် ချိတ်ဆက်ထားသည့် ဂျင်နရေတာကို လည်ပတ်စေလျက် လျှပ်စစ်ဓာတ်ကို ထွက်ပေါ်လာစေသည်။

မြို့ပြနှင့် ကျေးရွာများရှိ လူနေအိမ်အဆောက်အအုံများနှင့် စက်မှုဇုန်များရှိ စက်ရုံများ၏ လျှပ်စစ်လိုအပ်ချက်တို့မှာ ပုံသေမဟုတ်ဘဲ နာရီနှင့်အမျှ အတက်အကျရှိနေသည်ဖြစ်ရာ ထိုကဲ့သို့သော လျှပ်စစ်လိုအပ်ချက် အပြောင်းအလဲများအတိုင်း ဆည်ရေကို လိုသလိုထိန်းညှိပို့လွှတ်ပြီး လျှပ်စစ်ထုတ်လုပ်မှုပမာဏကို အတိုးအလျှော့ပြုလုပ်ပေးနိုင်ခြင်းသည် ဆည်ရေကိုအခြေခံသည့် ရေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်း၏ အားသာချက်တစ်ခုပင်ဖြစ်သည်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ကနဦးတည်ဆောက်ရသည့်စရိတ်စက အလွန်ကြီးမားပြီး တည်ဆောက်မှုကာလကလည်း အတိုင်းအတာတစ်ရပ်အထိ ကြာမြင့်သည်။ သို့ရာတွင် လည်ပတ်ထုတ်လုပ်မှု စရိတ်စကအားဖြင့်မူ အလွန်ပင်သက်သာသည်။ ဆယ်စုနှစ်နှင့်ချီသော ရေရှည်စရိတ်စကအနေဖြင့်လည်း ရေအားလျှပ်စစ်စက်ရုံက ရုပ်ကြွင်းလောင်စာသုံး ဓာတ်အားပေးစက်ရုံနှင့် နျူကလီးယား ဓာတ်အားပေးစက်ရုံတို့ထက် လျော့နည်းသက်သာသည်။

ထို့ပြင် ရေအားလျှပ်စစ်ထုတ်လုပ်သည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးကိုကြည့်လျှင် လျှပ်ထုတ်စက်ရုံမှ ထွက်ရှိလာသောရေများသည် ပင်လယ်နှင့်သမုဒ္ဒရာများထဲစီးဆင်းကာ နေအပူရှိန်ကြောင့် ထိုရေချိုများအငွေ့ပျံပြီး မိုးအဖြစ် တစ်ဖန်ပြန်လည်ရွာချသော ရေသံသရာလည်ခြင်းဖြစ်စဉ်ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်ရပ်ကို အသုံးချလုပ်ဆောင်နေသောလုပ်ငန်းဟု ဆိုရပေမည်။ အခြားသော လျှပ်စစ်ထုတ်လုပ်သည့်လုပ်ငန်းများကဲ့သို့ ဖန်လုံအာနိသင်ဓာတ်ငွေ့လည်းမထွက်၊ လေထုညစ်ညမ်းမှုလည်းမဖြစ်၊ ကမ္ဘာကြီးပူနွေးလာမှုဖြစ်စဉ်နှင့်လည်း မပတ်သက်သော ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်သည်။

သို့ရာတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် သဘာဝရေတံခွန်များကိုအသုံးမချဘဲ မြစ်ကြောင်းကို တမံပိတ်၍ ဆည်တည်ဆောက်လိုက်ခြင်းကြောင့် ရေကာတာအောက်ပိုင်းရှိ မြစ်ရေထဲတွင် အောက်ဆီဂျင်လျော့နည်းကျဆင်းသွားကာ ရေ၏အရည်အသွေးကျဆင်းမှု ဖြစ်ပေါ်လာသည်။ မြစ်ကြောင်းအတွင်း စီးဆင်းနေသည့်ရေ၏အရည်အသွေး ကျဆင်းလာခြင်းနှင့်အတူ ရေပမာဏကပါ လျော့နည်းသွားသည့်အတွက် အပင်နှင့် ရေသတ္တဝါများ၏ ရှင်သန်ပေါက်ပွားမှုကို ထိခိုက်လာသည်။ ငါးတို့သည် မြစ်ရိုးတစ်လျှောက် စုန်ဆန်ကူးခတ်သွားလာပြီး မြစ်ညာပိုင်း၌ ဥချလေ့ရှိကြရာ မြစ်ကြောင်းကို ပိတ်ဆို့ထားသောရေကာတာကြောင့် ငါးများ ဥချရန်ခက်ခဲပြီး မျိုးပွားမှုကို သိသိသာသာထိခိုက်ကာ ရေထွက်ပစ္စည်းထုတ်လုပ်မှုကိုလည်း ကျဆင်းစေသည်။

ရေကာတာများတည်ဆောက်ရန် လူနေမြို့ရွာများ ပြောင်းရွှေ့ပေးရခြင်းကြောင့် အခြေချနေထိုင်မှုပုံစံများ ပြောင်းလဲသွားခြင်း၊ သစ်တောများကို ခုတ်ထွင်ရှင်းလင်းရခြင်းကြောင့် သစ်တောများပြုန်းတီးခြင်း၊ သစ်တောမီးရှို့ရာမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပမာဏအများအပြား ထွက်ပေါ်လာခြင်း၊ သစ်ဆွေးများမှ မီသိန်းဓာတ်ငွေ့ထွက်ပေါ်လာခြင်း၊ ရေကာတာပိတ်ဆို့ထားမှုကြောင့် မြစ်အောက်ပိုင်းတွင် နုန်းအနည်နှင့် အာဟာရဓာတ်များပို့ချမှု လျော့နည်းသွားခြင်းစသည်တို့ ဖြစ်ပေါ်လာသည်။

ရေကာတာများက မြစ်ရေကြီးမှုကို ကာကွယ်ပေးနိုင်ကြသည်ဟုဆိုသည့်တိုင် ပုံမှန်ဖြစ်ပေါ်တတ်သော မြစ်ရေကြီးမှုကြောင့် ရေနေသတ္တဝါတို့အတွက် လိုအပ်သည့်အာဟာရဓာတ်များကို ကုန်းပေါ်မှ မြစ်ထဲသို့ သဘာဝအလျောက် ပို့ဆောင်ပေးသည့်ဖြစ်စဉ်ကို ရပ်တန့်သွားစေသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ဆည်ရေကို အလုံးအရင်းဖြင့် ပို့လွှတ်သည့်အခါမျိုး၌ ဆည်အောက်ပိုင်းရှိ မြစ်ကြမ်းပြင်ကို တိုက်စားပျက်စီးစေရုံမျှမက မြစ်အောက်ကြမ်းပြင်ကို အမှီသဟဲပြု၍ ရှင်သန်နေကြရသော အပင်နှင့် ရေသတ္တဝါငယ်များကို မျိုးသုဉ်းပျက်စီးသွားစေသည်။

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်းက ဆည်တမံများကို အဆက်မပြတ်တည်ဆောက်ခဲ့မှုကြောင့် ယနေ့အချိန်၌ ကမ္ဘာ့သမိုင်းတွင် ဆည်တမံအများဆုံးကို ပိုင်ဆိုင်သောနိုင်ငံအဖြစ် ရပ်တည်နေသည့် တရုတ်နိုင်ငံအတွင်းရှိ ဆည်ပေါင်း ၂၀၀၀၀ ကျော်တို့ကြောင့် ပင်ရင်းတရုတ်နိုင်ငံအပါအဝင် အရှေ့အာရှနှင့် အရှေ့တောင်အာရှရှိ မြစ်ကြီးအချို့၏ ရေစီးရေလာနှင့် ဂေဟစနစ်တို့ကို အကြီးအကျယ် ထိခိုက်စေလျက်ရှိသည်။

တရုတ်နိုင်ငံတွင် မြစ်ကျဉ်းသုံးသွယ်ရေကာတာကြီး တည်ဆောက်ပြီးစီးချိန်မှစ၍ ယန်စီမြစ်ရေ လျှံတက်ဖုံးလွှမ်းနေကျဖြစ်သည့် ယူနန်ပြည်နယ်ရှိ ဒေါင်တင်းကန်နှင့် ချန်စီပြည်နယ်ရှိ ပိုယန်းကန်ကြီးများ၌ သိသာစွာ ရေလျော့နည်းသွားခဲ့ပြီး ရေကန်ငယ်အများအပြားတို့မှာလည်း ပျောက်ကွယ်သွားခဲ့သည်။ မြစ်ကျဉ်းသုံးသွယ်ရေကာတာစီမံကိန်းကြောင့် လူနှစ်သန်းနီးပါး ပြောင်းရွှေ့ခဲ့ကြရသည့်အပြင် အထင်ကရ သမိုင်းဝင်နေရာများလည်း ရေအောက်သို့ရောက်ရှိသွားခဲ့သည်။

၂၀၁၀ ခုနှစ်အတွင်း တရုတ်နိုင်ငံ၌ ရေကြီးရေလျှံမှု အကြီးအကျယ်ဖြစ်ပေါ်သည့်အခါ မြစ်ကျဉ်းသုံးသွယ်ရေကာတာကြီး၏ ရေမျက်နှာပြင်မှာ စိုးရိမ်ရေမှတ်ထက် ပေ ၃၀ ကျော်မျှမြင့်တက်လာရာ ရေကာတာမကျိုးပေါက်စေရေးအတွက် ရေပိုများကို အလုံးအရင်းဖြင့် ထုတ်လွှတ်လိုက်သည်တွင် ရေနှင့်ထိတွေ့မှုမရှိသည်မှာ ကြာမြင့်နေပြီဖြစ်သည့် ရေကာတာအောက်ဘက် မြေပြင်များ၏ မာကြောကျစ်လျစ်နေမှုကြောင့် ရေကိုစုပ်ယူနိုင်စွမ်းကျဆင်းကာ ရေလွှမ်းမိုးမှု ကြီးမားစွာဖြစ်ပေါ်ပြီး လူ ၁၀၀၀ နီးပါးသေဆုံးကာ အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

နွေရာသီ မြစ်ရေနည်းချိန်မျိုး၌လည်း ရေအားလျှပ်စစ်ထုတ်လုပ်မှု လျော့နည်းမသွားစေရေးအတွက် ရေကာတာများအတွင်း၌ ရေကို ပိုမိုစုဆောင်းသိုလှောင်ကြသည့်အတွက် ယန်စီမြစ်၏အောက်ပိုင်းတွင် လှေသင်္ဘောများ ခုတ်မောင်းသွားလာ၍ မရတော့သောအခြေအနေနှင့် ကြုံတွေ့ကြရသည်။ ထို့အတူ မြစ်ဝါမြစ်ကြီး၏အထက်ပိုင်း၌လည်း ရေကာတာများအစီအရီရှိနေကြပြီး နွေအခါ ရေကိုပိုမိုစုဆောင်း သိုလှောင်ကြသည့်အတွက် မြစ်ရေရှားပါးသောဒဏ်ကို ဒေသခံတို့ ခံစားနေကြရသည်။

တရုတ်တို့သည် မဲခေါင်မြစ်ပေါ်၌ ရေကာတာ ၂၆ ခုနှင့် သံလွင်မြစ်ပေါ်၌ ရေကာတာ ၁၃ ခုအထိတည်ဆောက်ရန် စိုင်းပြင်းလျက်ရှိနေကြသည်။ အဆိုပါမြစ်များသည် တရုတ်နိုင်ငံအတွင်း၌သာ အစအဆုံးစီးဆင်းသောမြစ်များ မဟုတ်ကြဘဲ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများကိုပါ ဖြတ်စီးနေကြသည့်အတွက် ရေကာတာ၏ ဆိုးကျိုးများကို တရုတ်နှင့်အတူ မြစ်ဖြတ်သန်းစီးဆင်းရာနိုင်ငံများ၌ပါ ခံစားကြရမည့်အခြေအနေသို့ ဆိုက်ရောက်နေသည်။

ရေကာတာများသည် မြစ်ရေစီးကြောင်းကို ဟန့်တားပိတ်ဆို့ထားကြခြင်းကြောင့် မြစ်ရေထဲ၌ပါရှိလာသော ဓာတ်မြေသြဇာ အကြွင်းအကျန်များ၊ စွန့်ပစ်ဓာတုအညစ်အကြေးများနှင့် လူ့မိလ္လာအညစ်အကြေးများကို စုစည်းလက်ခံပေးထားသည့် ရေမအညစ်အကြေးကန်ကြီးများ ဖြစ်လျက်ရှိနေသည်။ ထိုကဲ့သို့ အညစ်အကြေးများကို စုဝေးနေစေခြင်းသည် မြေပြင်ပေါ်ရှိရေထုကိုသာ ညစ်ညမ်းစေသည်မဟုတ်ဘဲ မြေအောက်ရှိ ရေအရင်းအမြစ်များဆီသို့ပါ အစုလိုက်အပြုံလိုက် စိမ့်ဝင်ရောက်ရှိကာ ညစ်ညမ်းမှုကို အကြီးအကျယ်ဖြစ်ပေါ်စေသည်။

ရေကာတာများကို အသုံးပြုမှုကာလ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ ဆည်အတွင်း၌ နုန်းများပြည့်လာပြီး ရေသိုလှောင်နိုင်မှုပမာဏ လျော့ကျလာကာ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်စွမ်းကလည်း သိသိသာသာ ကျဆင်းလာသည်။ ထို့ပြင် ဆည်အတွင်းရှိ နုန်းအနည်များသည် ရေကာတာကိုကျော်လွန်ပြီး မစီးနိုင်သည့်အတွက် မြစ်အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသများနှင့် ကမ်းရိုးတန်းဒေသများ၌ နုန်းပို့ချမှုလျော့နည်းသွားသဖြင့် ပင်လယ်ဆားငန်ရေများ ဝင်ရောက်လာပြီး ကောက်ပဲသီးနှံများ အကြီးအကျယ်ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်လာသည်။

ရေကာတာများတည်ဆောက်ခြင်းကြောင့် ရေကာတာနောက်ဘက်ရှိ ဆည်ရေမျက်နှာပြင် အတက်အကျ ကြီမ်ဖန်များစွာဖြစ်ပေါ်ခြင်းသည် ဆည်အောက်ခံမြေလွှာများအတွင်း၌ ဒဏ်ဖြစ်ပေါ်စေကာ ငလျင်လှုပ်နိုင်သည်ကိုလည်း သတိပြုရန်လိုအပ်သည်။ တရုတ်နိုင်ငံအတွင်းရှိ မင်းမြစ်ပေါ်၌ ဇီပင်းပူအမည်ရှိ ရေကာတာတည်ဆောက်ရန် စီမံချက်ရေးဆွဲစဉ်က အဆိုပါရေကာတာနှင့် နီးကပ်သောမြေလွှာအတွင်းရှိ ပြတ်ရွေ့ကြောင်းငယ်၌ ဒဏ်ဖြစ်ပေါ်ကာ ငလျင်လှုပ်ခတ်နိုင်ကြောင်း တရုတ်ငလျင်ပညာရှင်တို့က ကြိုတင်သတိပေးခဲ့ပါလျက် လျစ်လျူရှုပြီး ဇွတ်အတင်းတည်ဆောက်ခဲ့ကြခြင်းကြောင့် ၂၀၀၇ ခုနှစ်တွင် ရေအပြည့်သိုလှောင်ခဲ့သော ဇီပင်းပူရေကာတာကြီးနှင့် သုံးမိုင်ခန့်ဝေးသောနေရာ၌ ၂၀၀၈ ခုနှစ်တွင် ၇ ဒသမ ၉ ပြင်းအားရှိသော ငလျင်ကြီးလှုပ်ပြီး လူ ၈၀၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။

ထိုကဲ့သို့သော ဖြစ်ရပ်များစွာတို့ကြောင့်ပင် လူသားကောင်းကျိုးကိုရှေးရှုကာ လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိစေရေးအတွက် ရေကာတာများပိတ်ဆို့၍ ဆည်များတည်ဆောက်ခြင်းကြောင့် ရေတို၌သာအကျိုးရှိပြီး ရေရှည်၌မူ ဘေးထွက်ဆိုးကျိုးနှင့် ကာလရှည်ဆိုးကျိုးများကို ခါးစည်းခံနေကြရသည့်အဖြစ်သနစ်တို့ကိုအကြောင်းပြုကာ ဆည်များတည်ဆောက်ခြင်းသည် မိစ္ဆာတို့နှင့် အပေးအယူပြုလုပ်ခြင်းနှင့် အလားသဏ္ဍာန်တူကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိပ္ပံပညာရှင်တို့က ဆိုစမှတ်ပြုကြခြင်းဖြစ်ပေတော့သည်။

# အသက် ၄၀ အထိ ဘောလုံးကစားမယ်ဆိုတဲ့ တိုက်စစ်မှူး စီရော်နယ်ဒို

စီရော်နယ်ဒိုက သူ့အနေနဲ့ နောက်ထပ်ဘောလုံးကစားခြင်းကို ၁၀ နှစ်အထိ လုပ်နိုင်ပြီး အသက် ၄၀ အထိ ဘောလုံးကစားသွားဖို့ သန္နိဋ္ဌာန်ချထားကြောင်း ပြောဆိုလိုက်ပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိတဲ့ ရီးရဲမက်ဒရစ်စတား စီရော်နယ်ဒိုဟာ ၂၀၁၆ ခုနှစ်မှာ အအောင်မြင်ဆုံး နှစ်တွေထဲက နှစ်တစ်နှစ်လို့ ဆိုပါတယ်။

တောင်ပံတိုက်စစ်မှူး စီရော်နယ်ဒိုဟာ ဒီနှစ်ထဲမှာ ချန်ပီယံလိဂ်နဲ့ ဥရောပဖလားတွေကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပါတယ်။ သူဟာ ဇန်နဝါရီလမှာပေးမယ့် အကောင်းဆုံးဘောလုံးသမားဆု Ballon d'Or ဆုကိုလည်း စတုတ္ထအကြိမ်မြောက် ကိုင်မြှောက်နိုင်ဖို့ ရေပန်းစားနေပါတယ်။ အခုအချိန်မှာတော့ စီရော်နယ်ဒိုရဲ့ခြေစွမ်းဟာ အကောင်းဆုံးအနေအထားမှာရှိနေပြီး အသက် ၄၀ အထိ ဘောလုံးကစားသွားမယ်လို့ ဆိုပါတယ်။ စီရော်နယ်ဒိုရဲ့ဘောလုံးကစားတဲ့ သက်တမ်းဟာ ၁၄ နှစ်ရှိသွားပါပြီ။ သူ့ရဲ့အောင်မြင်မှုတွေကတော့ ဆက်တိုက်ရရှိနေဆဲဖြစ်ပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# အသက်ကြီးသော်လည်း ကျွမ်းကျင်မှုနဲ့ ကစားနေတဲ့ အီဘရာဟီမိုဗစ်ချ်

မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ အောက်တိုဘာ ၃ ရက်က အသက် ၃၅ နှစ်ပြည့်သွားပြီဖြစ်ပါတယ်။ သို့ပေမယ့် ဒီနှစ် ပရီမီယာလိဂ်မှာတော့ မော်ရင်ဟိုရဲ့မန်ယူအသင်းမှာ အစပွဲခုနစ်ပွဲစလုံး ပါဝင်ကစားခဲ့ပြီး အဆုံးအဖြတ်ဂိုးတွေကို သွင်းယူပေးနိုင်ခဲ့ပါတယ်။

ဘောလုံးပညာပါးနပ်မှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှုတွေနဲ့အတူ အနိုင်ဂိုးတွေကို လုလုပပသွင်းယူပေးလေ့ရှိပါတယ်။ ဒီနှစ် ပရီမီယာလိဂ်မှာ မန်ယူအတွက် လေးဂိုးသွင်းယူပေးထားပါတယ်။ အီဘရာဟီမိုဗစ်ချ်ရဲ့ခြေစွမ်းဟာ အသက်အရွယ်အရ မယုံနိုင်အောင် ခြေစွမ်းပြကစားနေတာတွေ့ရတော့ အံ့အားသင့်မိတယ်လို့ ကွင်းလယ်ကစားသမား ဟာရဲရားက ဆိုပါတယ်။ ဆွီဒင်နိုင်ငံသား မိုဗစ်ချ်အနေနဲ့ မန်ယူရဲ့အောင်မြင်မှုတွေအတွက် ဆက်လက်ကူညီပေးလိမ့်ဦးမယ်လို့ ဟာရဲရားက ဆိုပါတယ်။





# ဂျာမနီနဲ့ ဆားဘီးယားတို့ နိုင်ပွဲတွေ အပြိုင်ဖော်ဆောင်မယ့် ၂၀၁၇ ယူရို ယူ- ၂၁ ခြေစစ်ပွဲ

မိုးမြင့်လင်းလက်

**ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ အောက်တိုဘာ ၈ ရက် ညပိုင်းမှာတော့ ဥရောပယူ- ၂၁ ခြေစစ်ပွဲတွေကစားဖို့ ရှိနေပါတယ်။ လာမယ့် ၂၀၁၇ ခုနှစ် ပိုလန်နိုင်ငံမှာ နောက်ဆုံးဗိုလ်လုပွဲစဉ်တွေကို တက်ရောက်ကစားနိုင်ဖို့အတွက် အခုခြေစစ်ပွဲတွေက အဆုံးအဖြတ်ဖြစ်လာတော့မှာမို့ အသင်းတိုင်း ရလဒ်ကောင်းတွေပိုင်ဆိုင်ဖို့အတွက် အပြိုင်အဆိုင်ကြိုးစားတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ခြေစစ်ပွဲအောင်ဖို့ အလားအလာကောင်းနေတဲ့ အသင်းတွေဟာ မျှော်လင့်ချက်ပြည့်ဝနိုင်မလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။**

### ချက်နှင့် မော်လ်ဒိုဗာ

အုပ်စု(၁)မှာတော့ ချက်တို့ ကိုးပွဲကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ အမှတ် ၂၀ ရရှိထားပါတယ်။ ခြေစစ်ပွဲအောင်ဖို့ နီးစပ်နေပြီဖြစ်တဲ့ ချက်အသင်းဟာ မော်လ်ဒိုဗာကို ဒီပွဲမှာ အနိုင်ကစားပါလိမ့်မယ်။ မော်လ်ဒိုဗာတို့က ရှစ်ပွဲကစားပြီးချိန်မှာ ခုနှစ်မှတ်သာရရှိထားလို့ မျှော်လင့်ချက်ထားလို့ မရတဲ့အနေအထားပါပဲ။ ပထမအကျော့ မော်လ်ဒိုဗာကွင်းမှာ ကစားတဲ့ပွဲမှာ ချက်တို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ထားတာမို့ ဒီပွဲမှာလည်း ချက်တို့ပဲ အောင်ပွဲခံပါလိမ့်မယ်။

### အိုင်ယာလန်နှင့် ဆားဘီးယား

အုပ်စု(၂)မှာတော့ ဆားဘီးယားတို့က ရှစ်ပွဲကစားပြီးချိန်မှာ ၁၇ မှတ်ရရှိထားပါတယ်။ အိုင်ယာလန်တို့ကတော့ ကိုးပွဲကစားပြီး ၁၂ မှတ်ရရှိနေတာမို့ အခုပွဲမှာတော့ ဆားဘီးယားတို့ ခြေကုန်ထုတ်ရမယ့်ပွဲပါပဲ။ ယူရိုယူ- ၂၁ မှာ ဆားဘီးယားတို့ ချန်ပီယံဖြစ်ခဲ့ဖူးတဲ့ မှတ်တမ်းကောင်းရှိခဲ့တာမို့ အိုင်ယာလန်တို့ သတိထားရပါလိမ့်မယ်။ ဒါပေမယ့် ဆားဘီးယားတိုက်စစ်မှူးတွေက ဂိုးသွင်းကောင်းသူတွေဖြစ်ပြီး ပြိုင်ဘက်နောက်တန်းကို ရဲရဲဝံ့ဝံ့ ကျော်ဖြတ်နိုင်သူတွေဖြစ်တာကြောင့် အခုပွဲမှာ ဆားဘီးယားတို့ပဲ အနိုင်ရလဒ်ကို သိမ်းပိုက်သွားပါလိမ့်မယ်။

### ဘူလ်ဂေးရီးယားနှင့် ဒိန်းမတ်

အုပ်စု(၅)မှာ ဒိန်းမတ်တို့က ရှစ်ပွဲကစားပြီးချိန်အထိ ၂၂ မှတ်ရရှိထားလို့ ခြေစစ်ပွဲအောင်ဖို့ သေချာနေပြီဖြစ်ပါတယ်။ ဘူလ်ဂေးရီးယားတို့ကတော့ ရှစ်ပွဲကစားပြီးချိန်မှာ ၁၄ မှတ် ရရှိထားတာမို့ ကြိုးစားနေရဆဲ ဖြစ်ပါတယ်။ ဒိန်းမတ်တိုက်စစ်မှူးတွေက ပုံမှန်ဂိုးသွင်းနိုင်သူတွေဖြစ်သလို ခံစစ်ပိုင်းကလည်း အမှားအယွင်းနည်းပြီး တည်ငြိမ်ပါတယ်။ ဒီနှစ်သင်း ပထမအကျော့ကစားတဲ့အခါ ဒိန်းမတ်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားတာမို့ အခုပွဲမှာတော့ ဘူလ်ဂေးရီးယားတို့ စိတ်ဓာတ်ပြင်းပြင်းနဲ့ကစားပါလိမ့်မယ်။ အကြိုက်က ဒိန်းမတ်တို့ဖြစ်ပေမယ့် သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

### ဂျာမနီနှင့် ရုရှား

အုပ်စု(၇)မှာတော့ ဂျာမနီတို့က ရှစ်ပွဲကစားပြီးချိန်မှာ ပွဲတိုင်းနိုင်ပြီး ၂၄ မှတ်ရရှိနေပါတယ်။ ဂျာမနီလူငယ်တိုက်စစ်မှူးတွေက ပွဲတိုင်းဂိုးရအောင် သွင်းယူနိုင်သလို ဂိုးသွင်းခြေစွမ်း ထက်မြက်သူတွေဖြစ်ပါတယ်။ ရုရှားတို့က ရှစ်ပွဲကစားပြီးချိန် မှာ ရှစ်မှတ်သာရရှိထားလို့ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်တော့မရှိပါဘူး။ ပထမအကျော့ ရုရှားနဲ့ ကစားတဲ့ပွဲမှာ ဂျာမနီတို့ နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားပါတယ်။ ဂျာမနီလူငယ်တွေက ယူရို ယူ- ၂၁ ချန်ပီယံဖြစ်လို့ မျှော်မှန်းနေတာမို့ ဒီပွဲကို အနိုင်ကလွဲပြီး တခြားရလဒ်ပုံဖော်မှာမဟုတ်ပါဘူး။

### ဖင်လန်နှင့် အဇာဘိုင်ဂျန်

အုပ်စု(၇)မှာတော့ ဖင်လန်တို့က ရှစ်ပွဲကစားပြီး ၁၂ မှတ် ရရှိနေပါတယ်။ အဇာဘိုင်ဂျန်တို့ကတော့ ကိုးပွဲကစားပြီးချိန်မှာ ရှစ်မှတ်သာရရှိထားလို့ အခြေအနေမကောင်းတော့ပါဘူး။ ဖင်လန်တို့က လောလောဆယ်မှာ ဂျာမနီနဲ့ သြစတြီးယားတို့ကို ဆက်တိုက်ရှုံးထားပေမယ့် အခုပွဲမှာတော့အနိုင်ကို ပြန်ရှာဖွေပြီး မျှော်လင့်ချက်ရှင်သန်အောင် အားထုတ်ပါလိမ့်မယ်။

### ဆလိုဗက်ကီးယားနှင့် ဘီလာရုစ်

အုပ်စု(၈)မှာ ဆလိုဗက်ကီးယားတို့ ခြောက်ပွဲကစားပြီးချိန်မှာ ငါးပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ ၁၅ မှတ်ရရှိနေလို့ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ ဘီလာရုစ်တို့က ရှစ်ပွဲကစားပြီး ရှစ်မှတ်ရရှိထားတာမို့ ခြေစစ်ပွဲအောင်ဖို့ အခြေအနေမကောင်းပါဘူး။ ဆလိုဗက်ကီးယားရဲ့ တိုက်စစ်က စွမ်းဆောင်ရည်မြင့်မားတာမို့ ဒီပွဲမှာ ဘီလာရုစ်တို့ ဂိုးမပြတ်နိုင်အောင်ဘဲ ကြိုးစားရမှာပါ။

### နော်ဝေနှင့် ဆွစ်ဇာလန်

အုပ်စု(၉)မှာ ဆွစ်ဇာလန်တို့ ခုနစ်ပွဲကစားပြီး ၁၂ မှတ်ရရှိထားပါတယ်။ နော်ဝေတို့ကတော့ ခြောက်ပွဲကစားပြီး ၁၀ မှတ် ရရှိနေတာမို့ ဒီပွဲက ပြိုင်ဆိုင်မှုပြင်းထန်ပါလိမ့်မယ်။ နှစ်သင်းစလုံးတိုက်စစ်၊ ခံစစ်ကွာဟမှုမရှိပေမယ့် ဆွစ်ဇာလန်တို့က ကွင်းလယ်ကစား အားကောင်းတာမို့ နော်ဝေတို့ ပွဲကျပ်ပါပဲ။ ဒီနှစ်သင်းရဲ့ပထမအကျော့ တွေ့ဆုံမှုမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာတော့ ဆွစ်ဇာလန်တို့ နိုင်ပွဲကိုရအောင် အားထုတ်ပါလိမ့်မယ်။ ။

❐

# အင်္ဂလန်အသင်းနဲ့အတူ ပါဝင်ကစားမယ့် အန်းဒရိုစ်တောင်ဆန်

ရာဟင်းစတာလင်းဒဏ်ရာရပြီးတဲ့နောက် အင်္ဂလန်အသင်းမှာ ခရစ္စတယ်ပဲလေ့စ်တိုက်စစ်မှူး အန်းဒရိုစ်တောင်ဆန်ကို ခေါ်ယူထားပါတယ်။ ဒီနှစ်ထဲမှာ မန်စီးတီးအသင်းနဲ့တူ ခြေစွမ်းပြကစားနေတဲ့ စတာလင်းကို ယာယီနည်းပြ ဆောက်ဂိတ်က ခေါ်ယူထားပေမယ့် ဒဏ်ရာကြောင့် ကစားခွင့်ရတော့မှာ မဟုတ်ပါဘူး။ သူ့နေရာမှာ တောင်ဆန်ဝင်ကစားမယ်လို့ ဆိုပါတယ်။

အင်္ဂလန်အသင်းဟာ လာမယ့် စနေနေ့မှာ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဝင်ဘလေကွင်းမှာ မော်လ်တာအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ တောင်ဆန်ဟာ မော်လ်တာနဲ့ ဆလိုဗေးနီးယားတို့နဲ့ ကစားမယ့်ပွဲမှာ အင်္ဂလန်အသင်းအတွက် ပါဝင်ကစားသွားမယ်လို့ ဆိုပါတယ်။ စတာလင်းအနေနဲ့ မူလက အင်္ဂလန်အသင်းမှာ ပါဝင်ကစားဖို့ ရွေးချယ်ထားခဲ့ပေမယ့် စပါးကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်သွားတဲ့ပွဲမှာ ခြေသလုံးကြွက်သားဒဏ်ရာရခဲ့မှုကြောင့် ဆောက်ဂိတ်က အင်္ဂလန်အသင်းရဲ့ ၂၃ ဦး စာရင်းမှာ ပယ်ဖျက်လိုက်ပါတယ်။ စတာလင်းရဲ့ ဒဏ်ရာဟာ မပြင်းထန်သော်လည်း အောက်တိုဘာ ၁၅ ရက် အဲဗာတန်နဲ့ ကစားမယ့်ပွဲမှာ ပါဝင်လာဖွယ်ရှိပါတယ်။

# အားကစားလုပ်ရန် တပ်ဆင်ပေးထားသောပစ္စည်းများကို ပြန်လည်ပြုပြင်ရန်နှင့် ထိန်းသိမ်းရန် လိုအပ်

**မြင်းမူ အောက်တိုဘာ ၅**
စစ်ကိုင်းတိုင်း မြင်းမူမြို့ ဘုရင့်နောင်ရပ်ကွက် ကမ်းနားလမ်း၌ မြို့နေပြည်သူများ ကျန်းမာရေးလေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီက တပ်ဆင်ပေးထားသော ကျန်းမာရေးအထောက်အကူပြု အားကစားပစ္စည်းသုံးမျိုးမှာ ပျက်စီးယိုယွင်းလျက်ရှိရာ ပြန်လည်ပြုပြင်ရန်နှင့် ပြုပြင်ပြီးလျှင်လည်း ထပ်မံမပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်နေကြောင်း ဒေသခံအချို့ကပြောသည်။

တပ်ဆင်ထားသည့် အားကစားပစ္စည်းသုံးမျိုးအနက် တစ်ပြိုင်တည်း လူလေးယောက်ကစားနိုင်သည့် ခါးလှည့်အားကစားပစ္စည်းတွင် ခြေနင်းပြားတစ်ခုနှင့် ခြေလှဲတံတစ်ခု ဖြုတ်ယူသွားခြင်းခံခဲ့ရာမှ စုံစမ်းပြီး ပြန်လည်ရရှိခဲ့သော်လည်း တပ်ဆင်ခြင်းမရှိတော့သည်မှာ တစ်နှစ်ကျော်ပြီဖြစ်ကာ ခြေနင်းပြားအထိုင်ဘောခွက်များတွင်လည်း သဲများဝင်နေ၍ ကစားရာတွင်လေးလံနေပြီး ခြေနင်းပြားများ တစ်ဖက်စောင်းနင်းဖြစ်နေကြောင်း၊ တစ်ပြိုင်တည်း လူနှစ်ဦးကစားနိုင်သည့် ခြေလွှဲတံများမှာလည်း လွှဲလိုက်တိုင်းဘေးတိုင်ကို တိုက်နေခြင်းကြောင့် ကစားရာတွင် အဆင်မပြေကြောင်း၊ အကြောလျှော့ကစားနည်းပစ္စည်းတွင်လည်း ယခုတက်လာသော စည်ပင်ကော်မတီအသစ်လက်ထက်တွင် သံမံတလင်းခင်းလိုက်သောကြောင့် တိုင်မှာနိမ့်ဝင်သွားပြီး ကစားရာတွင် အဆင်မပြေတော့ကြောင်း ဒေသခံများ၏ ပြောကြားချက်များအရ သိရသည်။ အဆိုပါ အားကစားပစ္စည်းသုံးမျိုးလုံးကို လာမည့်ဆောင်းတွင်းအမီ ပြုပြင်ပေးရန် ဒေသခံ အားကစားလိုက်စားသူများက ဆန္ဒရှိနေကြသည်။

အားကစားပစ္စည်းများကို ပြုပြင်ပေးပြီးလျှင်လည်း ထပ်မံမပျက်စီးစေရန်အတွက် အနီးအနားတွင် နေထိုင်သည့် ပြည်သူများနှင့် တောင်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက ကြည့်ရှုစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ လက်ရှိအချိန်တွင် ဧရာဝတီမြစ်ရေမြင့်တက်ချိန်များ၌ ကမ်းနားတွင်ဆိုက်ကပ်သော မော်တော်များက အားကစားပစ္စည်းတိုင်များကို လှေကြိုးချည်ထားခြင်းများ မြင်တွေ့နေရကာ ရေလှိုင်းပုတ်၍ မော်တော်များလှုပ်ခါသည်နှင့်အမျှ တိုင်များနဲ့ကုန်မည်ကို စိုးရိမ်ရကြောင်း အဆိုပါအားကစားပစ္စည်းများနှင့် အနီးအနားတွင် နေထိုင်သူတစ်ဦးက ပြောသည်။
(၀၇၇)



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်



**ငဖဲ အောက်တိုဘာ ၅**
ငဖဲမြို့နယ် ချောင်းဖြူကျေးရွာအုပ်စု ချောင်းဖြူကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိစေရန် ရည်ရွယ်ကာ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းကို ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ အောက်တိုဘာ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ချောင်းဖြူကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းရွှေက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရှိန်မြင့်မောင်က ကျေးလက်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍လည်းကောင်း၊ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးယုနိုင်လင်းက ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် သင်တန်းဖွင့်လှစ်သည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ပြီး နည်းပြဆရာနှစ်ဦးက အောက်တိုဘာ ၃ ရက်မှ ၁၂ ရက်အထိ ၁၀ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။
**သန်းနိုင်ဦး(ငဖဲ)**

# ကျေးရွာချင်းဆက်မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်နေ

**တပ်ကုန်း အောက်တိုဘာ ၅**
နေပြည်တော် တပ်ကုန်းမြို့နှင့် ပုဗ္ဗသီရိမြို့ဆက်သွယ်ထားသည့် သံကူကွန်ကရစ်လမ်းမှ တပ်ကုန်းမြို့နယ် ရွှေစုကျေးရွာအထိ မြေသားလမ်း အရှည်တစ်မိုင်ကျော်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ ရာသီမရွေး လွယ်ကူစွာသွားလာနိုင်စေရန်ရည်ရွယ်၍ မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ခွင့်ပြုငွေ ကျပ် ၇၂ ဒသမ ၉၄၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် Royal Princes ကုမ္ပဏီက စက်တင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းမှာ မြေသားလမ်းအကျယ် ၁၈ ပေရှိ၍ ကျောက်ချောလမ်းခင်းသည့်အကျယ်မှာ ၁၂ ပေရှိကြောင်း သိရသည်။

တပ်ကုန်းမြို့နယ်တွင် ကျေးလက်နေပြည်သူများရဲ့လူမှုရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် မီးရရှိရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် ကျေးရွာချင်းဆက်မြေသားလမ်းများ ဖောက်လုပ်ခြင်း၊ ဖောက်လုပ်ထားပြီးသော မြေသားလမ်းများကို ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကျေးရွာအားလုံးနီးပါးမှာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လျက်ရှိနေပြီဖြစ်ကြောင်း ဒေသခံအချို့၏ ပြောကြားချက်အရ သိရသည်။
**တင်စိုးလွင်**

# ကျောင်းသားများ စာဖတ်စွမ်းရည်မြင့်မားစေရန် ပုံပြော၊ ကဗျာရွတ်နှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**တာချီလိတ် အောက်တိုဘာ ၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ကျောင်းသားလူငယ်များ စာဖတ်စွမ်းရည်မြင့်မားပြီး ဉာဏ်ရည်ထက်မြက်စေရေးအတွက် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှဌေးက အမှာစကားပြောကြားပြီး အထက တာချီလိတ်၊ အထက ဆန်ဆိုင်း၊ အထက(ခွဲ) ပုန်းထွန်၊ ရွှေမဟာကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အလက(ခွဲ)တာလေ့ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၄ ဦးက ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။
**ဝေယံလင်း(ပြန်/ဆက်)**



## သတင်းတိုများ

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ ဓာတ်အားဖြန့်ဖြူးမှုအောက်ရှိ လျှပ်စစ်ဓာတ်အားရယူသုံးစွဲလျက်ရှိသော တညောင်၊ စည်ဆွဲ၊ ရေပေါ်ကျွန်း၊ မကျီးစင်၊ လေသာကုန်း၊ ထန်းနှစ်ပင်နှင့် မြို့လှကျေးရွာများမှ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မြို့လှကျေးရွာဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၁ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနိုင်မင်းအောင်က လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် သတိပြုသင့်သော အချက်များနှင့် ဆောင်ရန် ရှောင်ရန်များကို အသိပညာပေးဟောပြောခဲ့သည်။
**ဖိုးပြည့်**

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြော

**ကျောက်ဖြူ**
ကျောက်ဖြူခရိုင် လျှပ်စစ်မန်နေဂျာရုံးနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ လျှပ်စစ်အန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို အောက်တိုဘာ ၃ ရက်က အထက(ဂုံချိန်)ကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးချမ်းမြေ့အောင်က လျှပ်စစ်သုံးစွဲရာ သတိပြုသင့်သည်များ၊ လျှပ်စစ်မီးအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာသင့်သည့် အချက်များ၊ ရှောင်ရှားရမည့်အချက်များကို အသေးစိတ်ရှင်းပြခဲ့ပြီး၊ မြို့နယ်လျှပ်စစ် အငယ်တန်းစာရေး ဦးထွန်းလင်းက ကျောင်းသားကျောင်းသူများအား လျှပ်စစ် အန္တရာယ်ကင်းရှင်းရေး၊ အန္တရာယ်မဖြစ်အောင်သုံးစွဲရေးပြောကြားကာ ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### အလုပ်သမားဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးလုပ်အားပေး

တာမွေမြို့နယ် အလုပ်သမားဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲကို အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့ပြီး မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦး ကြီးကြပ်သော လမ်းတံတား၊ သန့်ရှင်းရေးနှင့် ပန်းဥယျာဉ်ဌာနများမှ တာဝန်ခံနှင့်ဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦး ကြီးကြပ်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်တာဝန်ခံများ စုစုပေါင်း အင်အား ၁၀၀ ခန့်ကာ အလုပ်သမားဆေးရုံကြီး အတွင်းအပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရန်အတွက် စုပေါင်းလုပ်အားပေးခဲ့ကြသည်။ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးရာမှ ထွက်ရှိလာသော မြောင်းအညစ်အကြေးများနှင့် အမှိုက်များကို ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးဌာနက ယာဉ်သုံးစီး အကူအညီပေး၍ နေ့ချင်းပြီး သယ်ယူစွန့်ပစ်ပေးခဲ့ကြောင်း သိရသည်။
**လှလှ**

# လွှတ်တော်မှ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ ပေးအပ်

**ကန့်ဘလူ အောက်တိုဘာ ၅**
ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်ရှိ ရပ်ကွက်၊ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေများကို အောက်တိုဘာ ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပေးအပ်ခဲ့ကြောင်းသိရသည်။

အမှန်တကယ်လိုအပ်နေသော ရပ်ကွက်၊ကျေးရွာများရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းကဏ္ဍအလိုက် ပထမအကြိမ် ကုန်ကျငွေတစ်ဝက်စီကို ခွဲဝေပေးကာ ကျန်ငွေတစ်ဝက်ကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီးမှသာ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများ၌ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်း ၂၄ ခု၊ တံတားလုပ်ငန်း ကိုးခု၊ လမ်းလုပ်ငန်း ၃၇ ခုတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဝင်များထံမှ သိရသည်။
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ပုသိမ်မြို့တာဝတိံသာဘုရားကြီး (၁၂၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဝါကျွတ်မီးထွန်း ပွဲတော်ကျင်းပမည်



**ပုသိမ် အောက်တိုဘာ ၅**

ပုသိမ်မြို့အမှတ် (၃)နယ်မြေတာဝတိံသာဘုရားကြီး(၁၂၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဝါကျွတ်မီးထွန်းပွဲတော်ကို သီတင်းကျွတ်လဆန်း ၈ ရက်မှစ၍ အဘိဓမ္မာ ၇ ကျမ်း ရွတ်ဖတ်ပူဇော်ပွဲနှင့် ဝါကျွတ်မီးထွန်းပွဲ ကျင်းပမည်ဖြစ်သည်။

သီတင်းကျွတ်လဆန်း ၁၂ ရက် (အောက်တိုဘာ ၁၃ ရက်)တွင် မော်လမြိုင်ဟိန်းဇာနည် ဇာတ်သဘင်အဖွဲ့နှင့် ပျော်ပွဲရွှင်ပွဲများကို အောက်တိုဘာ ၁၇ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)အထိ ကျင်းပပြီး ပွဲတော်နောက်ဆုံးနေ့ ညနေ ၄ နာရီမှစတင်၍ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ရာဇဂြိုဟ်ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ်အနက် အလယ်ပတ္တမြား စောင်းတန်းမှ နတ်၊ ဗြဟ္မာ၊ သိကြားဝန်းရံခလျက် လူ့ပြည် သက်ဆင်းတော်မူပုံ ဗုဒ္ဓဝင်သရုပ်ဖော် အခမ်းအနားကို သီရိရတနာ ဦးတင့်လွင် ဗုဒ္ဓဝင်အဖွဲ့က ခမ်းနားစွာ ဆင်ယင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## ရေတိုက်စားမှုကြောင့် ပျက်စီးနေသည့် ကျေးလက်ကျောက်ချောလမ်း ပြန်လည်ပြုပြင်နိုင်ရေး စစ်ဆေး

**ငါ့သရောက် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်၌ အောက်တိုဘာ ၃ ရက် နံနက် ၃ နာရီက ရွာသွန်းခဲ့သည့်မိုးကြောင့် မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများရှိ ရေကျော်များနှင့် ငါ့သရောက် - ညောင်ဦးကျောက်ချောလမ်းပေါ်ရှိ ရေကျော်များ မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားခဲ့သဖြင့် ယခုအခါ မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများနှင့် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ ကူးလူးဖြတ်သန်းသွားလာရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်းသိရ၍ အောက်တိုဘာ ၃ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းတင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်စိန်၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်နှင့် တာဝန်ရှိသူများက မိုးရေတိုက်စားမှုကြောင့် ဒေသခံပြည်သူများ သွားလာအသုံးပြုနေသည့် ကျောက်ချောလမ်းများရှိ ပျက်စီးသွားသည့် ရေကျော်များ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ပေး နိုင်ရေးလာရောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ကျင်းပနိုင်ရေး ဆွေးနွေး

**ဟားခါး အောက်တိုဘာ ၅**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့်(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဖလမ်းခရိုင် ဖလမ်းမြို့၌ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ အောက်တိုဘာ ၁ ရက်က ဖလမ်းမြို့နယ်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့မိမြို့ဖဥက္ကဋ္ဌ ဦးဟရန်းလော်မ်ထန်းက ဖလမ်းမြို့၌ (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးကျော်ကျော်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးပြုံးချိုနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မြန်မာနိုင်ငံ၏ ပထမဆုံး မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းလက်မှတ်ကို Wave Money ရရှိ

**ရန်ကုန် အောက်တိုဘာ ၅**

မိုဘိုင်းအော်ပရေတာများကို မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ပေးအပ်နိုင်ရန်နှင့် ပြည်သူများ၏ ငွေကြေးကိစ္စများတွင် ဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်သော မိုဘိုင်းငွေကြေးဝန်ဆောင်မှုစည်းမျဉ်းသစ်အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပေးအပ်သော မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းမှတ်ပုံတင်ကို Wave Money က အောက်တိုဘာ ၃ ရက်က ရရှိခဲ့ကြောင်း သိရသည်။

Wave Money သည် ငွေကြေးကို မိုဘိုင်းဖုန်းများ အသုံးပြု၍ လွှဲပြောင်းပေးနိုင်ရန် ဝန်ဆောင်မှုအပါအဝင် မိုဘိုင်းငွေကြေးဝန်ဆောင်မှုများကို တယ်လီနော၊ FMI နှင့် ရိုးမဘဏ်တို့နှင့်ပူးပေါင်း၍ ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီဖြစ်ကာ ယခုရရှိသော မှတ်ပုံတင်အရ Wave Money သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပေးအပ်သည့်မှတ်ပုံတင်ရရှိသော ဘဏ်မဟုတ်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်း(Non-banking financial institution)တစ်ခု ဖြစ်လာသည်။

"မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ယုံကြည်မှုကိုရရှိခဲ့ပြီး အသစ်ပြဋ္ဌာန်းလိုက်တဲ့ မိုဘိုင်းငွေကြေးစည်းမျဉ်းအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် မြန်မာနိုင်ငံရဲ့ ပထမဆုံးကုမ္ပဏီ ဖြစ်ရတဲ့အတွက် ဝမ်းမြောက်ပါတယ်။ ပုံမှန်ငွေကြေးဝန်ဆောင်မှုများကို အသုံးမပြုနိုင်ကြတဲ့ ပြည်သူအများစုကို မိုဘိုင်းငွေကြေးစာရင်းများနဲ့ ပံ့ပိုးပေးနိုင်တော့မှာဖြစ်ပါတယ်။ သုံးစွဲသူများအနေနဲ့ ဘဏ်စာရင်းမလိုဘဲ မြန်မာနိုင်ငံတစ်ဝန်း ငွေလွှဲပေးပို့နိုင်တော့မှာဖြစ်ပါတယ်"ဟု Wave Money အမှုဆောင်အရာရှိချုပ်က ပြောသည်။

Wave Money ၏ ငွေကြေးဝန်ဆောင်မှုကို မိုဘိုင်းဖုန်းများကို အခြေခံ၍ အသုံးပြုနိုင်ပြီး နီးစပ်ရာကိုယ်စားလှယ်များထံတွင် ဝန်ဆောင်မှုကို စတင်ရယူနိုင်မည်ဖြစ်ကာ လက်ရှိဝန်ဆောင်မှုပေးနေသည့် ငွေလွှဲခြင်းနှင့် ငွေပေးချေခြင်းတို့အပြင် ငွေချေးခြင်း၊ ငွေစုခြင်း စသည့် ဝန်ဆောင်မှုများကိုလည်း ချဲ့ထွင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**

## တောင်သူများ ဝင်ငွေတိုးမြှင့်ရရှိလာစေရန် သဘာဝမြေဩဇာထုတ်လုပ်မှုသင်တန်းဖွင့်

**မကွေး အောက်တိုဘာ ၅**

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် PC Myanmar တို့ပူးပေါင်း၍ မြို့နယ်အတွင်းမှ တောင်သူများနှင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစေရန်အတွက် သဘာဝမြေဩဇာထုတ်လုပ်မှု စိုက်ပျိုးရေးပညာပေးသင်တန်းကို မကွေးမြို့နယ် မကြီးကန်ကျေးရွာ၌ အောက်တိုဘာ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးကျော်ဇောဟိန်းက အမှာစကားပြောကြားကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းနိုင်က တောင်သူများအနေဖြင့် သဘာဝမြေဩဇာထုတ်လုပ်နည်းများကိုသိရှိပြီး ဓာတ်မြေဩဇာအစား သဘာဝမြေဩဇာများကို တောင်သူများ ကိုယ်တိုင် ထုတ်လုပ်သုံးစွဲစေခြင်းဖြင့် ဓာတ်ကြွင်းအာနိသင်လျော့ချနိုင်သော အော်ဂဲနစ်သီးနှံများရရှိလာမည်ဖြစ်ကာ၊ ဈေးကွက်ရှိပြီး ဈေးကောင်းရသော သီးနှံများ ရောင်းချနိုင်ခြင်းအားဖြင့် တောင်သူများ ဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းသို့ ကျေးရွာများမှ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်သည်။

**ကျော်ဇေယျ**

## စာဖတ်ရှုနိုင်မြှင့်တင်ရေးအတွက် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**ကလေး အောက်တိုဘာ ၅**

ကလေးမြို့နယ် မောက်လင်းကျေးရွာအုပ်စု မောက်လင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင် မြှင့်တင်ရေးကို ရှေးရှုလျက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းကာ စာစီစာကုံးနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲကျင်းပသည့်ရည်ရွယ်ချက်နှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးဆိုင်ရာများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သန်းထိုက်အောင်က ရှင်းလင်းပြောကြားပြီး အခြေခံပညာရေးကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ စုစုပေါင်း ၁၂ ကျောင်းမှ အလယ်တန်းကျောင်းသား ကျောင်းသူ ၁၉ ဦးက စာစီစာကုံးပြိုင်ပွဲတွင်လည်းကောင်း၊ မူလတန်း ကျောင်းသား ကျောင်းသူ ၁၉ ဦးက ကဗျာရွတ်ပြိုင်ပွဲတွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြကာ ဆုရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူတိုင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဗဟုသုတစာအုပ်စာစောင်များ ပေးအပ်ခဲ့သည်။

**ချင်းတွင်းသား**



## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးအခြေခံလက်မှုသင်တန်းဖွင့်

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၅**

ဆင်ပေါင်ဝဲမြို့နယ် ရွာသစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူဖြစ်စေရန်အတွက် ဝါးအခြေခံလက်မှုသင်တန်း အမှတ်စဉ်(၂/၂၀၁၆)ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အမှာစကားပြောကြားပြီးနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်မင်းဦးက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ဆင်ပေါင်ဝဲမြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကို အောက်တိုဘာ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ထောင်လောင်ကျေးရွာမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်တစ်နှစ်ခွဲအောက် ကလေးများအား ပုံမှန်လစဉ်ကာကွယ်ဆေးနှင့် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးများကို ကျေးရွာသားဖွားဆရာမ ဒေါ်နီနီဝင်းက အောက်တိုဘာ ၁ ရက်က ထိုးနှံပေးစဉ်။** (ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးကို ကလေး ၂၀ နှင့် ကိုယ်ဝန်ဆောင်မိခင် ၁၂ ဦးအား ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။)

**(မြို့နယ် ပြန်/ဆက်)**

## မင်းတပ်မြို့နယ်၌ အိုးအိမ်ဦးစီးဌာနရုံးနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်လျက်ရှိ

**မင်းတပ် အောက်တိုဘာ ၅**

ချင်းပြည်နယ် မင်းတပ်မြို့၌ မြို့နယ်အိုးအိမ်ဦးစီးဌာနရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို ပြည်နယ်အစိုးရရန်ပုံငွေဖြင့် စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၂၆ ရက်မှစ၍ မြေညှိခြင်း၊ မြေတူးခြင်းများကို စတင်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်အစိုးရခွင့်ပြုငွေ ကျပ်သန်းပေါင်း ၇၂၀ အသုံးပြု၍ အလျား ၁၀၂ ပေ၊ အနံ ၂၅ ပေရှိ လေးခန်းတွဲ နှစ်ထပ်အဆောက်အအုံ နှစ်လုံးရုံးနှင့် အလျား ပေ ၃၀၊ အနံ ပေ ၄၀ ရှိ သုံးထပ်ဝန်ထမ်းနေအိမ်တစ်လုံးကို ဆောက်လုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်အိုးအိမ်ဦးစီးဌာနမှူးက ပြောသည်။ ဆောက်လုပ်ရေးလုပ်ငန်းများကို တင်ဒါအောင်မြင်သော Power-7၊ ကျော်စွာ၊ Royal Shine Star ကုမ္ပဏီများက တာဝန်ယူဆောက်လုပ်ကြပြီး မြို့နယ်အိုးအိမ်ဦးစီးဌာန တာဝန်ရှိသူများက လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

**(ခရိုင် ပြန်/ဆက်)**

# ပုပ္ပားဒေသတွင် ရာသီစာ ဩဇာသီးများ လှိုင်လှိုင်ပေါ်နေ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြောက်ဘက်ခြမ်းဒေသမှ ရာသီစာ ဩဇာသီးများလှိုင်လှိုင်ပေါ်ထွက်လာသဖြင့် ဒေသတွင်းရှိ နတ်ကန်လည်၊ ဆည်၊ စီးမ၊ လျှော်တော အစရှိသည့်ကျေးရွာများမှ ဒေသခံတောင်သူများမှာ သီးနှံခူးဆွတ်ရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိနေပြီး လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပုပ္ပားဒေသတွင် ဝါဆိုလဆန်းမှစတင်ပြီး ဩဇာသီးများပေါ်ကာ တန်ဆောင်မုန်းလကွယ်အထိ ခူးဆွတ်ရောင်းချရလေ့ရှိကြောင်း၊ သီတင်းကျွတ်လတွင် အများဆုံးခူးဆွတ်ရကြောင်း၊ ဩဇာသီးကို နှစ်ရက်ခြား၊ သုံးရက်ခြားတွင် တစ်ကြိမ်ခူးရလေ့ရှိပြီး အသီးလှိုင်လှိုင်ပေါ်သည့်ကာလတွင် အပင် ၅၀/၆၀ ရှိသောခြံ၌ တစ်ကြိမ်ခူးလျှင် တစ်ထမ်းလျှင် ဩဇာသီးအလုံးရေ ၂၅၀ မှ ၃၀၀ ခန့်ပါသော ဆိုင်းထမ်းဖြင့် ၂၅ ထမ်းခန့်အထိ ခူးယူရရှိကြောင်း သိရသည်။

ဆွတ်ခူးပြီးဩဇာသီးများကို ထူးစ (အလုံးကြီးအနာအဆာကင်း)၊ ရှယ်စ (အလုံးလတ်၊အနာကင်း)နှင့် အကြီးစ (အလုံးသေး၊ အနာကင်း)ဟူ၍ သုံးမျိုးခွဲခြား၍ ထင်းရှူးပြားရိုက်သေတ္တာများတွင် ထည့်သွင်းထုပ်ပိုးကာ ဩဇာသီးအလုံးကြီး ၂၅ လုံးမှ ၄၀ ခန့်ဆံ့သော သေတ္တာကြီးနှင့် ၁၂ လုံးမှ ၃၀ ခန့်အထိ ဝင်ဆံ့သောသေတ္တာသေးများဖြင့်ထည့်သွင်းပြီး သေတ္တာကြီးတစ်လုံးလျှင် ရန်ကုန်အရောက်ဈေး (ထူးသီး)မှာ ၈၀၀၀ ကျပ်ရရှိကြောင်းနှင့် ရှယ်သီးမှာ ၆၀၀၀ ကျပ်ရရှိကာ သေတ္တာသေးတစ်လုံးလျှင် ထူးသီး ၄၀၀၀ ကျပ်နှင့် ရှယ်သီး ၂၅၀၀ ကျပ်ရရှိကြောင်း၊ ပေါ်ဦးပေါ်ဖျား ကာလက သေတ္တာကြီးတစ်လုံးလျှင် ၇၀၀၀ မှ ၁၀၀၀၀ ကျပ်အထိ ရရှိ၍ သေတ္တာသေးတစ်လုံးလျှင် ၃၅၀၀ ကျပ်မှ ၅၀၀၀ကျပ်အထိရရှိခဲ့ကြပြီး တစ်ခြံလျှင် အပင်ရေ အနည်းအများအလိုက် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၀ သိန်းကျော်အထိ ရရှိကြသည်။ ယခု အသီးလှိုင်လှိုင်ပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းသွားခြင်းဖြစ်ကြောင်း သိရသည်။



ပုပ္ပားမြောက်ဘက်ခြမ်း ဒေသများဖြစ်သော နတ်ကန်လည်၊ လျှော်တော၊ ဆည်၊ စီးမ အစရှိသည့် ကျေးရွာများမှ ဒေသခံတောင်သူအလုပ်သမားများမှာ ဩဇာသီး လှိုင်လှိုင်ပေါ်ချိန်ဖြစ်သည့် ဝါဆိုလမှ တန်ဆောင်မုန်းလကုန်အထိ အတွင်း ဩဇာခြံများတွင် အသီးခူးဆွတ်ရန် နေ့စားလုပ်သားအဖြစ် လုပ်ကိုင်ကြခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိနေကြကာ လုပ်သား (ကျား)တစ်ဦးလျှင် စားစရိတ်ငြိမ်း တစ်နေ့လုပ်အားခ ကျပ် ၅၀၀၀ ရရှိပြီး ခူးဆွတ်သည့်နေရာမှ ရွာသို့သယ်ပို့ပေးရသည့် အထမ်းသမတစ်ဦးလျှင် လုပ်အားခအဖြစ် ဆိုင်းထမ်းတစ်ထမ်းလျှင် အနီး ၅၀၀ ကျပ်၊ အဝေး ၁၀၀၀ ကျပ် ရရှိကာ နေ့စဉ်ဝင်ငွေမှာ ကျပ်တစ်သောင်းနှင့်အထက်ပင် ရရှိနေကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

## သတင်းတိုများ

### ကြိုးပြင်ကာကွယ်တော ကျွန်းစိုက်ခင်းများကို ပြည်ထောင်စုဝန်ကြီး ကြည့်ရှု

ရှမ်းပြည်နယ် မိုင်းဖြတ်မြို့နယ် တောညကျေးရွာအုပ်စု တာလကျေးရွာအနီးရှိ နမ့်လုံတောင်ကြိုးပြင်ကာကွယ်တော ကွင်းအမှတ်(၉)ရှိ ဧက ၁၀၀ ကျွန်းစိုက်ခင်း၊ ဆိုက်ခေါင်ကျေးရွာအနီးရှိ သစ်တောဦးစီးဌာန၏ ဧက ၁၀၀ ကျွန်းစိုက်ခင်းနှင့် ပုဂ္ဂလိကပိုင် (တင်မြင့်ရီ ကုမ္ပဏီ) ဧက ၂၀၀ ကျွန်းစိုက်ခင်းများသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်၊ ပြည်နယ် သစ်တောဦးစီးမှူး(တောင်ကြီး) ဦးသိန်းဌေး(၂)နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ခရိုင်ပြည်သူ့ဆေးရုံကြီး၌ အကူသူနာပြု(ပြင်ပ)သင်တန်းဆင်း

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ပြည်သူ့ဆေးရုံကြီး၌ အကူသူနာပြု(ပြင်ပ) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စိန်စိန်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး ပြည့်မီစွာရရှိစေရန်၊ သူနာပြုအင်အားနည်းပါးနေခြင်းကို အထောက်အကူပြုရန်နှင့် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်ရည်ရွယ်ချက်ဖြင့် အကူသူနာပြုသင်တန်းကို သင်ရိုးညွှန်းတမ်းတိကျစွာဖြင့် ဖွင့်လှစ်ပေးလျက်ရှိကြောင်း အမှာစကားပြောကြားသည်။ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၄၄ ဦး တက်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစ၍ ကိုးလကြာ စာတွေ့လက်တွေ့ပို့ချခဲ့ခြင်းဖြစ်ကာ သင်တန်းဆင်းသူများသည် နိုင်ငံတော်တာဝန် တစ်နှစ်ထမ်းဆောင်ပြီးနောက် မိမိတို့ဆန္ဒအလျောက် ပုဂ္ဂလိကအလုပ်များ လုပ်ကိုင်နိုင်ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

# ရန်ကုန်နှင့် မန္တလေးတွင် ဥပဒေဟောပြောပွဲများကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၅**

ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူ ဥပဒေပညာရှင်များ၊ ဥပဒေနှင့်ပတ်သက်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ၎င်းတို့၏ ကူညီပံ့ပိုးမှုဖြင့် ဥပဒေပညာပြန့်ပွားရေး ဆွေးနွေးဟောပြောပွဲများကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပသွားရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံ ဥပဒေအဖွဲ့ရှေ့နေများ အသင်းဥက္ကဋ္ဌ ဦးဘတင့်ဆွေ၏ ပြောကြားချက်အရ သိရသည်။

ကမာရွတ်မြို့နယ် တက္ကသိုလ်များမွှာရုံ၌ အောက်တိုဘာ ၂ ရက်က ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ဥပဒေအဖွဲ့ရှေ့နေများအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့ခြင်းဖြစ်ပြီး အသင်းအတွင်းရေးမှူး ဦးအောင်ဌေးဦးကလည်း အသင်းအနေဖြင့် ဥပဒေပညာပြန့်ပွားရေးအတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအမှတ်တံဆိပ်မူပိုင်ခွင့်အသင်းကြီး(Internaitonal Trademark Association) အာရှပစိဖိတ်ရုံးခွဲ၏ ကမ်းလှမ်းချက်အရ အသင်းဝင်များကို လေ့ကျင့်သင်တန်းပေးရေးနှင့် ဥပဒေပညာပြန့်ပွားရေး ဟောပြောပွဲများ ကျင်းပနိုင်ရန် ဆွေးနွေးညှိနှိုင်းနေကြောင်း ပြောကြားသည်။

ထို့အပြင် အသင်းအနေဖြင့် ဥပဒေရေးရာ စောင့်ကြည့်လေ့လာရေးကော်မတီ(Monitering Session)ကိုလည်း ယခု အောက်တိုဘာလအတွင်း အပြီးသတ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အစည်းအဝေးတွင် အတည်ပြုခဲ့သည်။

မြန်မာနိုင်ငံ ဥပဒေအဖွဲ့ရှေ့နေများအသင်းသည် အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော ဥပဒေဆိုင်ရာ အချက်အလက်အကြောင်းအရာများကို ရန်ကုန်တက္ကသိုလ် ဥပဒေဌာန၏ အကူအညီရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မန္တလေးမြို့တွင် ကျင်းပမည့် ဥပဒေပညာပြန့်ပွားရေး ဟောပြောပွဲများကိုမူ ဥပဒေအကျိုးဆောင်အဖွဲ့တစ်ခုဖြစ်သော Nandar & Association, Law & Audit Services ကုမ္ပဏီလီမိတက်၏ ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိစ္စများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဥပဒေအဖွဲ့ရှေ့နေများအသင်းအနေဖြင့် အောက်တိုဘာ ၂၃ ရက်တွင် ညှိနှိုင်းဆွေးနွေးပွဲကို ထပ်မံပြုလုပ်မည်ဖြစ်ပြီး ဆွေးနွေးပွဲသို့ အသင်းဝင်များအပြင် အသင်းမဝင်ရသေးသော ဥပဒေအဖွဲ့ရှေ့နေ မည်သူမဆို လာရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

# ကမ်းပါးပြို၍ ရွှေ့ပြောင်းနေထိုင်ရသူများအား ထောက်ပံ့

**တွံတေး အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း ရွှေလှေချောင်(တွံ)ကျေးရွာအုပ်စု ရွှေလှေချောင်ကျေးရွာနှင့် သဲကုန်းကျေးရွာများတွင် ကမ်းပါးပြိုကျမှုကြောင့် ရွှေ့ပြောင်းနေထိုင်ရသော မိသားစုများအား လူသရမ်ဝေါလ်ဖက်ဒရေးရှင်း(မြန်မာ)အဖွဲ့၏ ပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကွန်ရက်အဖွဲ့က စားနပ်ရိက္ခာများကို အောက်တိုဘာ ၃ ရက်က သွားရောက်ထောက်ပံ့ခဲ့ပြီး ပြောင်းရွှေ့နေထိုင်ရသူများ၏ နေထိုင်ရေးအဆင်ပြေစေရန် တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေလှေချောင်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးဘက်စုံသုံးခန်းမ၌ပြုလုပ်သည့် ထောက်ပံ့ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထူးဇော်အောင်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးသက်ဦးက သဘာဝဘေးအန္တရာယ်အကြောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန်က သဘာဝဘေးနှင့်ကယ်ဆယ်ရေးအကြောင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ရေး/ထောက်တပ်ခွဲမှူး ဦးခင်မောင်ဝင်းက သဘာဝဘေးနှင့် ကျန်းမာရေးအထွေထွေ၊ လူသရမ်ဝေါလ်ဖက်ဒရေးရှင်း မြန်မာမှ စီမံကိန်းအရာရှိ ဦးနေလင်းက စားနပ်ရိက္ခာထောက်ပံ့ကူညီခြင်းနှင့် ပြောင်းရွှေ့နေထိုင်ရသူများအနေဖြင့် အခြားဝင်ငွေရသော အလုပ်များရရှိရန် လိုအပ်ပုံများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံကိန်းအရာရှိ ဦးသန့်စင်ဝင်းက စီမံကိန်းဝင်ကျေးရွာဆယ်ရွာနှင့် သက်ဆိုင်ရာဌာနများ ရင်းနှီးမှုရှိရန်၊ အခက်အခဲရှိလာပါက အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့နေထိုင်ရသော ရွှေလှေချောင်ကျေးရွာမှ အိမ်ထောင်စု ၁၁ စုနှင့် သဲကုန်းကျေးရွာမှ အိမ်ထောင်စုနှစ်စု စုစုပေါင်းလူဦးရေ ၆၀ ကျော်အတွက် ဆန်တင်း ၄၀၊ မြေပဲဆီ တစ်လီတာဘူး ၆၄ ဘူး၊ ကုလားပဲဆန် ၆၄ ပိဿာ၊ တာပေါ်လင်စများ၊ ရေပုံးများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၄ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ကမ်းပြို၍ ရွှေ့ပြောင်းနေထိုင်ရသူတစ်ဦးဖြစ်သည့် ဦးအောင်မြင့်က "အခုကျွန်တော်တို့ သူများမြေနေရာမှာ ခဏဆောက်ပြီး နေနေရတယ်။ မိသားစု သုံးဦးရှိတယ်။ ကိုယ့်မြေလေး ကမ်းပြိုတဲ့အထဲမှာပါသွားတော့ နေစရာမရှိဘူး။ ကိုယ်ပိုင်မြေကွက်ကလေးတွေရရင်တော့ ကောင်းတာပေါ့၊ အားလုံးဝိုင်းဝန်းကူညီစေချင်ပါတယ်"ဟု ပြောသည်။

**မျိုးလှိုင်(တွံတေး)**




# ဒလမြို့နယ်၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ဒလ အောက်တိုဘာ ၅**

ကျောင်းသား ကျောင်းသူကလေးများ ကျောင်းစာအပြင် ပြင်ပဗဟုသုတ တိုးပွားစေရန်နှင့် မိမိတို့ခံစားချက်များကို ပွင့်လင်းမြင်သာစွာ ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြောဆို တတ်စေရန်ရည်ရွယ်၍ ကျပန်းစကားပြောပြိုင်ပွဲကို ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက်ရှိ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ ကျွန်တော်/ကျွန်မသာ ကျောင်းစာကြည့်တိုက်မှူးတစ်ဦး ဖြစ်ခဲ့လျှင် ခေါင်းစဉ်၊ ကျွန်တော်/ကျွန်မသာ ကျောင်းဆရာ ဆရာမတစ်ဦး ဖြစ်ခဲ့လျှင်ခေါင်းစဉ်နှင့် ကျွန်တော်/ကျွန်မသာ လွှတ်တော်အမတ်တစ်ဦး ဖြစ်ခဲ့လျှင် ခေါင်းစဉ်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းကျောင်းများနှင့် ဟာမိုနီကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်များနှင့် နှစ်သိမ့်ဆုများကို မြို့နယ်ပြန်/ဆက် ဦးစီးမှူး၊ မြို့နယ်စာရေးဆရာအသင်းမှ ဆရာမ မြမဥ္စူဝေနှင့် ဆရာမဒေါ်တင့်တင့်မိုးတို့က ချီးမြှင့်ပေးခဲ့သည်။

**နိုင်လင်းကျော် (ပြန်/ဆက်)**

# စပါးမျိုးသန့်စိုက်ခင်း၌ မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြ

**လှိုင်းကော် အောက်တိုဘာ ၅**

ကယားပြည်နယ် လွိုင်ကော်မြို့နီးကွတ်ကျေးရွာအုပ်စုရှိ စပါးမျိုးသန့်စိုက်ခင်း၌ မျိုးကွဲနုတ်ပယ်ခြင်း ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၃ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများ၊ တောင်သူများတက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တောင်သူလယ်သမားများအနေဖြင့် မိုးသီးနှံများ ရိတ်သိမ်းအပြီးတွင် စိုက်ပျိုးရေရရှိမှုအပေါ်မူတည်ကာ နေကြာ၊ ကုလားပဲ၊ မတ်ပဲ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစတဲ့ ဆောင်းသီးနှံများကို သီးထပ်စိုက်ပျိုးခြင်းဖြင့် မိမိပိုင်ဆိုင်ထားသည့်မြေကို အကျိုးရှိစွာ အသုံးချနိုင်သည့်အပြင် မိသားစုဝင်ငွေတိုးတက်ရရှိအောင်လည်း ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာပြီး ဝင်ငွေတိုးတက်လာစေရန် ဆောင်ရွက်ကြရာတွင် သီးနှံအလိုက် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲထုတ်လုပ်စိုက်ပျိုးကြရန်နှင့် လက်ရှိအချိန်တွင် ဖြစ်ပေါ်နေသည့် ရာသီဥတုပြောင်းလဲမှုအပေါ်မူတည်ပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို သတိ၊ ဝီရိယထား၍ ဆောင်ရွက်ကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးခန့်က မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်အတွက် လိုအပ်သောအချက်များနှင့် Rs to Cs စပါးမျိုးသန့်စိုက်ခင်းတွင် မျိုးကွဲနုတ်ပယ်ခြင်းအကြောင်း သိကောင်းစရာများကို ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားပြီး ဒေသခံတောင်သူများက စိုက်ပျိုးရေးနှင့်ပတ်သက်၍ သိလိုသည့်အချက်များအပြင် ကျေးရွာများတွင်လိုအပ်နေသည့် ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာစာကြည့်တိုက်ရရှိရေး၊ မြစ်ရေတင်လုပ်ငန်းများ ကောင်းမွန်အောင်ပြုပြင်ပေးရေး၊ အခွန်အကောက် ရေခွန်၊ မြေခွန်များကောက်ခံရာတွင် သတ်မှတ်ထားသည့် ဥပဒေများနှင့်အညီ ကောက်ခံပေးရေး စသည့်ကိစ္စများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

တောင်သူများ၏တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ရွှေရင်အေးစပါးမျိုးအား Rs to Cs စပါးမျိုးသန့်စိုက်ခင်းတွင် တောင်သူများ လက်တွေ့မျိုးကွဲနုတ်ပယ်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**ရဲနောင်(လွိုင်ကော်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက်သင်တန်းဆင်း

**ပေါက်ခေါင်း အောက်တိုဘာ ၅**

ပေါက်ခေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်မြို့နယ်အတွင်း အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကျွမ်းကျင်သည့် အပ်ချုပ်သမားများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့သော အပ်ချုပ်စက်သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂ ရက်နံနက်ပိုင်းက အင်းငါးခွကျေးရွာအုပ်စု တာကောက်ကျေးရွာ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ချစ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်နှင့် ဦးဝင်းနိုင်၊ ပြည်ခရိုင်ကျေးလက်ဦးစီးမှူးဦးအောင်ကျော်လှ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းသူများ တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်ကျေးလက်ဦးစီးမှူးက သင်တန်းသူ ၃၅ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသည်။ အဆိုပါသင်တန်းတွင် သင်တန်းတက်ရောက်သူ အမျိုးသမီးငယ်များအား အမျိုးသမီးဝတ် အဝတ်အထည်မျိုးစုံ ချုပ်နည်းပညာများ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**Tender No. 13/DHPI/Battery/2016-2017**

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဘက်ထရီများအား D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၂၅-၁၀-၂၀၁၆ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အရည်အသွေးနှင့် နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score)အများဆုံးရရှိသော ကုမ္ပဏီအားတိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀၊ ၀၆၇-၈၁၀၄၁၉၁**

## ကရင်ပြည်နယ်အစိုးရအဖွဲ့
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကရင်ပြည်နယ်-ဘားအံမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကရင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးဌာန အဆောက်အအုံအသစ်ဆောက်လုပ်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၂) သံတောင်ကြီးမြို့နယ်၊ ကနစိုးပင်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၃) ဖာပွန်မြို့နယ်၊ အနောက်ဘက်ကမ်းကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၄) ဖာပွန်မြို့နယ် ဝေဆန်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၅) ဘားအံမြို့နယ် ဝါးဆူးကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၆) ဘားအံမြို့နယ် အထက်ကော့ရင်းကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၇) ဘားအံမြို့နယ်၊ ကမားကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၈) ဘားအံမြို့နယ် ဂျိုင်းကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၉) ကော့ကရိတ်မြို့နယ် ထီးဖိုးစံကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၁၀) ကော့ကရိတ်မြို့နယ် နဘူးတံခွန်တိုင်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၁၁) မြဝတီမြို့နယ် မိခင်ကလေးကျန်းမာရေးဌာန အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၁၂) မြဝတီမြို့နယ် မေတ္တာလင်းမြိုင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၁၃) မြဝတီမြို့နယ် ရွာသစ်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၁၄) လှိုင်းဘွဲမြို့နယ် ကိုမောင်ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၁၅) လှိုင်းဘွဲမြို့နယ် ပိုင်ကျုံကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၁၆) လှိုင်းဘွဲမြို့နယ် ကွမ်တာကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၁၇) သံတောင်ကြီးမြို့နယ် လိုခါးပလိုကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၁၈) သံတောင်ကြီးမြို့နယ် မုတ္တိပြောင်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၁၉) ဖာပွန်မြို့နယ် တံခွန်တိုင်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၂၀) ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၂၁) ကြာအင်းဆိပ်ကြီးမြို့နယ် ကွီးခလယ်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၂၂) ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၂၃) ကြာအင်းဆိပ်ကြီးမြို့နယ် ချောင်းဆုံကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၂၄) ကြာအင်းဆိပ်ကြီးမြို့နယ် လယ်တောကြီးကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊
(၂၅) ကော့ကရိတ်မြို့နယ် တရိတခေါင်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း
(၂၆) သံတောင်ကြီးမြို့နယ် သောက်ရေခပ်ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း။

၂။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၆-၁၀-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၁၀-၂၀၁၆ ရက် ညနေ ၄း၀၀နာရီ
**တင်ဒါတင်သွင်းရန်နေရာ** - ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဖုန်း-၀၅၈-၂၁၂၃၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်နယ်ပြည်သူ့ကျန်းမာရေးတင်ဒါကြီးကြပ်ရေးအဖွဲ့**

---

**ပိုင်းမော်မြို့၊ အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးမြေနေရာတွင် အဆင့်မြင့်ဈေးသစ်တည်ဆောက်နိုင်ရန်အတွက်**
# အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ပိုင်းမော်မြို့၊ အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးမြေနေရာ၊ အကွက်အမှတ် ၉/ကချင်စုအရှေ့၊ ဦးပိုင်အမှတ်(၇၈/ခ)၊ မြေချိန်ဧရိယာ အကျယ်အဝန်း ၂၃သမ၃၆၂၈ကပေါ်တွင် အဆင့်မြင့်ဈေးသစ်ဆောက်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအားအဆိုပြုတင်ပြရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အဆင့်မြင့်ဈေးအား ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီးဆောင်ရွက်လိုသူများအနေဖြင့် တင်ဒါလျှောက်လွှာများကို ၂၉-၉-၂၀၁၆ရက်မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုတင်ဒါပုံစံများကို ၂၈-၁၀-၂၀၁၆ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄**
**တင်ဒါစိစစ်ရေးနှင့်ရွေးချယ်ရေးကြီးကြပ်မှုကော်မတီ**
**မြစ်ကြီးနားမြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲတွင် လိုအပ်လျက်ရှိသော ဓာတ်ခွဲခန်းနှင့် စမ်းသပ်ခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်း အသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၁၁၂၆ နှင့် ၀၆၇-၄၃၁၁၁၆ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်း တင်သွင်းလွှာ စတင်ရောင်းချမည့်ရက်** - ၆-၁၀-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၃-၁၁-၂၀၁၆ ရက်၊ မွန်းလွဲ ၁း၀၀ နာရီ

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**စိုက်ပျိုးရေးဦးစီးဌာန**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၅၈

| | | |
|---|---|---|
| ဒေါ်တင်ကြူ | နှင့် | ၁။ ဦးနေမျိုးအောင် |
| | | ၂။ ဒေါ်ဝင်းရီ |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ၊ အသောက(၁)လမ်း၊ အမှတ်(မရှိ)နေ (၁)တရားပြိုင် ဦးနေမျိုးအောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ရောင်းကြေးငွေကျပ် သိန်း ၁၀၀ နှင့် အိမ်ငှားခ (၂)လစာကျန်ငွေ ၁၄၀၀၀၀၀/-အပါအဝင် စုစုပေါင်း ၁၀၁၄၀၀၀၀/- (ကျပ်တစ်ရာ့တစ်သိန်းလေးသောင်း)တိတိ ပြန်လည်ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် အောက်တိုဘာ ၁၉ရက် (၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဆွေမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မော်လမြိုင်ခရိုင်တရားမရုံးတော်၌
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၁၄

| | | |
|---|---|---|
| ၁။ ဦးလှထွန်း | နှင့် | ၁။ ဒေါ်တင်စိန် |
| ၂။ ဦးသိန်းလွင် | | ၂။ ဦးတင်ဦး |
| ၃။ ဦးစိုးဝေ | | ၃။ ဒေါ်ဥမ္မာလှိုင် |
| **တရားလိုများ** | | **တရားပြိုင်များ** |

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့၊ ချောင်းဆုံအရှေ့ပိုင်းနေ ၁-တရားပြိုင် ဒေါ်တင်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက တရားလိုများအတွက် အမွေဆက်ခံပိုင်ဆိုင်သောမြေကွက်ပေါ်သို့ တရားမဝင်သောစာချုပ်ဖြင့်ဝယ်ယူပြီး ကျူးကျော်ဝင်ရောက်နေထိုင်သူ တရားပြိုင်များအား ဖယ်ရှား၍ မြေကွက်အား လက်ရောက်ပေးအပ်စေလိုမှု စွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် အောက်တိုဘာ ၂၀ ရက် (၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် စက်တင်ဘာ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မော်လမြိုင်ခရိုင်တရားရုံး**

# ရောင်းရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၄

| | | |
|---|---|---|
| ဒေါ်ရင်ရင်ဆွေ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မြတ်မြတ်နွယ်) | နှင့် | ၁။ ဒေါ်ညွန့်ညွန့်ရွှေ |
| | | ၂။ ဒေါ်အေးအေးစန်း(ခ)ဒေါ်ဘေဘီ (ကွယ်လွန်သူ ဦးကျော်ဆန်း၏ တရားဝင်ကိုယ်စားလှယ်) |
| | | ၃။ ဦးအောင်မြင့်သန်း |
| | | ၄။ ဦးမျိုးမြင့်အောင် |
| | | ၅။ ဦးသန်းအောင်သူ |
| | | ၆။ ဒေါ်ထွေးထွေးဝင်း (၎င်းကိုယ်တိုင်နှင့် ၁-တရားရှုံး၏ ကိုယ်စားလှယ်) |
| | | ၇။ ဦးစိုးတင့် |
| | | ၈။ ဦးအိကောင်း |
| **တရားနိုင်** | | **တရားရှုံးများ** |

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော် ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၆၆၇ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းများမှ အစဉ်(၁)ပါ ပစ္စည်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၆ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်) နံနက် ၁၀း၀၀ နာရီတွင်လည်းကောင်း၊ အစဉ်(၂)ပါ ပစ္စည်းကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) နံနက် ၁၀း၀၀ နာရီတွင်လည်းကောင်း၊ အစဉ်(၃)ပါ ပစ္စည်းကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၁၈ရက် (၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်)နံနက် ၁၀း၀၀ နာရီတွင်လည်းကောင်း၊ အစဉ်(၄)ပါ ပစ္စည်းကို ထိုနေ့ နေ့လယ် ၁း၀၀တွင်လည်းကောင်း ၎င်းပစ္စည်းတည်ရှိရာအရပ်တွင် လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

### ရောင်းချမည့်ပစ္စည်းစာရင်း

၁။ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၆)လမ်း၊ အမှတ် ၃၅၂၊ ပေ(၄၀×၆၀)မြေကွက် (ဦးလှစိန်အမည်ပေါက်) နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်ခံပျဉ်ထောင်နှစ်ထပ်အိမ်၊ အဆောက်အအုံနှင့် စက်ရေတွင်း၊ လျှပ်စစ်မီတာနှစ်လုံး၊ ကြိုးဖုန်း ၅၆၅၉၃၄ အပါအဝင် အကျိုးခံစားခွင့်အားလုံး (၅-တရားရှုံး မိသားစုနေထိုင်လျက်ရှိသည်)
**ကြမ်းခင်းဈေး ကျပ်သိန်း ၂၇၀၀ ။**

၂။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ ဂျိုးဖြူလမ်းမကြီး၊ မြေကွက်အမှတ်(၁၀၆၄)၊ ပေ(၄၀×၆၀)မြေကွက်
**ကြမ်းခင်းဈေး ကျပ်သိန်း ၈၀၀ ။**
(ထိုမြေကွက်မှာ (၇) တရားရှုံးဦးစိုးတင့်၊ (၈) တရားရှုံးဦးအိကောင်းတို့နှင့် ပူးတွဲပိုင်ဆိုင်သဖြင့် မြေကွက်၏သုံးပုံတစ်ပုံ)

၃။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ် ၂၃၈၊ (အိုးအိမ်တွင် ဒု-ဗိုလ်မှူးကြီးကျော်သန်းအမည်ဖြင့်ရှိသည်။)
(မြေကွက်မှာ (၇) တရားရှုံး ဦးစိုးတင့်နှင့် ပူးတွဲပိုင်ဆိုင်သဖြင့် ထိုမြေကွက်၏ နှစ်ပုံတစ်ပုံ)
**ကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀။**

၄။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၃၃၄) ပေ(၄၀×၆၀)ရှိ မြေကွက်
**ကြမ်းခင်းဈေး ကျပ်သိန်း ၁၈၀။**

### ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

**တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။**

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူက ဆွဲတက်သည်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံး တိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည့်ပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည်အဖိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အဖိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင် ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်ကသင့်သည်ထင်မြင်ခဲ့လျှင်၊ အစိုးရမင်းသို့ ဆုံးရှုံးစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၆ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယုအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၁၄)၊ သိန်းနီလမ်း၊ အိမ်အမှတ်(၈/၁၄/၂၄)၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၄/က)၊ မြေချိန်ဧရိယာ ၀ဒသမ ၂၃၇၈ဧကရှိ မြေကွက်ကို ကွယ်လွန်သူ ဦးကြူကွမ်းရီ(ခ)မောင်မောင် ၁၃/လရန(နိုင်)၀၅၀၇၃၇က ပိုင်ဆိုင်သူဖြစ်ပြီး ဇနီး ဒေါ်ရန်ရွှေရင် ၁၃/လရန(ပြု)၀၀၀၅၁၂မှ အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၂၀ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ရန်ရွှေရင် ၁၃/လရန(ပြု)၀၀၀၅၁၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝမ်းတွင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်နိုင်လင်းဦး၏ ဖခင် ဦးထွန်းထွန်းဦးနှင့် ဦးကုလားကြီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးထွန်းထွန်းဦး(ခ)ဦးကုလားကြီး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်ကော်မြို့၊ လှိုင်လင်လေးကျေးရွာ၊ အမှတ်(၁)ရပ်ကွက်၊ လ/၄၉ နေ ဦးလိုင်အီးယား(ပ်)နှင့်ဦးနားအစ် ၂/လကန (နိုင်) ၀၀၇၁၁၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးလိုင်အီးယား(ပ်)နှင့် ဦးနားအစ်**

## အမည်ပြောင်း

မယ်စဲ့မြို့နယ်၊ အထက မယ်စဲ့ တက္ကသိုလ်ဝင်တန်းမှ မောင်စိုင်းဝှန်းဆိုင်အား ယနေ့မှစ၍ မောင်စွမ်းရင်ထွန်း ၂/မစန(နိုင်)၀၀၂၉၀၉ ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်စွမ်းရင်ထွန်း**

## ဖခင်အမည်မှန်

မယ်စဲ့မြို့နယ်၊ အထက မယ်စဲ့ တက္ကသိုလ်ဝင်တန်းမှ မောင်ရဲမင်းသူ၏ဖခင်အမည်မှန်မှာ ဦးစိုင်းသန်းထွန်း ၁၃/သပန(နိုင်)၀၃၇၆၁၂ ဖြစ်ပါကြောင်း။
**ဦးစိုင်းသန်းထွန်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တပ်ဦးသီတာ ၆/၁၂ နေ ဦးဆွင်လမ့်ထန်၏ ဖခင်အမည်မှန်မှာ ဦးဂင့်ကျင့်ခုပ် ဖြစ်ပါကြောင်း။
**ဦးဂင့်ကျင့်ခုပ်**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးကျော်အေး၏သား ကလေးမြို့၊ နည်းပညာတက္ကသိုလ် B.Tech စတုတ္ထနှစ် EPသင်တန်းမှ မောင်မျိုးထွဋ်နှင့် မောင်ဇင်မျိုးထွဋ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးတင်ရွှေ၏သမီး ကလေးဝမြို့၊ အမှတ်(၁)ရပ်ကွက်နေ မစန္ဒာစိုး(ခ) မစိမ့်စိမ့်အေးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။
**မစန္ဒာစိုး(ခ)မစိမ့်စိမ့်အေး**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(ခွဲ)နာနတ်တော၊ တက္ကသိုလ်ဝင်တန်း (ခ)မှ မမားဂရက်၏ ဖခင်အမည်မှန်မှာ ဦးမောင်ခွယ် ၁၃/ဖခန(နိုင်)၀၂၂၀၈၄ ဖြစ်ပါကြောင်း။
**ဦးမောင်ခွယ်**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၉)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ နန်းဖွေးဖွေးဦး ဖခင်အမည်မှန်မှာ ဦးနန္ဒာ ၁၃/တကန(နိုင်)၀၂၀၉၅၉ ဖြစ်ပါကြောင်း။
**ဦးနန္ဒာ**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ အထက(ခွဲ) လေတပ် ၇၁ အုပ်၊ တက္ကသိုလ်ဝင်တန်းမှ မသဲသဲဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းမင်းအောင် ၁၃/နစန(နိုင်)၀၂၂၁၄၁ ဖြစ်ပါကြောင်း။
**ဦးဝင်းမင်းအောင်**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက (နွားလဝိုး)၊ တက္ကသိုလ်ဝင်တန်း၊ အတွဲ(၈)မှ မစောဖြူ၏ ဖခင်အမည်မှန်မှာ ဦးတီးတူ ၂/လကန(နိုင်)၀၅၃၆၅၅ ဖြစ်ပါကြောင်း။
**ဦးတီးတူ**

## ဖခင်အမည်မှန်

အထက ခိုလမ်၊ တက္ကသိုလ်ဝင်တန်း(က)မှ မအေးစန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ဆန် ၁၃/နစန(နိုင်)၀၁၆၆၆၀ ဖြစ်ပါကြောင်း။
**ဦးအိုက်ဆန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၆၇၅၀၁ ဟွန်ဒါဝေဖ့် 125ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိကလျာနင်း ၁၀/ခဆန(နိုင်) ၁၃၁၆၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

အဘိဓမ္မတက္ကသိုလ်၏ ဒု-ဉက္ကဋ္ဌ (စီမံ/ဘဏ္ဍာ) တာဝန်ထမ်းဆောင်လျက်ရှိသော တွဲဖက်ပါမောက္ခ ဒေါ်နှင်းနှင်းအေးအား ထိုင်းနိုင်ငံ၊ အယုဒ္ဓယမြို့၌ ၂၀၁၆-ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်မှ ၂၈ ရက်နေ့အထိ ကျင်းပသော WORLD FELLOWSHIP BUDDHIST YOUTH (WFBY) ၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံနှင့် THE 1ST GLOBAL BUDDHIST LEADERS CONGREGATION အခမ်းအနားတွင် INDIA နိုင်ငံ INTERNATIONAL BUDDHA EDUCATION INSTITUTE မှ ပေးအပ်သော "DOCTOR OF PHILOSOPHY" ဘွဲ့ကို ချီးမြှင့်ခံရသည့်အတွက် ဒေါက်တာ ဒေါ်နှင်းနှင်းအေး၏ မိသားစုနှင့် ထပ်တူဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

အဓိပတိ ဒေါက်တာမြသန်းနှင့်

ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသားများ (အဘိဓမ္မတက္ကသိုလ်)

## အကြိမ် (၁၀၀)မြောက် ဝေဠုဝန်ကျောင်းတိုက် မဟာဘုံကထိန် ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ကျောင်းတိုက်အတွင်း၌ ၁၃၇၈ ခုနှစ် ဝါကပ်တော်မူကြသော သံဃာတော်အရှင်မြတ် (၇၀)ပါးနှင့် ပင့်သံဃာ (၈၀)ပါး၊ ပေါင်း (၁၅၀)ပါးတို့အား အကြိမ်(၁၀၀)မြောက် ကထိန်လျာ သင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ တန်ဆောင်မုန်းလဆန်း ၇ ရက် ၆-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အတူတကွ တရားတော်နာယူကြပါရန် အလှူဒါယကာ အလှူဒါယိကာမအပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **မဟာဘုံကထိန်ကျင်းပရေးအဖွဲ့၊ ဝေဠုဝန်ကျောင်းတိုက်**

## ပုသိမ် (ကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်) ဓာတုဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်

ပုသိမ် (ကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်) ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ရက် (စနေနေ့)တွင် ပုသိမ်တက္ကသိုလ်၊ ကန်သာယာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။

ပုသိမ် (ကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်) ဓာတုဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီးများထံ အောက်တိုဘာလဆန်းမှစတင်၍ ဖိတ်စာများဆက်သွယ်ပေးပို့ ဖိတ်ကြားသွားမည်ဖြစ်ပြီး ဖိတ်စာအချိန်မီမရောက်ရှိပါကလည်း ကျင်းပရေးကော်မတီထံသို့ ဆက်သွယ်ပေးပါရန်နှင့် မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ပါရန်နှင့် အလှူငွေများကို ကျင်းပရေးကော်မတီထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ကျင်းပရေးကော်မတီ-**

| | |
|---|---|
| ဒေါက်တာသန်းသန်းမြင့် | ဖုန်း-၀၉-၄၅၈၀၄၁၆၈၃ |
| ဒေါက်တာထွန်းအောင် | ဖုန်း-၀၉-၄၃၁၈၁၀၈၁ |
| ကိုသန်းမြင့်ဦး | ဖုန်း-၀၉-၅၀၁၂၃၀၈ |
| ကိုဇော်သက်မောင် | ဖုန်း-၀၉-၅၂၀၂၉၂၉ |

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**ဒက္ခိဏခရိုင်တရားရုံးတော်၌**

**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၂၉**

| | | |
|---|---|---|
| မြဝတီဘဏ်လီမိတက် (၎င်းကိုယ်စား မန်နေဂျာဒေါ်ဥမ္မာခိုင်သန်း) | နှင့် | ၁။ ဦးသီအေး<br>၂။ ဒေါ်ဖြူဖြူမြင့်<br>အမှတ် (၃/၄၄၁)၊ အမှတ် (၃)ရပ်ကွက် လယ်ဝေးမြို့ |
| **တရားနိုင်** | | **တရားရှုံး** |

ဒက္ခိဏခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး၏ ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် ၆၆ တွင် ချမှတ်သောအနိုင်ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၁ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

လယ်ဝေးမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် (၂၄)၊ ပေဖူးရပ်၊ ဦးပိုင်(၅၄ခ)၊ မြေဧရိယာ ၀ဒသမ ၅၄၈ဧကရှိ ဦးသီအေးအမည်ပေါက် နှစ် ၃၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၃/၄၄၁)၊ အမှတ်(၃)ရပ်ကွက်ရှိ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**ကြမ်းခင်းဈေးကျပ်သိန်း (၁၈၀၀) (ကျပ်သိန်းတစ်ထောင့်ရှစ်ရာ)**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းပေါ်တွင် ဖော်ပြထားသောအချက်များမှာ တရားနိုင်မှ တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း (သို့တည်းမဟုတ်) ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာလည်း ရောင်းချမည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင်လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၅။ လေလံတင်ရောင်းချမည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် (၁၀၀/-) လျှင် (၂၅/-)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၆။ လေလံဆွဲဝယ်ယူသူသည် တန်ဖိုးငွေကျပ် ၂၅ရာခိုင်နှုန်းကို နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမဆုံးရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(သန်းလွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ဒက္ခိဏခရိုင်တရားရုံး**

## တေဇ(၁၈)၏ (၂၅)နှစ်မြောက် ငွေရတုဖိတ်ကြားလွှာ

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၈)၊ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အခမ်းအနားအား အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုများအားလုံး တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

(က) ၁၁-၁၀-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၀း၃၀ နာရီ
ညောင်ပင်သာမိုးကုတ်တရားစခန်း၊ အင်းစိန်၊ ရန်ကုန်မြို့။
(နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ငွေပဒေသာပင်စိုက်ထူခြင်း)

(ခ) ၂၂-၁၀-၂၀၁၆ (စနေနေ့) နံနက် ၆း၃၀ နာရီ
တပ်မတော်ဂေါက်ကွင်း၊ ချစ်ကြည်ရေးဂေါက်ပြိုင်ပွဲ၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့

(ဂ) ၂၂-၁၀-၂၀၁၆ (စနေနေ့) ညနေ ၁၈း၀၀ နာရီ
မိတ်ဆုံစားပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပခြင်း
ပန်ဒါဟိုတယ်၊ မင်းရဲကျော်စွာလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**တေဇ (၁၈) သာရေး၊ နာရေးကော်မတီ**

**အောင်ဝင်းထူး ဖုန်း-၀၉-၄၄၉၂၄၉၂၀၃၊ ခင်ဇော်ဝင်း ဖုန်း-၀၉-၄၅၈၅၃၅၄၅၆၊ နေသွေး ဖုန်း-၀၉-၄၅၀၀၁၃၁၀၀၊ အောင်ကိုဦး ဖုန်း-၀၉-၈၆၁၂၈၇၆**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ရေရှင် အထက(ခွဲ)နဝမတန်းမှ မောင်ဇော်မြင့်သူ၏ ဖခင်အမည်မှန်မှာ ဦးစိန်သောင်း ၅/ကလန(နိုင်)၀၃၈၄၈၆ ဖြစ်ပါကြောင်း။

**ဦးစိန်သောင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အထက(ရွှေမင်းဝံ)၊ နဝမတန်း(A)မှ မောင်ဝေလင်းမောင်၏ ဖခင်အမည်မှန်မှာ ဦးလှသောင် ၅/စကန(နိုင်)၁၈၈၅၄၅ ဖြစ်ပါကြောင်း။

**ဦးလှသောင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၁ယ/၅၈၅၆၂ Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးဒန်းလန်း ၁၃/ကတန(နိုင်)၀၁၆၄၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6I/1640 Lifan LF J 3053 F1 ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ဆိုက် ၉/ပဥလ(နိုင်)၀၀၉၀၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**

**တမူးခရိုင်တရားရုံးတော်**

**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁**

| | | |
|---|---|---|
| ဦးခင်မောင်ရီ<br>မုံရွာတောင်၊ အေးခိုရပ်ကွက်<br>မုံရွာမြို့ | နှင့် | ၁။ ဦးခင်မောင်ကြည်<br>၂။ မတင်တင်အုန်း<br>၃။ မတင်တင်ပြုံး<br>၄။ မောင်မျိုးမင်းထိုက်<br>၅။ မောင်မျိုးမင်းသန့်<br>၆။ မအိအိဇင်<br>၇။ မောင်သန့်ဇင်<br>၈။ မောင်ခင်မောင်ဇော်<br>၉။ မောင်ခင်မောင်လတ်<br>၁၀။ မခင်မေထိုက်<br>၁၁။ မခင်မျိုးထိုက်<br>၁၂။ မောင်မျိုးထူးထိုက်<br>၁၃။ မပြည့်ပြည့်ဖြိုး |
| **တရားလို** | | **တရားပြိုင်များ** |

မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဘုရားနီလမ်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရပ်နေ ဦးခင်မောင်ဇော် (ယခုနေရပ်လိပ်စာမသိသူ)၊ မုံရွာမြို့၊ နန္ဒဝန်ကွက်သစ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဦးခင်မောင်လတ် (ယခုနေရပ်လိပ်စာမသိသူ)၊ ချင်းပြည်နယ်၊ ဟားခါးမြို့၊ အခြေချဗျူဟာတပ်နေ မောင်မျိုးထူးထိုက် (ယခုနေရပ်လိပ်စာမသိသူ)၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ တိုက်(၇၃)၊ ကိုင်းတန်းလမ်းနေ မပြည့်ပြည့်ဖြိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးခင်မောင်ရီက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၀ရက် (၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးထွန်း)**
**ခရိုင်တရားသူကြီး**
**တမူးခရိုင်တရားရုံး**

## ရတနာပုံတက္ကသိုလ် ရှေးဟောင်းသုတေသနပညာ (၁၉၉၆-၂၀၀၂) အပထအောင် ကျောင်းသား/ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ နှိုးဆော်ဖိတ်ကြားလွှာ

ပထမအကြိမ် ရတနာပုံတက္ကသိုလ်ရှေးဟောင်းသုတေသနပညာဘာသာရပ်အဓိက (၁၉၉၆-၂၀၀၂)အပထအောင် ကျောင်းသား/ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ရတနာပုံတက္ကသိုလ်မွေ့ရုံ၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၃ ရက် တနင်္ဂနွေနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများထည့်ဝင်ကြပါရန်နှင့် ကိုယ်တိုင်တက်ရောက်ကန်တော့ကြပါရန် ခင်မင်ရင်းနှီးစွာ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်-**

| | | | |
|---|---|---|---|
| ကိုအောင်သက်ဦး-မတင်နွဲ့သူဝင်း(၂၀၀၁) | ၀၉-၂၀၃၇၄၉၀ | မနွယ်နွယ်မိုး(ခ)မထက်ထက်လင်း(၂၀၀၀) | ၀၉-၄၃၁၄၆၂၈၆ |
| ကိုစောလှိုင်ဖြိုး (၂၀၀၁) | ၀၉-၉၆၀၄၀၂၃၃၀ | မမေစုကို (၂၀၀၂) | ၀၉-၄၄၄၀၁၄၉၃၂ |
| ကိုချမ်းမြအေး (၁၉၉၇) | ၀၉-၇၉၈၉၃၆၃၂၉ | မခိုင်ဇာတင့်လွင် (၁၉၉၆) | ၀၉-၂၀၄၂၈၀၅ |
| ကိုဉာဏ်ဝင်းဖြိုး (၁၉၉၈) | ၀၉-၂၅၀၂၈၈၀၀၄ | မအိမ္မ (၁၉၉၉) | ၀၉-၅၄၀၁၃၆၃ |
| ကိုကျော်စွာ (၁၉၉၈) | ၀၉-၂၅၆၀၃၃၆၁၃ | | |

## အထက(၁) လက်ပံတန်း မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

လက်ပံတန်းမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (၁၉၈၆ - ၂၀၀၀) ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကိုအောက်ပါအစီအစဉ်တိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီး/ရပ်ဝေးမှ ဆရာကြီးဆရာမကြီးများအနေဖြင့်အပူဇော်ခံကြွရောက်ချီးမြှင့်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ (ကျောင်းသားကျောင်းသူဟောင်းများအားလုံးလည်းမပျက်မကွက်တက်ရောက်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။)

ဆက်သွယ်ရန်

| | |
|---|---|
| နေ့ရက် - ၁၅-၁၀-၂၀၁၆ (စနေနေ့) | ကိုမင်းဇော် (၁၉၈၆) - ၀၉၉၇၈၀၀၆၅၈၈ |
| အချိန် - နံနက်(၈း၀၀)နာရီ | ကိုကျော်မိုးခိုင် (၁၉၉၀) - ၀၉၅၃၁၂၂၅၄ |
| နေရာ - အထက(၁) လက်ပံတန်း | မစိုးစိုးမိုး (၁၉၉၂) - ၀၉၇၃၀၀၄၀၄၀ |
| | မအိနှင်းမာ (၁၉၉၅) - ၀၉၂၅၃၃၂၂၉၁၉ |
| | ကိုစိုးပြည့်ဝင်း(၂၀၀၀) - ၀၉၉၇၃၉၉၂၉၉၁ |

## မြင့်တက်ဘာသာစကား စာသင်ကျောင်း
## MING DE Chinese Language Learning Center

တရုတ်စာကို အခြေခံမှစ၍ တရုတ်ဖတ်စာအုပ်ဖြင့် (၉)တန်းအထိ သင်ကြားပေးပါသည်။ စကားပြောပိုင်းတွင်လည်း နေ့စဉ်သုံးနှင့် စီးပွားရေးသုံး(၂)မျိုးဖြင့်သာ သင်ကြားပေးပါသည်။ (စာသင်ကျောင်းတွင် ပညာသင်ကြားမှုပြီးဆုံးပါက နိုင်ငံခြားတွင် ဆက်လက်ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းမှကူညီဆောင်ရွက်ပေးပါသည်။)

၁-၁၀-၂၀၁၆ ရက်မှ ၁၀-၁၀-၂၀၁၆ ရက်အထိ ကျောင်းသူ/ကျောင်းသားများ စတင်လက်ခံနေပါပြီ။ **အမှတ် ၄၅၁၊ ပြည်လမ်း၊ ငါးပါးသီလသက်သတ်လွတ်ဘုရားကျောင်းအတွင်း (၄)လွှာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၄၃၁၅၇၁၈၉၊ ၀၉-၇၈၅၂၃၁၃၅၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၇၅၆၁ ဟွန်ဒါဒရင်းမ် 125 ယာဉ်လက်ဝယ်ရှိသူ ဦးသစ္စာ ၁၀/မလမ(နိုင်)၁၂၂၂၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၃၀၂ Luoji0-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ညီညီလင်း ၉/ရမသ(နိုင်)၀၈၅၁၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/6754 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၂၅၀၆၁ Zongshen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်အိအိထွေး ၉/ပသက(နိုင်)၀၉၅၇၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၈၀၇၉၂ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကံထူး ၉/ပသက(နိုင်)၀၂၆၇၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၈၇၅၆၂ Super Anbo 125 m/c ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းကိုကို ၉/မတရ(နိုင်)၁၁၈၄၃၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

Officially Supported by:
Ministry of Transport and Communications (MOTC)

Proudly Organized by:
Myanmar Computer Federation
MCF

# eGOVERNMENT CONFERENCE & ICT EXHIBITION 2016

## e-GOVERNMENT CONFERENCE & ICT EXHIBITION 2016

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နှင့် ကွန်ပျူတာအသင်းများမှ ကျင်းပပြုလုပ်သော

e-Government Conference & ICT Exhibition 2016 (Nay Pyi Taw) ကို လာရောက်လေ့လာရန် ဖိတ်ခေါ်အပ်ပါသည်။

**7 - 8 October 2016 [ Friday , Saturday ]**

**9:00 AM to 5:00 PM** **MICC - II , Nay Pyi Taw**

Platinum Sponsor : HUAWEI, OMIDYAR NETWORK – A WORLD OF POSITIVE RETURNS
Gold Sponsor : TDOC, MIT, ZTE
Silver Sponsor : MCC GROUP, ever plus

## အေးမဉ္ဇူ အိမ်ခြံမြေ

ဒဂုံမြို့သစ် (အရှေ့ပိုင်း)
မြေကွက်များ ဝယ်လိုသည်။
**ဖုန်း-၀၉-၂၆၄၁၀၆၄၇၁၊ ၀၉-၇၈၁၂၆၈၅၅၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ဃ/၄၄၁၇ (Luojia-110) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၇/ပခန(နိုင်)၀၉၄၀၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/4076 Nissan AD VFY11, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ Shwe Nyi ko Auto Mobile Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/1541 Hnin Ke Thwe L/T (HKT-02) P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဦး ၁၂/ဗတထ(နိုင်)၀၀၂၀၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၇၇)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်၊ (Pent House)နှင့် ဓာတ်လှေကားပါ (၁၄) ခန်းတွဲ အဆောက်အအုံမှ အခန်းအမှတ်(2A)အလျား ၂၁ပေ× အနံ၆၈ပေ၊ အမြင့်(၁၀)ပေအကျယ်အဝန်းရှိသော တိုက်ခန်းအား တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဇော ၁၂/ကတတ(ဧည့်)၀၀၀၇၂၆ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နွယ်နီအောင် (LL.B,LL.M, D.I.R) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၄၈)**
**ဒေါ်ခိုင်ခိုင်ထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၆၉၆၄)**
**အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈**

## ဖခင်အမည်မှန်

မိုးကုတ်မြို့၊ အထက(၁)၊တက္ကသိုလ်ဝင်တန်း(A)မှ ကျောင်းဝင်အမှတ်(က-၀၂၉၈၄) မောင်မူကေ့(စ်)၏ ဖခင်အမည်မှန်မှာ ဦးချောဘီလား ဖြစ်ပါကြောင်း။ **ဦးချောဘီလား**

## အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/5617 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5C/2872 တိုယိုတာ ကိုရိုလာ AE 101 ဆလွန်း(၄×၂)R ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းစိုင်း ၁၃/သနန(နိုင်)၀၀၃၈၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/4846 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/4309 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၆၂၆၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၃၉၃၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ဃ/၆၄၆၀၂ FEASTER 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးရီ ၁၃/မရတ(နိုင်)၀၀၄၂၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2A/9640 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

## T.T.O Pharm Company Limited — ဝန်ထမ်းအလိုရှိသည်

"We bring the best"

T.T.O Company Limited မှ ဆေးဝါးများနှင့် Marketing ပြုလုပ်ရန်အတွက် ထက်မြက်တက်ကြွ၍ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားသော ခေါင်းဆောင်ငယ်များနှင့် ဆေးကိုယ်စားလှယ်များအတွက် အောက်ပါအလုပ်နေရာများ လစ်လပ်လျက်ရှိပါသည်။

(1) **Team Leader** — ကျား/မ ၂ ဦး
Team တစ်ခုကို ဦးဆောင်ဖူးသူ(သို့)ဦးဆောင်နိုင်သည်ဟု မိမိကိုယ်ကို ယုံကြည်သူဖြစ်ရမည်။ အလုပ်အတွေ့အကြုံ ၃ နှစ် ရှိရမည်။
M.B.,B.S (သို့) B.Pharm ဘွဲ့

(2) **Medical Representative** — ကျား/မ ၁၀ ဦး
မိမိတာဝန်နှင့် အလုပ်ကိုတန်ဖိုးထား၍ အောင်မြင်မှုကိုလိုလားသော မည်သူမဆို လျှောက်ထားနိုင်ပါသည်။
M.B.,B.S (သို့) B.Pharm ဖြစ်ပါက အလုပ်အတွေ့အကြုံမလိုအပ်ပါ။
အခြားဘွဲ့ဖြစ်ပါက Medical Rep: အနေနှင့် အလုပ်အတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိသူ ဖြစ်ရပါမည်။

(3) **Accountant** — မ ၁ ဦး
ဘွဲ့ရ (B.Com/LCCI-Level 3) အောင်မြင်ပြီးသူ ဖြစ်ရမည်။ စာရင်းကိုင်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။ ကွန်ပျူတာနှင့် စာရင်း ကျွမ်းကျင်စွာ ပြုလုပ်နိုင်သူဖြစ်ရမည်။

(4) **Office Staff** — မ ၃ ဦး
ကွန်ပျူတာ Microsoft Office ကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သူ ဖြစ်ရပါမည်။ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရပါမည်။
အသက်(၂၀-၃၀)နှစ်

စိတ်ပါဝင်စားသူတိုင်း အောက်ပါလိပ်စာတွင် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
(Monday-Saturday) **ရုံးချိန်အတွင်း**
**အမှတ်-1008(A)၊ ၁၀ လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်**
**ဖုန်း-၀၁-၅၅၉၅၁၈၊ ၀၁-၅၅၂၇၂၀**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းစိန်
### အသက်(၈၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ လှျပ်စစ်စစ်ဆေးရေးမှူး ဦးဖြူဝင်း၏မိခင်ကြီး ဒေါ်သန်းစိန်သည် ၂-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မွန်ပြည်နယ်၊ လှျပ်စစ် စစ်ဆေးရေးဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြသန်း
### ကျောင်းဆရာမ(ငြိမ်း)၊ အထက(၁)သန်လျင်
### အထက(၁)၊ (၂) အပူဇော်ခံဆရာမကြီး
### အသက်(၈၀)

သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ် ၇၁နေ [ဦးတင်ထွန်းမောင်(လှျပ်စစ်ကြီးကြပ်မှုအင်ဂျင်နီယာ၊ ရေနံချက်စက်ရုံ၊ ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်း(ဥက္ကဋ္ဌ၊ ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက်)-ဒေါ်မိမိတင် (ချမ်းမြေ့မေတ္တာဆေးရုံ)တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်မြသန်းသည် ၃-၁၀-၂၀၁၆ရက် (တနင်္လာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဂေါပကအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်**
**သန်လျင်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြသန်း
### ကျောင်းဆရာမ(ငြိမ်း)၊ အထက(၁)သန်လျင်
### အထက(၁)၊ (၂) အပူဇော်ခံဆရာမကြီး
### အသက်(၈၀)

သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ် ၇၁နေ [ဦးတင်ထွန်းမောင်(လှျပ်စစ်ကြီးကြပ်မှုအင်ဂျင်နီယာ၊ ရေနံချက်စက်ရုံ၊ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်း(ဥက္ကဋ္ဌ၊ ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်)-ဒေါ်မိမိတင်(ချမ်းမြေ့မေတ္တာဆေးရုံ)တို့၏ကျေးဇူးရှင်မွေးသမိခင် ဒေါ်မြသန်းသည် ၃-၁၀-၂၀၁၆ရက် (တနင်္လာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စိန်ရွှေထိပ်တန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြသန်း (သန်လျင်မြို့)
### အသက်(၈၀)

သန်လျင်မြို့ ချမ်းမြေ့မေတ္တာဆေးရုံ၊ ဇော်ထက်ပိုင်ဆောက်လုပ်ရေးကုမ္ပဏီ ဦးဇော်ဝင်း-ဒေါ်မိမိတင်တို့၏မိခင်၊ မအိမွန်မွန်၏အဘွား ဒေါ်မြသန်းသည် ၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အစ်ကိုကြီး ဦးခင်ဝင်းနှင့် ညီအစ်ကိုမောင်နှမများ**
**အမှတ်(၁၁၃) အေးရိပ်မြိုင်၊ ဈေးကြိုဆန်တန်းရပ်**
**မော်လမြိုင်မြို့၊ မွန်ပြည်နယ်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြသန်း (သန်လျင်မြို့)
### အသက်(၈၀)

သန်လျင်မြို့ ချမ်းမြေ့မေတ္တာဆေးရုံ၊ ဇော်ထက်ပိုင်ဆောက်လုပ်ရေးကုမ္ပဏီ ဦးဇော်ဝင်း-ဒေါ်မိမိတင်တို့၏မိခင်၊ မအိမွန်မွန်၏အဘွား ဒေါ်မြသန်းသည် ၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မြင့်ရွှေနှင့် ညီအစ်ကိုမိသားစုများ**
**ရွာသစ်ကြီးကျေးရွာ၊ ဆိပ်ဖြူမြို့နယ်၊**
**မကွေးတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြသန်း
### ကျောင်းဆရာမ(ငြိမ်း)၊ အထက(၁)သန်လျင်
### အသက်(၈၀)

ဦးဇော်ဝင်း (ဥက္ကဋ္ဌ၊ ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်)-ဒေါ်မိမိတင် (ချမ်းမြေ့မေတ္တာဆေးရုံ)တို့၏မိခင် ဒေါ်မြသန်းသည် ၃-၁၀-၂၀၁၆ရက်(တနင်္လာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှအထူး ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမက သောက်တော်တွင်း**
**ဆရာမကြီးနှင့်ဆရာမများ(သန်လျင်)**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးဝင်းနိုင်
### တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ မအူပင်တက္ကသိုလ်
### အသက်(၅၈)နှစ်

ဒေါက်တာဦးဝင်းနိုင်သည် ၄-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာတင်မာရီထွန်း၊ ဒေါက်တာမြင့်မြင့်ကြည်၊**
**ဒေါက်တာခင်ကြည်ကြည်သိန်း၊ ဒေါက်တာသီတာအေး၊**
**ဒေါက်တာမျိုးသီတာ၊ ဒေါက်တာယုယုအောင်၊**
**ဒေါက်တာနီနီစိုး၊ ဒေါက်တာမြမြထွန်း၊ ဒေါက်တာလီလီမြင့်၊**
**ဒေါက်တာခင်မီမီ၊ ဒေါ်စိုးစိုးမိုး၊ ဒေါက်တာချိုချိုဦး**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
## ဒေါ်မြမြ (မော်လမြိုင်မြို့)
### အသက်(၈၇)နှစ်

ဗိုလ်မှူးချုပ်ကျော်ဖုံမြင့်(ငြိမ်း)-ဒေါ်ခင်ရဲမွန်တို့၏မိခင်ကြီး ဒေါ်မြမြ အသက်(၈၇)နှစ်သည် ၃-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုနိုင်လင်းထွန်း (နေပြည်တော်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့်
### အသက်(၈၁)နှစ်

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အချိန်ပိုင်း အလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဦးစီးမှူး(ပထမတန်း) ဦးမျိုးမင်းနောင်၏မိခင် ဒေါ်ခင်မြင့် အသက်(၈၁)နှစ်သည် ၄-၁၀-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၇း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အချိန်ပြည့်အမှုဆောင်အဖွဲ့နှင့်ဝန်ထမ်းများ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြသန်း
### ကျောင်းဆရာမ(ငြိမ်း)၊ အထက(၁)သန်လျင်
### အထက(၁)၊ (၂) အပူဇော်ခံဆရာမကြီး
### အသက်(၈၀)

သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ် ၇၁နေ [ဦးတင်ထွန်းမောင်(လှျပ်စစ်ကြီးကြပ်မှုအင်ဂျင်နီယာ၊ ရေနံချက်စက်ရုံ၊ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်း(ဥက္ကဋ္ဌ၊ ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်)-ဒေါ်မိမိတင်(ချမ်းမြေ့မေတ္တာဆေးရုံ)တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်မြသန်းသည် ၃-၁၀-၂၀၁၆ရက် (တနင်္လာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စု**
**ကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်ငွေ (မြိတ်)
### နတ်မြင်းပျံစက်အပိုပစ္စည်းဆိုင်
### အသက်(၇၈)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၆၈/၁၇၀နေ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ဒါရိုက်တာ ဦးဝင်းဇော်-ဒေါ်မြင့်မြင့်အေးတို့၏မိခင်သည် ၂-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝွတ်ဘရားသားကုမ္ပဏီလီမိတက်**
**ရော်ဘာခြံမိသားစု၊ ပုသိမ်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးလင်းဇော်ဦး
## ကြည်း-၃၄၀၃၇၊ ယာယီတပ်ရင်းမှူး

ညီလေး ဗိုလ်မှူးလင်းဇော်ဦး (ယာယီတပ်ရင်းမှူး)သည် ၂-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်မှူးကြီးရဲမင်းအောင်-ဒေါ်စုစန္ဒာအောင်**
**စစ်ရေးချုပ်ရုံး၊ နေပြည်တော်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ယာယီတပ်ရင်းမှူး ဗိုလ်မှူးလင်းဇော်ဦး
### (ကပ/ကြည်း-၃၄၀၃၇)၊ တေဇ(၂၈)
### အသက်(၃၆)နှစ်

ကောင်းကင်က ကြယ်တစ်ပွင့် ကြွေလင့်လို့သွားခဲ့ပြီ ရဲဇာနည်အောင်စစ်သည်မို့ နမြောမိသည်။ တစ်နေ့သော်သည် ခရီးနီးကြပြီမှန်သော်လည်း သားမောင်ရယ် စောစွာထွက်တော့ ဝမ်းနည်းမိသည်။ မယုံရဲ ရင်ထဲဝယ် ဖြေမဆည်လို့ သည်မိသားစုနဲ့ထပ်တူ ဝမ်းနည်းကြေကွဲပူးဆွေးမိသည်။ ရောက်ရာဘဝဘုံဌာနမှာ ကောင်းစွာခံစားစံစားနိုင်စေ၊ ပေးဝေအမျှ ကုသိုလ်ရစေ သားမောင်ရေ။

**ပညာရေးမိသားစု**
**အထက(၂)လသာ**

## ဦးအောင်မင်း
### (မော်ဝန်း-ကျောက်တန်း)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊အေးသိဒ္ဓိ ၂လမ်း၊အမှတ် ၄၆နေ ဒေါ်အုန်းပိုင်၏ခင်ပွန်း၊ မောင်တင်ထွန်းအောင် - မလွင်လွင်ကျော်၊ မောင်ဇော်ထွန်းအောင် - မညိုညိုမြင့်၊ မောင်တင်မျိုးအောင် - မတင်တင်ထိုက်၊ ကပ္ပတိန်ဝေဖြိုးအောင်(Ocean Tanker Shipping) - မခင်မြတ်သူတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၄-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၆ ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမ
## ဒေါ်လှလှသန်း
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ စောရန်ပိုင်လမ်း၊ အမှတ် ၅၁နေ (ဦးချစ်ဖေ-ဒေါ်တင်ကြည်)တို့၏သမီး၊ ဒေါ်ကြည်ကြည်မြင့်၊ ဦးစိုးဝင်း-ဒေါ်မြမြသွင်၊ (ဦးအုန်းကြွယ်)-ဒေါ်စမ်းစမ်းမြင့်၊ ဦးငွေလင်း-ဒေါ်မြင့်မြင့်ဝင်းတို့၏ညီမ၊ (ဦးကျော်လွင်)-ဒေါ်ဖြူဖြူအေး၊ ဦးထွန်းဝင်း-(ဒေါ်ခိုင်ခိုင်ထွန်း)၊ ဒေါ်ငွေငွေဝင်းတို့၏အစ်မ၊ ဦးရဲလှမြတ်[ညွှန်ကြားရေးမှူး(ငြိမ်း)၊ပြည်သူ့လွှတ်တော်ရုံး]၏ဇနီး၊ မအေးမြသီတာ၏မိခင်သည် ၄-၁၀-၂၀၁၆ရက် ည ၇း၂၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်အေး
### ဦးစီးအရာရှိ၊ ဇလဗေဒဌာနခွဲ
### ဆည်မြောင်းနှင့်ရေအသုံးချမှု
### စီမံခန့်ခွဲရေးဦးစီးဌာန
### B.E (Civil) (၁၉၈၆)ခုနှစ်
### အသက်(၅၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ကျေးရွာနေ (ဦးချစ်ရှင်-ဒေါ်ချစ်လှ)တို့၏သား၊ (ဦးစိန်လွင် - ဒေါ်ခင်နု)တို့၏ သားသမက်၊ (ဒေါ်အို)၊ (ဒေါ်ချို)တို့၏မောင်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၈)ရပ်ကွက်၊မဟာဆိုရှယ်လမ်း၊အမှတ်(၃၅)နေ ဒေါ်ခင်ပို့ပို့လွင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲဝင့်ကျော်(M.M.M.C CD-37,CE-35)၏ဖခင်၊ ဦးကြည်လွင်-ဒေါ်တင်တင်သန်း(အလိမ္မာစာပေ)၊ ဦးငွေအောင်-ဒေါက်တာချိုချိုလွင် (ပါမောက္ခ၊ မေ့ဆေးအထူးကုဆရာဝန်ကြီး၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံ)၊ ဦးထိန်လင်း-ဒေါ်ခင်မို့မို့လွင် (အလိမ္မာစာပေ)တို့၏မောင်၊ ဦးမောင်မောင်လွင် - ဒေါ်မွန်မွန်လှိုင် (အလိမ္မာစာပေ)တို့၏ အစ်ကိုသည် ၅-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၆ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကိုခင်ညွန့်
### (TZ Farming Co.,Ltd)
### တောင်ကုတ်မြို့နယ်(ခရိုင်ကျေးရွာ)
### အသက်(၃၃)နှစ်

ဦးအေးညွန့် - ဒေါ်ကျန်တင်တို့၏သား၊ ဦးတင်မြင့်-ဒေါ်အောင်ကျော့၊ ဦးတင်မြင့် - ဒေါ်ခင်သန်းနုတို့၏ညီ၊ ဒေါ်ညွန့်ရီ၊ ဒေါ်မိုးညွန့်စိန်၊ ဒေါ်မိုးညွန့်မေတို့၏မောင်၊ မလှမိုး၊ ကိုခင်ထွေး၊ ကိုမြင့်ထွေးတို့၏အစ်ကိုသည် ၄-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁၀-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [မရမ်းကုန်းမြို့နယ်၊(၅)ရပ်ကွက်၊အမှတ်(ခ-၂)၊ ဘုရင့်နောင်လမ်း၊ ကျောက်ရေတွင်းမှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဝဏ္ဏ မဟာထေရ် (ဂန္ထဝါစကပဏ္ဍိတ)
### သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ သဲကုန်းကြီးကျေးရွာနေ ခမည်းတော် ဦးစစ်-မယ်တော် ဒေါ်စောရှင် တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၅-ရပ်ကွက်၊ အမှတ် (၂)ဝိုင်း၊ ဓမ္မသိပ္ပံစာသင်တိုက်၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တဝဏ္ဏမဟာထေရ် အရှင်သူမြတ်သည် (၁၃၇၈ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ရက်) ၃-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၀၀း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ရက်) ၇-၁၀-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကို ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) အန္တိမအဂ္ဂိစျာပနကျင်းပရေးကော်မတီ၊ဓမ္မသိပ္ပံစာသင်တိုက်

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဓမ္မသီရိ မဟာထေရ်
### သက်တော်(၇၀)၊ သိက္ခာတော်(၅၀)

ရွှေတိဂုံအနောက်ဘက်မုခ် မိုးညှင်းစံကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မသီရိ အရှင်သူမြတ်သည် (၁၃၇၈ခုနှစ် သီတင်းကျွတ်လဆန်း ၄ရက်) ၅-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၈ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက်) ၉-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ရွှေတိဂုံအနောက်ဘက်မုခ် အောက်ပစ္စယံ မိုးညှင်းစံကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အန္တိမအဂ္ဂိစျာပန ကျင်းပရေးကော်မတီ
ရွှေတိဂုံအနောက်ဘက်မုခ် မိုးညှင်းစံကျောင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသောင်းထွန်း (ဇလွန်)
### အသက်(၉၂)နှစ်

ဇလွန်မြို့နေ (ဦးဖိုးဆောင်း-ဒေါ်ညွန့်)တို့၏သား၊ အောင်လံမြို့နေ (ဦးကြူလှိုင်-ဒေါ်ထူး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၁၀၃၂နေ ဒေါ်ခင်လှ၏ခင်ပွန်း၊ ဦးရန်မျိုးအောင်၊ ဒေါ်တင်နွယ်နွယ်ဝင်းတို့၏ဖခင်၊ မယဉ်နွယ်ထွန်း၊ မောင်သံလွင်ဟိန်းတို့၏အဘိုးသည် ၄-၁၀-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာဦးထွန်းမြင့်
### စဝ်စံထွန်းဆေးရုံအုပ်ကြီး(ငြိမ်း)၊ တောင်ကြီးမြို့
### အသက်(၈၆)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ် ၁၅၉နေ (ဦးထွန်းမြတ်-ဒေါ်အေး၊ သီပေါမြို့)တို့၏သား၊ (ဦးဘိုးနှစ်-ဒေါ်ရွှေညွန့်၊ တောင်ကြီးမြို့)တို့၏သားသမက်၊ (ဗိုလ်ကြီးကျော်မြင့်)-ဒေါ်ညွန့်လှိုင်၊ သီပေါမြို့တို့၏ညီ/မောင်၊ ဒေါ်စန်းစန်းမြ(ခ)ဒေါ်နန်းနွတ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းလွင်အောင်(တရားလွှတ်တော်ရှေ့နေ)-ဒေါက်တာခင်နန်းမြင့်(ပါမောက္ခ၊ သတ္တဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးစိုင်းချိုမြင့်(ကုန်သည်)-ဒေါ်အမာစိန်(Royal Pre School၊ တောင်ကြီးမြို့)၊ ဒေါ်ကော်ကော်မြင့်(လက်ထောက်ညွှန်ကြားရေးမှူး၊ ကညန၊ တောင်ကြီးမြို့)တို့၏ဖခင်၊ တူ/တူမ ငါးယောက်တို့၏ဦးလေး၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၃၀-၉-၂၀၁၆ရက် (သောကြာနေ့) ညနေ ၅း၀၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှဖြူ အသက်(၇၄)နှစ်
### သူနာပြုဆရာမ(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသိဒ္ဓိလမ်း၊ အမှတ် ၄၄၅နေ(ဦးဖိုးသီ-ဒေါ်စိန်ရွှန်း)တို့၏သမီး၊ ဦးတင်မောင်၊ ဦးထွန်းကြောင်(ကမာဝက်ရွာ)တို့၏ညီမ၊ (ဦးသန်းအေး) ပြည်နယ်အထွေထွေမန်နေဂျာ(စား/ဖျော်၊ ငြိမ်း)၏ဇနီး၊ ဦးစိုးလွင်-ဒေါ်ယဉ်ယဉ်အေး၊ ဦးကျော်လှိုင်အေး-ဒေါ်ခင်နွယ်ဝင်း၊ ဦးနေအောင်-ဒေါ်မြမျိုးအေးတို့၏မိခင်၊ မောင်သီဟစိုးလွင်၊ မနှင်းဦးဝေ၊ မနိုးနိုး၊ မကြယ်စင်လင်းလက်တို့၏အဘွားသည် ၄-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၀-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းတင်
### အောက်မြန်မာပြည် သီတဂူသာသနာပြုအဖွဲ့ဝင်
### ဥက္ကဋ္ဌ၊ ဝေဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
### အသက်(၇၂)နှစ်

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်၊အောင်ဇေယျ(၁)လမ်း၊ အမှတ် ၁၇/၁၉နေ (ဦးစိန်ထွန်း-ဒေါ်လုံးတင်)တို့၏သား၊ (ဦးစံသိန်း-ဒေါ်မြစိန်)တို့၏ သားသမက်၊ ဒေါ်စန်းကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင်အေး(အုပ်ချုပ်မှုဒါရိုက်တာ၊ ဝေဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၏အစ်ကို၊ ဦးလှဝင်း-ဒေါ်စန်းစန်းမြင့်၊ ဦးခင်မောင်ရင်-ဒေါ်မြမြဝင်း၊ ဦးဝင်းထွဋ်အောင်-ဒေါ်သွယ်သွယ်ဝင်း၊ ဦးမျိုးထွဋ်အောင်-ဒေါ်စန္ဒာမိုး၊ ဦးဇော်ထွဋ်အောင်-ဒေါ်စုန္ဒာအောင်(Australia)၊ ဦးမျိုးသန့်-ဒေါ်စိမ်းစိမ်းထွေး၊ ဦးရဲထွဋ်အောင်-ဒေါ်ဇာဇာဝင်းထွဋ်တို့၏ဖခင်၊ မြေး ၁၉ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၅-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# အနာဂတ်တွင် ကြုံတွေ့ရမည့် ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဓာတ်အားထုတ်ယူနိုင်မည့် အရင်းအမြစ်များကိုအခြေခံ၍ စီမံချက်ရေးဆွဲ ဆောင်ရွက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဘီလူးချောင်း အမှတ်(၃)စက်ရုံအတွင်း ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၅**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်သို့ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၇ နာရီတွင် လွိုင်ကော်မြို့နယ်ရှိ ဘီလူးချောင်းအမှတ်(၂)နှင့် အမှတ်(၃) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်စက်ရုံ၏ ပင်မရှင်းလင်းဆောင်၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူးဦးခင်မောင်လေးက ဘီလူးချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ၏ စက်တပ်ဆင်အင်အား၊ ဓာတ်အားထုတ်ယူနိုင်မှု၊ ဓာတ်အားဖြန့်ဖြူးပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

## နာဂဒေသ၌ တပ်မတော်ဆေးအဖွဲ့ ဆေးဝါးကုသမှုများ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ဂဝေါ ကျေးရွာအုပ်စု ဒဂါးကျေးရွာ၌ ကလေးငယ်များ၏ ခန္ဓာကိုယ်တွင် အပူဖုများ ပေါက်ကာ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်းနှင့် ဖျားနာခြင်းများ ဖြစ်ပွားခဲ့ရာ လူကြီးများကိုပါ ကူးစက်ခဲ့သောကြောင့် စုစုပေါင်း ၃၀၀ ခန့် ရောဂါဖြစ်ပွားခဲ့ပြီး လူကြီးသုံးဦး၊ ကလေးနှစ်ဦး သေဆုံးခဲ့ကြောင်း ကျေးရွာနေပြည်သူတစ်ဦးက နန်းယွန်းပြည်သူ့ဆေးရုံသို့ စက်တင်ဘာ ၂၉ ရက်က အသိပေးအကြောင်းကြားခဲ့သည်။

အဆိုပါရောဂါဖြစ်ပွားခဲ့သည့်ကျေးရွာသို့ နန်းယွန်းပြည်သူ့ဆေးရုံမှ ဒေါက်တာအောင်ကိုလတ် ဦးဆောင်သော ဆရာဝန်များအဖွဲ့သည် စက်တင်ဘာ ၃၀ ရက်က လည်းကောင်း၊ ဒေါက်တာသော်ဇင်ထွန်း ဦးဆောင်သော ဆရာဝန်များအဖွဲ့သည် အောက်တိုဘာ ၁ ရက်က လည်းကောင်း သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ *စာမျက်နှာ ၁၄ ကော်လံ ၁* ❍

## ပန်းတောင်းမြို့ ဒီးဒုတ်ချောင်းတံတားအနီး မြေထိန်းနံရံပြုပြင်

**ပန်းတောင်း အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် စည်သာရပ်ကွက် ဒီးဒုတ်ချောင်းတံတားအနီး မိုင်တိုင်အမှတ်(၁၇/၇)နေရာ၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျလျက်ရှိရာ ခရီးသွားပြည်သူများသွားလာရေးတွင် အန္တရာယ်ရှိနိုင်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပန်းတောင်းမြို့နယ် လမ်းဦးစီးဌာနမှ



တာဝန်ရှိသူများက အဆိုပါ ဒီးဒုတ်ချောင်းတံတားချဉ်းကပ်လမ်း မြေထိန်းနံရံတည်ဆောက်ခြင်း လုပ်ငန်းကို စက်တင်ဘာလအတွင်းမှစ၍ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းပြိုကျခဲ့သော မြေထိန်းနံရံမှာ အလျား ၂၄ ပေနှင့် အမြင့် ၁၅ ပေခန့်ရှိပြီး ပြုပြင်ရာတွင် လက်ရှိပြိုကျသောနေရာမှ ၁၅ ပေအကျယ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

